# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက်    ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်၊ တနင်္လာနေ့    အတွဲ (၆၂)၊ အမှတ် (၀၈၇)

**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်။

# ရုံးပိတ်ရက်တွင် ပုဂံယဉ်ကျေးမှုနယ်မြေသို့ ခရီးသွားလာရောက်မှု များပြား

ညောင်ဦး ဒီဇင်ဘာ ၂၅

ဒီဇင်ဘာခရစ္စမတ်ရုံးပိတ်ရက်ကာလအတွင်း ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အထင်ကရသမိုင်းဝင် ဘုရား၊ ပုထိုး၊ သာသနိက အဆောက်အအုံများတွင် ပြည်တွင်းဘုရားဖူးဧည့်သည်များ အလွန်များပြားစွာ လာရောက်လျက်ရှိကြောင်း လောကနန္ဒာစွယ်တော်မြတ်စေတီ ဂေါပကအတွင်းရေးမှူး ဦးထင်လင်းဦးက ပြောကြားသည်။

ဒီဇင်ဘာခရစ္စမတ်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်အတွင်း သမိုင်းဝင်စေတီပုထိုးများဖြစ်သည့် ပုဂံ-ညောင်ဦးဘက်ခြမ်းရှိ စွယ်တော်သုံးဆူ၊ ရွှေဝတီမြစ်တစ်ဖက်ကမ်းရှိ ပခုက္ကူမြို့နယ် တန့်ကြည်တောင်စွယ်တော်မြတ်စေတီ၊ မဟာဌက်ပစ်တောင်စေတီ၊ ထီးလိုမင်းလိုဘုရား၊ အာနန္ဒာဘုရား၊ မဟာဗောဓိဘုရား၊ ဗူးဘုရား၊ ကန်တော့ပလ္လင်ဘုရား၊ ခေမင်္ဂဘုရားဝင်း၊ သကြားပုန်းဘုရား၊ ရွှေလိပ်တူးဘုရား၊ သဗ္ဗညုဘုရား၊ ငကျွဲနားဋ္ဌေဝင်းဘုရား၊ ပုထိုးသားများဘုရား၊ ဆင်များရှင်ဘုရား၊ မနုဟာဘုရား ၊ ဓမ္မရာဇကဘုရား၊ရှင်အဇ္ဇဂေါဏဘုရား၊ ဓမ္မရံကြီးနှင့်စူဠာမဏိဘုရားများတွင် လာရောက်လည်ပတ်သည့် ပြည်တွင်းခရီးသွားဘုရားဖူးဧည့်သည် များပြားလျက်ရှိကြောင်း သိရသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❂



**ယနေ့ ဖတ် စ ရာ**

**ပြောင်းလဲတိုးတက်နိုင်သူတို့အတွက် အချိန်တိုင်းသည် နှစ်သစ်**
ဆောင်းပါး | စာ ၁၀

**အာဖဂန်အမျိုးသမီးအလုပ်သမားများ အလုပ်လုပ်မှုရပ်ဆိုင်းရန် အစိုးရမဟုတ်သောအဖွဲ့အစည်းများကို တာလီဘန်အမိန့်ပေး**
နိုင်ငံတကာသတင်း | စာ ၁၃

**ရိုးရာဓလေ့ကို ဖော်ကျူးသည့် အနေဖြင့် နွားလှည်းတန်းချီ၍ ရွှေစက်တော် ဘုရားဖူးထွက်မည်**
ပြည်တွင်းသတင်း | စာ ၂၅



## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာငွေကျပ် ၄၃၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဒီဇင်ဘာ ၂၅

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ် ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။ *စာမျက်နှာ ၄ ကော်လံ ၄* ❖

## ထူးခြားသည့် ညအပူချိန်များ

၂၅-၁၂-၂၀၂၂

| | | |
|---|---|---|
| ဟားခါးမြို့ | ၁ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | ၅ | ဒီဂရီစင်တီဂရိတ် |
| တီးတိန်မြို့ | ၅ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၆ | ဒီဂရီစင်တီဂရိတ် |

# လူငယ်ဘဝ စာပေဖတ်ရှုခြင်းအစ

လူငယ်များ စာပေနှင့်ရင်းနှီးလာစေရေး၊ စာဖတ်ခြင်းကို စိတ်ပါဝင်စားလာစေရေးတို့အတွက် နှိုးဆော်သည့်အနေဖြင့် စာပေဆိုင်ရာ ပွဲတော်များ၊ ပြပွဲများကို ကျင်းပပေးလျက်ရှိသည်။ ကလေး၊ လူငယ်၊ လူကြီး မည်သည့်အရွယ်ပင်ဖြစ်စေ စာဖတ်သူက စာမဖတ်သူထက် လူရည်လူသွေး ပို၍သာသည်။ လူငယ်များ စာဖတ်ရန် လူကြီးများ အထူးသဖြင့် မိဘများက ပျိုးထောင်ပေးခြင်းဖြင့် ပိုမိုထိရောက်အောင်မြင်နိုင်သည်။ စာဖတ်ဝါသနာပါသူ အမိအဖတို့၏ ရင်သွေးသားသမီးများက မိလိုက်ဖပါသဘောဖြင့် စာဖတ်ဝါသနာပါသူများ ဖြစ်လေ့ရှိကြသည်ကိုလည်း တွေ့ရသည်။

ကမ္ဘာ့တီထွင်သူများ သမိုင်းတွင် နာမည်အကျော်ကြားဆုံးဖြစ်သူ သောမတ်စ်အက်ဒီဆင် (၁၈၄၇–၁၉၃၁) သည် ငယ်စဉ်က ရောဂါကြောင့် ကျောင်းတွင် စာသင်ကြား၍မရဘဲ ဉာဏ်အထိုင်းဆုံးကျောင်းသားအဖြစ် သတ်မှတ်ခံခဲ့ရပြီး ကျောင်းထွက်ခဲ့ရသည်။ မိခင်ဖြစ်သူက အိမ်မှာပင် စာသင်ပေးခဲ့ပြီး ဖခင်ကလည်း စာပေများဖတ်ရှုရန် တိုက်တွန်းအားပေးခဲ့ရာ စာဖတ်ခြင်းက အက်ဒီဆင်၏ အနှစ်သက်ဆုံးဝါသနာဖြစ်လာသည်။ အသက် ၁၂ နှစ်အရွယ်တွင် ရထားပေါ်၌ ဈေးရောင်းခဲ့ရပြီး ရထားရပ်နားချိန်တိုင်းတွင် စာကြည့်တိုက်သို့သွား၍ စာကိုသဲကြီးမဲကြီးဖတ်ရှုကာ စာပေမှရခဲ့သော အသိပညာဗဟုသုတများကို လက်တွေ့အသုံးချ လေ့လာစူးစမ်းခြင်း၊ အကောင်အထည်ဖော် တီထွင်ခြင်းဖြင့် လူသားတို့အတွက် အရေးပါသည့် တီထွင်မှုပေါင်းများစွာကို ပြုလုပ်နိုင်ခဲ့သည်။ အကယ်၍သာ အက်ဒီဆင်သည် ကျောင်းမှထွက်ခဲ့ရပြီးသည့်နောက် စာပေသင်ကြားခွင့်လည်းမရ၊ စာပေဖတ်ရှုခြင်းလည်း မပြုနိုင်ခဲ့ပါက ကမ္ဘာကျော်တီထွင်မှုပညာရှင်ကြီးလည်း ဖြစ်လာမည်မဟုတ်ဟု ဆိုနိုင်သည်။

စာပေဖတ်ရှုရာတွင် ဗဟုသုတ ပြည့်စုံကြွယ်ဝခြင်း၊ တွေးခေါ်မြော်မြင်တတ်လာခြင်း၊ စဉ်းစားဆုံးဖြတ်မှုများကို တည်ငြိမ်မှန်ကန်စွာပြုလုပ်နိုင်ခြင်း၊ အမှားအမှန် အကောင်းအဆိုးတို့ကို ခွဲခြားတတ်လာခြင်း စသည့်အရည်အသွေးများကို ရရှိလာမည်ဖြစ်သည့်အပြင် ခန္ဓာကိုယ်၏စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးတို့ကို ကောင်းမွန်လာစေသည်။ စာဖတ်သည့်အခါ ဦးနှောက်တွင်ရှိနေသည့် မတူညီသော အစိတ်အပိုင်းများအကြား ဆက်သွယ်အလုပ်လုပ်ကြရခြင်းကြောင့် ဦးနှောက်၏ စွမ်းဆောင်ရည်ကို ပိုမိုမြင့်တက်လာစေသည်။ ခန္ဓာကိုယ်ရှိကြွက်သားများ လေ့ကျင့်ခန်းလုပ်ရသည့်အခါ သန်မာလာစေသကဲ့သို့ပင် ဖြစ်သည်။ ထို့အပြင် စိတ်ဖိစီးမှုများကို ရင်ဆိုင်နေရသည့်အခါတွင်လည်း စာဖတ်ခြင်းအားဖြင့် စိတ်ဖိစီးမှုများကို လျော့ကျစေနိုင်သည်။ စာဖတ်ခြင်း အလေ့အကျင့်ဖြင့် ဦးနှောက်၏လုပ်ငန်းဆောင်တာဖြစ်သော အာရုံစူးစိုက်မှုကို အားကောင်းစေပြီး နှစ်ခြိုက်စွာအိပ်ပျော်စေနိုင်သော အကျိုးကျေးဇူးများကိုလည်း ရရှိစေနိုင်သည်။

တိုးတက်သောလူမျိုးသည် စာဖတ်၍ စာဖတ်သောလူမျိုးသည် တိုးတက်ကြသည်ဟူသော အဆိုအတိုင်း စာဖတ်ခြင်းဖြင့် မိမိကိုယ်ကိုယ် တိုးတက်စေရန်၊ မိမိလူမျိုးတိုးတက်စေရန် ကြိုးပမ်းကြစေလိုသည်။ သုတစာပေဖြစ်စေ၊ ရသစာပေဖြစ်စေ မိမိစိတ်ဝင်စားရာစာပေကို နေ့စဉ် စာမျက်နှာအနည်းငယ်မှစ၍ အလေ့အကျင့်ပြု ဖတ်ရှုခြင်းမှ စာဖတ်နှုန်းကို မြှင့်တင်သွားကြရန် ဖြစ်သည်။ တစ်စက်တစ်စက်ကျသော ရေသည် အချိန်ကြာမြင့်သည့်အခါ အိုးကိုပြည့်စေသကဲ့သို့ ဦးနှောက်၏အာဟာရဖြစ်သော စာပေဖတ်ရှုခြင်းကို လူငယ်ဘဝမှစတင်ကာ ပျိုးထောင်သွားကြပါစေလိုကြောင်း။ ။

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန် ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး "ရှေ့သို့ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြု ပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရေး။

## အသိပေးနှိုးဆော်ချက်

(၇၅) နှစ်မြောက်၊ စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားကို ၂–၁–၂၀၂၃ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း အခမ်းအနားနှင့် ၄–၁–၂၀၂၃ ရက်နေ့ ဝ၄:၂၀ အချိန်တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်ဘက်သို့ မောင်းနှင်လာသော ယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသော ယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ပြောင်းလဲမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

## မဲစာရင်းများပြည့်စုံမှန်ကန်ရေး၊ အခြေခံလူဦးရေစာရင်းမှ စာရင်းထပ်နေမှုများအား Cross Check စနစ်ဖြင့် စိစစ်သန့်စင်ခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**လပွတ္တာ ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်အတွင်းရှိ မဲစာရင်းများပြည့်စုံမှန်ကန်ရေး၊ အခြေခံလူဦးရေစာရင်းမှ စာရင်းထပ်နေမှုများအား Cross Check စနစ်ဖြင့် စိစစ်သန့်စင်ခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်း ရှင်းလင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၂ ရက်က လပွတ္တာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်း၊ တိုင်းဒေသကြီး ရွေးကောက်ပွဲအရာရှိ၊ ခရိုင်/မြို့နယ်အဆင့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ရွေးကောက်ပွဲအရာရှိများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးစီးမှူးများ၊ လပွတ္တာမြို့နယ်၊ မြို့ပေါ်ရပ်ကွက် (၁၄)ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်စာရေးများ တက်ရောက်ကြသည်။

ထို့နောက် အခမ်းအနားတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးသန်းထွန်းက အမှာစကားပြောကြားပြီး အခမ်းအနား တက်ရောက်လာသည့် ဌာနအသီးသီးမှ တာဝန်ခံအရာရှိများက အထွေထွေဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)




## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။ **မိုး/ဇလ**

# စစ်တက္ကသိုလ်ဗိုလ်လောင်းအမှတ်စဉ်(၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉)ကျောင်းဆင်းအရာရှိများ၏ ဆဋ္ဌမအကြိမ်အာစရိယပူဇော်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

စစ်တက္ကသိုလ် ဗိုလ်လောင်း အမှတ်စဉ် (၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉) ကျောင်းဆင်းအရာရှိများ၏ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန် တိုင်းစစ်ဌာနချုပ် ကုန်းမြင့်သာရှိ အနော်ရထာခန်းမ၌ ကျင်းပရာ စစ်တက္ကသိုလ် ဗိုလ်လောင်းအမှတ်စဉ် (၁၅) မှ (၁၉) အထိ ကျောင်းဆင်းအရာရှိများနှင့် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ကြသည်။(ယာပုံ)

**ကန်တော့ပန်းဆင်စာလွှာ**

အစီအစဉ်အရ စစ်တက္ကသိုလ် ဗိုလ်လောင်း အမှတ်စဉ် (၁၅) မှ (၁၉)အထိ ကျောင်းဆင်းအရာရှိများ၏ကိုယ်စား အမှတ်စဉ်(၁၉) မှ ကျောင်းဆင်းအရာရှိတစ်ဦးက အာစရိယပူဇော်ပွဲ ကျင်းပခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် စစ်တက္ကသိုလ် ဗိုလ်လောင်းအမှတ်စဉ် (၁၅) မှ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေမှ ပေးပို့သည့် ကန်တော့ပန်းဆင် စာလွှာအား အမှတ်စဉ် (၁၅) မှ ကျောင်းဆင်းအရာရှိ တစ်ဦးက ဖတ်ကြားပြီး စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၉)မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ပေးပို့သည့် ကန်တော့ပန်းဆင် စာလွှာအား အမှတ်စဉ် (၁၉)မှ ကျောင်းဆင်း အရာရှိတစ်ဦးက ဖတ်ကြားသည်။

**ကန်တော့ပစ္စည်းများပေးအပ်**

ဆက်လက်၍ စစ်တက္ကသိုလ် တွင် ပညာသင်ကြားပြသပေးခဲ့ကြသော ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ဗိုလ်လောင်း သင်တန်း အမှတ်စဉ်(၁၅)မှ(၁၉) အထိ ကျောင်းဆင်းအရာရှိများက ကန်တော့ချီးဖြင့် ကန်တော့ကြပြီးနောက် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာကြီး တစ်ဦးက ဩဝါဒစကား ပြောကြားကာကျောင်းဆင်းအရာရှိများက ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ ပစ္စည်းများ ပေးအပ်ကြသည်။



**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ယင်းနောက် အာစရိယ ပူဇော်ပွဲအတွက် လှူဒါန်းကြသော စစ်တက္ကသိုလ် ဗိုလ်လောင်း အမှတ်စဉ် (၁၅) မှ (၁၉)အထိ ကျောင်းဆင်း အရာရှိများနှင့် အလှူရှင်များအား အာစရိယ ပူဇော်ပွဲ ကျင်းပရေးကော်မတီ တာဝန်ရှိသူများက ဂုဏ်ပြု မှတ်တမ်းလွှာများ ပေးအပ်ကြပြီး ကန်တောခံ ဆရာကြီး၊ ဆရာမကြီး များနှင့်အတူ ကျောင်းဆင်းအရာရှိ များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ခဲ့ကြကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ (၂၁)ကြိမ်မြောက် တိရစ္ဆာန်ဆေးကုဆရာဝန်မှတ်ပုံတင်လက်မှတ်အပ်နှင်း

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ (၂၁)ကြိမ် မြောက် တိရစ္ဆာန်ဆေးကု ဆရာဝန် မှတ်ပုံတင် လက်မှတ်အပ်နှင်းခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော် ရေဆင်းမွေးမြူရေး ဆိုင်ရာ ဆေးတက္ကသိုလ် ရွှေရတုဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ ခေတ္တ ဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၊ ဒုတိယညွှန်ကြားရေးမှူး ချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဘွဲ့ရကျောင်းသား ကျောင်းသူများနှင့် ကျောင်းသား ကျောင်းသူ မိဘ များ စုံညီစွာတက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက မွေးမြူရေးဆိုင်ရာ ဆေး တက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် မွေးမြူရေး နှင့် ကုသရေးပညာရှင်များသည် နိုင်ငံတော် တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အခြေခံအကျဆုံး လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုး တိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ စားနပ် ရိက္ခာဖူလုံရေးနှင့် အစားအစာ ဘေးအန္တရာယ် ကင်းရှင်းရေး၊ တစ်ခုတည်းသော ကျန်းမာရေး(One Health)ကို အထောက်အပံ့ဖြစ်စေသည့် တိရစ္ဆာန် ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကျန်းမာရေး များ ပိုမိုကောင်းမွန်လာစေရန် လုပ်ဆောင်ပေးခြင်း လုပ်ငန်းများ၌ ခေါင်းဆောင်မှုနေရာက ပါဝင်ကြ ရမည့် သူများဖြစ်သည့်အတွက် ဘွဲ့ရမောင်မယ်များ အားလုံး နိုင်ငံနှင့် လူမျိုးအတွက် အားကိုးအားထား ပြုထိုက်သော ကျင့်ဝတ်လိုက်နာသည့် မွေးမြူရေးနှင့် ကုသရေး ပညာရှင်များဖြစ်ရန် ကြိုးစားဆောင်ရွက် ကြစေလိုကြောင်း မှာကြားသည်။





ဆက်လက်၍ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာ ကောင်စီ ခေတ္တဥက္ကဋ္ဌ ဒေါက်တာခင်ဇော်နှင့် ကောင်စီဝင်များက တိရစ္ဆာန်ဆေးကု ဆရာဝန် မှတ်ပုံ တင်လက်မှတ်များကို အပ်နှင်းပြီး မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီခေတ္တဥက္ကဋ္ဌက မိန့်ခွန်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မွေးမြူရေး ဆိုင်ရာဆေးတက္ကသိုလ် အစည်းအဝေးခန်းမတွင် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ ခေတ္တဥက္ကဋ္ဌ နှင့် ကောင်စီဝင်များနှင့်တွေ့ဆုံ၍ ယနေ့ခေတ်တွင် ဆေးယဉ်ပါးမှုပြဿနာသည် လူအပါအဝင် သက်ရှိ သတ္တဝါများအတွက် အလွန်အရေးကြီးသော ပြဿနာတစ်ခုဖြစ်လာသောကြောင့် လယ်ယာ သားငါးထုတ်ကုန်များ ထုတ်လုပ်ရာတွင် ပဋိဇီဝ ဆေးဓာတ်ကြွင်းများ ပါဝင်မှုကို နိုင်ငံတကာ စံချိန် စံညွှန်းများနှင့် ကိုက်ညီရေးကို သတိမူဆောင်ရွက်ရ မည့် ဖြစ်သည့်အတွက် မြန်မာနိုင်ငံ တိရစ္ဆာန် ဆေးပညာကောင်စီအနေဖြင့် ဥပဒေစည်းမျဉ်း စည်းကမ်းများကို ခေတ်နှင့်လိုက်လျောညီထွေစွာ ရေးဆွဲကြစေလိုကြောင်း မှာကြားပြီး တက်ရောက် လာသည့် မြန်မာနိုင်ငံတိရစ္ဆာန် ဆေးပညာကောင်စီ ခေတ္တဥက္ကဋ္ဌနှင့် ကောင်စီဝင်များမှ ဆွေးနွေးတင်ပြ ချက်များကို ဒုတိယဝန်ကြီးက ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ရေဆင်း စိုက်ပျိုးရေးသုတေသနဦးစီးဌာန တစ်နှစ် သုံးသီး စိုက်ပျိုးနိုင်သော သီးနှံပုံစံအတွဲများ စမ်းသပ်စံပြ ၂၄ ဧက စိုက်ခင်းသို့ရောက်ရှိပြီး ညွှန်ကြားရေးမှူးချုပ်က ရေ၊ မြေနှင့် သွင်းအားစုများ စနစ်တကျ အကျိုးရှိစွာ အသုံးချနိုင်မှုကို သီးနှံပုံစံများအလိုက် ဆောင်ရွက် နေမှုကိုလည်းကောင်း၊ မိုးကြိုစပါး ပြည်တော်ရင် မျိုးကို သားတက်ဆင့်ပွား နည်းပညာဖြင့် စိုက်ပျိုး ထားသည့် စပါးလမိုင်းစိုက်ခင်းကိုလည်းကောင်း၊ ဖူးစားပြောင်းစိုက်ခင်းကိုလည်းကောင်း၊ မွေးမြူရေး သုတေသနဦးစီးဌာန ရုံးမြေနေရာ ရွေးချယ်ထားသည့် လျာထားမြေနေရာများကိုလည်းကောင်း လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြန်ကြားရေးဝန်ကြီးဌာနမှ ပလက်ဝမြို့နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များနှင့် ရပ်ကွက်၊ကျေးရွာများအတွက် ရုပ်မြင်သံကြားဖမ်းစက် အလုံး၂၅၀ ပေးအပ်လှူဒါန်း

**ပလက်ဝ ဒီဇင်ဘာ ၂၅**

ချင်းပြည်နယ် ပလက်ဝမြို့နယ်တွင် ပြန်ကြားရေး ဝန်ကြီးဌာနမှ ပလက်ဝမြို့နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များနှင့် ရပ်ကွက်၊ ကျေးရွာများအတွက် DVB–T2 Settop Box ရုပ်မြင်သံကြားဖမ်းစက် အလုံး ၂၅၀ ပေးအပ်လှူဒါန်းခြင်းကို ဒီဇင်ဘာ ၂၃ ရက် ညနေ ၃ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ DVB – T2 Settop Box ရုပ်မြင်သံကြား ဖမ်းစက် အလုံး ၂၅၀ကို မြန်မာ့အသံနှင့် ရုပ်မြင်သံ ကြားမှ လက်ထောက်အင်ဂျင်နီယာ ဦးမြင့်စိုးက ပေးအပ်လှူဒါန်းကာ ပလက်ဝမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်က လက်ခံရယူခဲ့သည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ လက်ထောက် အင်ဂျင်နီယာ ဦးမြင့်စိုးနှင့် ဝန်ထမ်းများ၊ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်၊ မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဝင် ဗိုလ်မှူး အောင်သူမြင့်နှင့် မြို့နယ်အဆင့် ဌာနဆိုင်များ တက်ရောက်ခဲ့ကြကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

❂ *ရှေ့ဖုံးမှ*

ပွဲတော်အချိန်ခါမဟုတ်သည့်(အခါကြီးရက်ကြီး)အချိန်မှာပင် ပုဂံ–ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ပြည်တွင်း ပြည်ပ ခရီးသွားအဆက်မပြတ်သည့်မြို့ဖြစ်ကာ သီတင်းကျွတ်ရုံးပိတ်ရက်၊ တန်ဆောင်တိုင်ရုံးပိတ်ရက်၊ ဒီဇင်ဘာခရစ္စမတ်ရုံးပိတ်ရက်/ကျောင်း ပိတ်ရက်များတွင်ပုဂံဒေသ၏အလွန်ရှေးကျပြီး ပကတိအတိုင်းရှိနေသေး သည့်ဘုရား၊ ပုထိုး၊သာသနိကအဆောက်အအုံများ ယနေ့တိုင်ရှိနေခြင်း၊ အုတ်ရိုး၊ နန်းမြို့ရိုး၊ အုတ်ပုံများနှင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အတွင်း နေရာစိပ်စိပ်နှင့်လက်ညှိုးထိုးမလွဲ တစ်နေရာနှင့်တစ်နေရာ မဝေးကွာဘဲ တစ်ဆက်တစ်စပ်တည်း ဘုရားပုထိုးများ ဖူးမြော်နိုင်ခြင်းက ပြည်တွင်း ပြည်ပခရီးသွားများကို အလွန်ပင်စွဲဆောင်မှုရှိကြောင်း၊ ပုဂံ ဒေသ ဘယ်နှခေါက်ရောက်ရောက် ထပ်ကာထပ်ကာ လာချင်စိတ်ဖြစ်စေ ကြောင်း ရန်ကုန်မြို့မှအဖွဲ့လိုက် ဘုရားဖူးလာရောက်ကြသည့် မခင် သူဇာက ပုဂံဒေသအကြောင်း ပြောပြသည်။

ပြည်တွင်းပြည်ပခရီးသွားများ အမြဲမပြတ်ရှိနေခြင်းက ပုဂံ–ညောင်ဦးရှေးဟောင်းနယ်မြေအား တန်ဖိုးထားခြင်းကြောင့်သာ လာရောက်ကြကြောင်း ရေစကြိုမြို့မှ ဒေါ်စန်းစန်းက ပြောသည်။

ခရစ္စမတ်အားလပ်ရက် ပုဂံ–ညောင်ဦး ဘုရားဖူးလာရောက်သူ တစ်သိန်းငါးသောင်းကျော် လာရောက်ဖူးမြော်ကြကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ) တာဝန်ရှိသူများထံမှ သိရ သည်။

**ကိုကြေးမုံ**

# ဂျပန် - မြန်မာယဉ်ကျေးမှုမြှင့်တင်ရေးအသင်းမှ လှူဒါန်းသည့် ဂျပန်ချယ်ရီပန်းပျိုးပင်များ စိုက်ပျိုးသည့် အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ဂျပန် – မြန်မာယဉ်ကျေးမှုမြှင့်တင်ရေးအသင်းမှ လှူဒါန်းသည့် ဂျပန်ချယ်ရီပန်းပျိုးပင်များ စိုက်ပျိုးသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်း၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်မျိုးထွန်း၊ ဦးအေးထွန်းနှင့် ဒေါက်တာ မိုးဇော်ထွန်း၊ တပ်မတော်မှ အရာရှိကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံအောက် လွှတ်တော်အမတ် Mr. Hiromichi Watanabe၊ ဂျပန် – မြန်မာယဉ်ကျေးမှု မြှင့်တင်ရေးအသင်း ဥက္ကဋ္ဌ Mr.Fumio Usui နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး မေတ္တာပို့လက်ာနှစ်ပိုဒ်ကို သံပြိုင်ညီညာသုံးကြိမ်ရွတ်ဆို၍ မေတ္တာပွားများပူဇော်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဂျပန် –မြန်မာယဉ်ကျေးမှု မြှင့်တင်ရေးအသင်းက လှူဒါန်းသည့် ဂျပန်ချယ်ရီပန်းပျိုးပင်များကို နေပြည်တော်၏ အထင်ကရနေရာ တစ်နေရာဖြစ်လာမည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းတွင် စိုက်ပျိုးသွားမည်ဖြစ်ပါကြောင်း။

ကမ္ဘာ့အကြီးဆုံးနှင့် ဥာဏ်တော်အမြင့်ဆုံး စကျင်ကျောက်ဆစ်ရုပ်ပွားတော် တစ်ဆူဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်းတွင် လှူဒါန်းစိုက်ပျိုးခဲ့သည့် ချယ်ရီပန်းပင်များ ရှင်သန်ကြီးထွားလာပြီး ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပြီးစီးသည့်အခါ လာရောက်ဖူးမြော်ကြမည့် ခရီးသွားဧည့်သည်များအတွက် အရိပ်အာဝါသနှင့် စိတ်နှလုံးအေးချမ်းမှုတို့ကို ပေးနိုင်မည်ဟု မျှော်လင့်ကြောင်း၊ ဂျပန်ချယ်ရီပန်းပင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြမည့် မြန်မာလူမျိုးများကိုသာမက ဂျပန် နိုင်ငံသားများနှင့် ကမ္ဘာအနှံ့မှ ခရီးသွားဧည့်သည်များ လေ့လာမြင်တွေ့ခြင်းဖြင့် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား အထိမ်းအမှတ်တစ်ခုအဖြစ်တည်ရှိနေမည်ဟု ယုံကြည်ပါကြောင်း၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် ဂျပန်နိုင်ငံ အစိုးရနှင့် ဂျပန်ပြည်သူများ၏ ချစ်ကြည်ရင်းနှီးမှုများကို အလေးထားပါကြောင်းနှင့်ဂျပန်ချယ်ရီပန်းပင်များ စိုက်ပျိုးခြင်းမှသည် နောင်အနာဂတ်ကာလတွင် မြန်မာ – ဂျပန် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ အစွန့်ရှည်တည်တံ့ခိုင်မြဲ တိုးတက်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဂျပန်ချယ်ရီပန်း ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။



ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် Mr.Hiromichi Watanabe ဂျပန်ချယ်ရီပန်း ပျိုးပင်ကို စိုက်ပျိုးပေးစဉ်။

ယင်းနောက် ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ် Mr.Hiromichi Watanabe က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ် Mr.Hiromichi Watanabe၊ ဂျပန် –မြန်မာယဉ်ကျေးမှုမြှင့်တင်ရေးအသင်း ဥက္ကဋ္ဌ Mr.Fumio Usui နှင့် တာဝန်ရှိသူများသည် သတ်မှတ်နေရာများအလိုက် ဂျပန်ချယ်ရီပန်း ပျိုးပင်များကို စိုက်ပျိုးကြပြီး မြေဆီ၊ မြေဩဇာများ ကျွေး၍ ရေစင်ရေသန့်များဖြင့် သွန်းလောင်းပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဂျပန်နိုင်ငံအောက်လွှတ်တော်အမတ် Mr.Hiromichi Watanabe တို့နှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှု အခြေအနေများကို လှည့်လည်လေ့လာကြည့်ရှုကြသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေး

**ပြည် ဒီဇင်ဘာ ၂၅**

(၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ ကြီးကြပ်၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်း အခမ်းအနားကို ပြည်မြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေ ရောဂါကုဆေးရုံကြီး၌ ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။

အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုဆောင်ရွက်နေမှုအား ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(ပြည်) ဗိုလ်မှူးချုပ် အောင်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။**(အောက်ပုံ)**

အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုကို လစဉ်ပင်စင်ထုတ်ရက်နှင့် တိုက်ဆိုင်ပြီး လစဉ် ၂၁ရက်နေ့တိုင်း အခမဲ့ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ အရိုးအကြောအထူးကုသပေးခြင်း၊ မျက်စိခွဲစိတ်ပေးခြင်း၊ နား၊ နှာခေါင်း၊ လည်ချောင်း ရောဂါများနှင့် အထွေထွေ ရောဂါမျိုးစုံအား သမားတော်များနှင့် အခမဲ့ ကုသပေးသွားမည် ဖြစ်ကြောင်းနှင့် အဆိုပါ ကုသပေးခြင်းကို နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ၃နာရီအထိ တစ်ကြိမ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးရာ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၁၀၀ ခန့်ကို ဆောင်ရွက်ပေးခဲ့ကြောင်း ခုတင်၅၀၀ ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**



❖ *ရှေ့ဖုံးမှ*

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ရန်ကုန်အထိုင်ဈေးအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၃၆၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီး ကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကြက်ခြေနီအရေးပေါ်လူနာတင်ယာဉ် လွှဲပြောင်းပေးအပ်ပွဲပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်–နေပြည်တော် အမြန်လမ်းမကြီး (၅ မိုင် ၄ဖာလုံ)ရှိ ရှေးဦးပြုစုခြင်းစခန်းတွင် အသုံးပြုရန်အတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် တရုတ်နိုင်ငံ ကြက်ခြေနီအသင်းတို့မှ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီသို့ ကြက်ခြေနီ အရေးပေါ်လူနာတင်ယာဉ် လွှဲပြောင်းပေးအပ်ပွဲကို ဒီဇင်ဘာ ၂၃ ရက်က အသင်းရန်ကုန်ရုံးခွဲတွင် ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်က အမှာစကားပြောကြားပြီး ကြက်ခြေနီ လူနာတင်ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်နှင့် တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီကိုယ်စား ကော်မတီဝင် ဦးရန်အောင်မျိုးက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ အသင်းဥက္ကဋ္ဌနှင့်အတူ အချိန်ပြည့် အလုပ်အမှုဆောင် ဒေါက်တာတင်ညွှန့်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ခရိုင်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် ရန်ကုန်–နေပြည်တော် အမြန်လမ်းတစ်လျှောက် အရေးပေါ် ရှေးဦးပြုစုခြင်းစခန်းများ ဖွင့်လှစ်ကာ အမြန်လမ်းတွင် မတော်တဆ ထိခိုက်ဒဏ်ရာရသူများကို ရှေးဦးပြုစုခြင်း၊ ဆေးကုသမှုခံယူရန် လိုအပ်သူများကို ကြက်ခြေနီစေတနာ လုပ်အားရှင်များက ကြက်ခြေနီ လူနာတင်ယာဉ်ဖြင့် ဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီပို့ဆောင်ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

"တိုင်းပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်းမှာလည်း အစိုးရဘက်ကလူတွေနဲ့ မလုံလောက်ဘူး။ ယခုခေတ်မယ် ဘယ်ဟာပဲဖြစ်ဖြစ်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းမှာပဲဖြစ်ဖြစ်၊ ကာကွယ်ရေးလုပ်ငန်းမှာပဲဖြစ်ဖြစ် လုပ်တဲ့အခါမယ် တိုင်းပြည်လူထုနဲ့ယှဉ်၍ ကိုယ်ထိလက်ရောက် ပါဝင်ကူညီဖို့ သဘောတရားတစ်နေ့တခြား ပိုမိုထင်ရှားလာတယ်။"

**(ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၇ ခုနှစ် ဇွန်လဆန်း၌ ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီးတွင် ပြောကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက်)**


မြန်မာ့ရိုးရာရှင်ပြုအလှူပွဲ ဓာတ်ပုံ - သန်းနိုင်ဦး(ငဖဲ)

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မြန်မာ့ဘောလုံး အားကစား အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် ထူးချွန်ထက်မြက်သည့် ဘောလုံးအားကစားသမားကောင်းများစွာ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ ကြီးမှူးကျင်းပသည့် **၂၀၂၃ ခုနှစ်၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ**ကို ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိဘောလုံးအားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၅နာရီခွဲတွင် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းက ကျန်းမာရေး ဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။





**ကြည့်ရှုအားပေး**

အဆိုပါ **ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်** ပွဲစဉ်များသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ တပ်မတော်မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အရာထမ်း/အမှုထမ်းများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။**(အပေါ်ပုံ)**

**အခမဲ့ကြည့်ရှုအားပေးနိုင်**

ဒီဇင်ဘာ ၂၆ ရက် မွန်းလွဲ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိဘောလုံး အားကစားကွင်း၌ ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဒုတိယနေ့ ကွာတားဖိုင်နယ် ပွဲစဉ်များအဖြစ် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနအသင်း၊ ညနေ ၅ နာရီခွဲတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီး ဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစား သွားကြမည်ဖြစ်၍ ဘောလုံးအားကစား ဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့ လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**


## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၂ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"တရားမဝင်ကုန်သွယ်မှုသတင်းများ"**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၂ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **"ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ"**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

# ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် ရုရှားဒုတိယရေတပ်ဦးစီးချုပ် Vice Admiral Igor MUKHAMETSHIN ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဒီဇင်ဘာ ၂၅

**ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် သည် မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ရုရှားဒုတိယရေတပ်ဦးစီးချုပ် Vice Admiral Igor MUKHAMETSHIN ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ နံနက်ပိုင်းတွင် ဇေယျာဝတီရေတပ်စခန်းဌာနချုပ် အရာရှိရိပ်သာ၌ လက်ခံတွေ့ဆုံသည်။** (ယာပုံ)



တွေ့ဆုံစဉ် နှစ်နိုင်ငံရေတပ်မှ စစ်ရေယာဉ်များ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ လေ့လာလည်ပတ်နိုင်မှုနှင့် နှစ်နိုင်ငံရေတပ်များအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာရေးအတွက် အဆင့်လိုက် ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် လေ့လာလည်ပတ်နိုင်ရေး၊ မြန်မာ့တပ်မတော်မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သင်တန်းသားများ စေလွှတ်သင်ကြားလျက်ရှိသည့် အခြေအနေများနှင့် နှစ်နိုင်ငံ ရေတပ်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ် (ရေ) နှင့်အတူ တပ်မတော်(ရေ)မှ အရာရှိကြီးများ တက်ရောက်ကြသည်။ တွေ့ဆုံပွဲအပြီးတွင် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ရုရှားဒုတိယရေတပ်ဦးစီးချုပ်တို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ထို့နောက် ရုရှားဒုတိယရေတပ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဇေယျာဝတီရေတပ်စခန်းဌာနချုပ် အမှတ်(၄) ရေတပ်ဗောတံတားမှ တပ်မတော်စစ်ရေယာဉ်ဖြင့် ထွက်ခွာကြပြီး ရေတပ်လေ့ကျင့်ရေးဌာနချုပ် အမှတ်(၅) ရေတပ်ဗောတံတားသို့ ရောက်ရှိကြရာ ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်ချုပ် နိုင်မင်းကျော်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။ ယင်းနောက် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ၏ လေ့ကျင့်ရေးဆိုင်ရာ ဆောင်ရွက်ပေးနေမှုကိစ္စရပ်များကို ရှင်းလင်းတင်ပြခဲ့ကြပြီး Ship Handling Simulator တွင် လေ့ကျင့်နေမှုကိုလည်းကောင်း၊ Engine Room Simulator တွင် လေ့ကျင့်နေမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှုလေ့လာကြရာ သိရှိလိုသည်များအား တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် စာပေစွမ်းအားဖြင့် တစ်တပ်တစ်အား ပါဝင်သွားကြရန်လိုအပ်



မြို့နယ်စာရေးဆရာအသင်း သဘာပတိစာရေးဆရာ မောင်လွှမ်းဝေ (တောင်တွင်း) ရန်ကုန်မြို့ အင်းစိန်ခရိုင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ မြန်မာနိုင်ငံ စာရေးဆရာအသင်း နှစ်ပတ်လည် မျက်နှာစုံညီ အစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၂၅**

လူငယ်များ ဉာဏ်ပညာထက်မြက်ရေးနှင့် မိမိနိုင်ငံ၏ အကျိုးကို သယ်ပိုးလိုသော စိတ်ဓာတ်များ တိုးပွားနိုးကြားစေရေးအတွက် စာရေးဆရာအသင်းများမှ လှုံ့ဆော်၊ အားပေး၊ တိုက်တွန်းရန်၊ စာပေ ကလောင်သွားဖြင့် လမ်းမှန်ကို ပြသပေးနိုင်ရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ကြရန် လူငယ်များကို တိုက်တွန်းလိုကြောင်း ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့ အင်းစိန်ခရိုင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်ရှိ မြန်မာနိုင်ငံ စာရေးဆရာအသင်း နှစ်ပတ်လည် မျက်နှာစုံညီ အစည်းအဝေး၌ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က အသံ Message ပေးပို့ ပြောကြားခဲ့သည်။

အဆိုပါ မြို့နယ်စာရေးဆရာအသင်း၏ နှစ်ပတ်လည် မျက်နှာစုံညီ အစည်းအဝေးကို အစီအစဉ် (၁၁) ရပ်ဖြင့် ကျင်းပခဲ့ပြီး မြို့နယ်စာရေးဆရာအသင်း သဘာပတိ စာရေးဆရာ မောင်လွှမ်းဝေ (တောင်တွင်း)နှင့် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဆရာမ ဒေါ်လှလှကြည် (ကြည်ကြည်မြင့်မြတ်) တို့က အဖွင့်အမှာစကားများ ပြောကြားကာ အသင်းအတွက် အလှူငွေများ ပေးအပ်ခြင်း၊ စာအုပ်များ လှူဒါန်းခြင်း၊ တစ်နှစ်တာ ငွေစာရင်း ရှင်းတမ်းများ ရှင်းလင်းဖတ်ကြားခြင်းများ ဆောင်ရွက်ပြီး တက်ရောက်လာသော စာရေးဆရာအဖွဲ့ဝင် ၄၇ ဦးကို ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်၊ ဓာတ်ပုံ - ဥသာ**

## ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးဟောပြော

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ဘိုကလေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဘိုကလေးမြို့နယ် ဖိုးဒီကွဲကျေးရွာအုပ်စုရှိ ရေလုပ်သားများအား ငါးသယံဇာတ ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၂၄ ရက်က အဆိုပါကျေးရွာ၌ ပြုလုပ်သည်။

အဆိုပါပညာပေးဟောပြောပွဲတွင် ဘိုကလေးမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးအောင်အောင်ဆွေက တရားမဝင် ငါးဖမ်းဆီးမှုများဖြစ်သော ဘက်ထရီရှော့တိုက်ခြင်း၊ ဆေးချငါးဖမ်းခြင်းများ မပြုလုပ်စေရေးနှင့် ဧရာဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေပါ ပြဋ္ဌာန်းချက်၊ တားမြစ်ချက်၊ ပြစ်ဒဏ်တို့အား ရှင်းလင်းပြောကြားပြီး တရားမဝင်ငါးဖမ်းနည်းဖြင့် ငါးမဖမ်းရန် တားမြစ်ထားသော ရေချိုဥပဒေ ကောက်နုတ်ချက်များနှင့် ဘက်ထရီရှော့ကြောင့် အန္တရာယ်ဖြစ်စေသော ကိစ္စများကို ဖော်ပြထားသည့် လက်ကမ်းစာစောင်များကိုဖြန့်ဝေပေးခဲ့သည်။ **သတင်းစဉ်**

# မောင်တောခရိုင် ဘူးသီးတောင်မြို့၌ မဲစာရင်းပြည့်စုံမှန်ကန်စေရေး၊ အခြေခံလူဦးရေစာရင်းမှ စာရင်းထပ်နေမှုများအား Cross Check စနစ်ဖြင့် စိစစ်သန့်စင်ခြင်းလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**ဘူးသီးတောင် ဒီဇင်ဘာ ၂၅**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ မဲစာရင်း ပြည့်စုံမှန်ကန်စေရေး၊ အခြေခံလူဦးရေစာရင်းမှ စာရင်းထပ်နေမှုများအား Cross Check စနစ်ဖြင့် စိစစ်သန့်စင်ခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းက ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်၊ ရခိုင်ပြည်နယ်တာဝန်ခံ ဒေါ်နုမြဖီ၊ မောင်တောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ရခိုင်ပြည်နယ် တာဝန်ခံ ဒေါ်နုမြဖီက ရွေးကောက်ပွဲကျင်းပရေးတာဝန်၊ မဲစာရင်းပြည့်စုံမှန်ကန်စေရေး၊ အခြေခံလူဦးရေစာရင်းမှ စာရင်းထပ်နေမှုများအား Cross Check စနစ်ဖြင့် စိစစ်သန့်စင်ခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဥပဒေပါမဲစာရင်းပြုစုခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ၊ အခြေခံလူဦးရေစာရင်းများ ပြုစုခြင်း၊ စိစစ်သည့်လူဦးရေ၊ စိစစ်တွေ့ရှိရသည့် အကြိမ်ထပ်ဦးရေ၊ နိုင်ငံသားစိစစ်ရေး ကတ်ပြား နှစ်ကြိမ်နှင့်အထက် ထပ်နေမှုများ တွေ့ရှိမှုအခြေအနေတို့ကို PowerPoint ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်သည် ပြည်နယ်ရွေးကောက်ပွဲ အရာရှိ ဦးသူရိန်ထွဋ်၊ မောင်တောခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျန်အေးနှင့် အဖွဲ့ဝင်များနှင့် အတူခန်းမအတွင်း၌ ခရိုင်/မြို့နယ် ရွေးကောက်ပွဲကော်မရှင်



အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ ဝန်ထမ်းများက လူဦးရေစာရင်းများကို ကွန်ပျူတာဆော့ဝဲလ်အသုံးပြု၍ နိုင်ငံသားစိစစ်ရေး ကတ်ပြားထပ်နေသူများ၊ နိုင်ကတ်မရှိသူ/မပြည့်စုံသူများ၊ အသက် ၁၈ နှစ်နှင့် အထက် / အောက်ရှိသူများ၊ မွေးသက္ကရာဇ် မပြည့်စုံသူများ၊ မွေးရက်၊ မွေးလ ထပ်နေသူများ စသည်တို့ကို Cross Check စစ်ဆေးနေမှုကို ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ မဲစာရင်းပြည့်စုံမှန်ကန်စေရေး၊ အခြေခံလူဦးရေစာရင်းမှ စာရင်းထပ်နေမှုများအား Cross Check စနစ်ဖြင့် စိစစ်သန့်စင်ခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ရခိုင်ပြည်နယ်တာဝန်ခံ ဒေါ်နုမြဖီ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှခရိုင်/မြို့နယ်အဆင့် ဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးစာရေးများ စုစုပေါင်း လူအင်အား ၂၀၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအား မြန်မာပြည်သိန်းတန် တေးသီချင်းများဖြင့် ဖျော်ဖြေ



**နေပြည်တော် ဒီဇင်ဘာ ၂၅**

**နိုင်ငံတော်နှင့် တပ်မတော်အတွက် သက်စွန့်ကြိုးပမ်းတာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်သားအငြိမ်းစား သက်ကြီးဘိုးဘွားများနားခိုရာ နေပြည်တော် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာရှိ ဘိုးဘွားများကို ယနေ့မွန်းလွဲ ၁ နာရီတွင် နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်က ဘိုးဘွားရိပ်သာခန်းမ၌ တစ်ကိုယ်တော် လာရောက်ဖျော်ဖြေရာ ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာမှ တာဝန်ရှိသူများ၊ ဘိုးဘွားများနှင့် ဝန်ထမ်းမိသားစုများ ကြည့်ရှုအားပေးကြသည်။** (ယာပုံ)

### ဖျော်ဖြေတင်ဆက်

ဖျော်ဖြေပွဲတွင် မြန်မာပြည်သိန်းတန် တစ်ကိုယ်တော်ဖျော်ဖြေရာ ရတနာပုံ၊ အောင်စေတည်စေညီစေ၊ လွတ်လပ်ရေးတေးသံ၊ စနေထောင့်မှာ ပန်းလှူမယ်၊ နှင်းပွင့်သစ္စာ၊ တောင်ပြာတန်းကမောင့်ချစ်သူ၊ ရွှေသုန္ဒရီ၊ အန်ကယ်နီး၊ ရွှေရုပ်ကလေး ကောက်ရသလို၊ စုံတောမြိုင်၊ ခွင့်လွှတ်ပေးဖို့ တောင်းပန်ချင်၊ ယောသူတို့ရွာ၊ မြစ်ဆုံကို လွမ်းစိတ်မပြေ၊ လူလိမ္မာ၊ တစ်ပါးသူမနမ်းစေချင် စသည့်နာမည်ကြီး တေးသီချင်းတို့ဖြင့် ဖျော်ဖြေတင်ဆက်သည်။

### ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် နိုင်ငံကျော်အဆိုတော် မြန်မာပြည်သိန်းတန်နှင့် ကရုဏာကမ္ဘာ ဘိုးဘွားရိပ်သာမှ ဘိုးဘွားများ အမှတ်တရဓာတ်ပုံရိုက်ကြပြီး ဘိုးဘွားရိပ်သာ ကြီးကြပ်အုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူက မြန်မာပြည်သိန်းတန်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

**သတင်းစဉ်**

# ရွှေတောင်မြို့နယ်၌ မီးလောင်မှုဖြစ်စဉ်တွင် စွမ်းစွမ်းတမံ မီးငြိမ်းသတ်ဆောင်ရွက်ခဲ့ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြု



**ရွှေတောင် ဒီဇင်ဘာ ၂၅**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် သရက်တောရပ်ကွက် မြို့နယ်ခန်းမ၌ နိုဝင်ဘာ ၂၁ ရက် မီးလောင်ကျွမ်းမှု ဖြစ်စဉ်တွင် စွမ်းစွမ်းတမံ မီးငြိမ်းသတ် ဆောင်ရွက်ခဲ့ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (ပြည်) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် အောင်နိုင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟံဝင်းအောင်က နိုဝင်ဘာ ၂၁ ရက်တွင် ဖြစ်ပွားခဲ့သည့် မီးလောင်မှုဖြစ်စဉ်နှင့် မီးငြိမ်းသတ် ဆောင်ရွက်ခဲ့မှုအခြေအနေ၊ မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး လုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေသကွပ်ကဲမှု စစ်ဌာနချုပ်(ပြည်) ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် အောင်နိုင်ဦး၊ ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးနိုင်စိုး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးကျော်လွင်နှင့် ဦးသန်းထူးတို့က မီးလောင်မှု ဖြစ်စဉ်တွင် စွမ်းစွမ်းတမံ မီးငြိမ်းသတ် ဆောင်ရွက်ခဲ့ကြသည့် မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

# သဘင်္ဘောသားများအတွက် ငွေလဲလှယ်နှုန်းဖြင့် ဝန်ဆောင်မှုပေးခြင်း၊ ချေးငွေရယူခြင်း၊ အာမခံနှင့်ပတ်သက်သော ဝန်ဆောင်မှုများအကြောင်း သိကောင်းစရာဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများ အဖွဲ့ချုပ်က ကြီးမှူး၍ ပင်လယ်ကူးသင်္ဘောသားများအတွက် ဒေါ်လာနှင့် မြန်မာကျပ်စာရင်းဖွင့်လှစ်ခြင်း သိကောင်းစရာဟောပြောပွဲကို ဒီဇင်ဘာ ၂၃ ရက်က ကျောက်တံတားမြို့နယ် ၃၇ လမ်းရှိ မြန်မာနိုင်ငံပင်လယ်ကူး သင်္ဘောသားအလုပ်သမားများ အဖွဲ့ချုပ်ရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် ရောဝတီဘဏ် Consumer Banking Department မှ Assistant Manager သော်တာထွန်းက နိုင်ငံခြားငွေကြေးဖြစ်သည့် ဒေါ်လာဖြင့်လစာရရှိကြသည့် မြန်မာပင်လယ်ကူး သင်္ဘောသားများ၏ လစာများအား ပိုမိုကောင်းမွန်သော ငွေလဲလှယ်နှုန်းဖြင့် ဝန်ဆောင်မှုပေးခြင်း၊ ဒေါ်လာနှင့် မြန်မာကျပ်အကောင့် ဖွင့်လှစ်ပေးခြင်း၊ ရောဝတီဘဏ်၏ Digital Payment Product တစ်ခုဖြစ်သော Debit Card ၊ Credit Card ၊ Prepaid Card များနှင့် မိတ်ဆက်ပေးခြင်း၊ သင်္ဘောသားများနှင့် မိသားစုများအတွက် Auto Loan နှင့် Home Loan အရစ်ကျဝယ်ယူနိုင်မည့် အထူးအစီအစဉ်များ၊ AYA Sompo Insurance မှ အာမခံနှင့် ပတ်သက်သောဝန်ဆောင်မှုများ အကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပင်လယ်ကူး သင်္ဘောသားများနှင့် မိသားစုဝင်များက သိရှိလိုသည်များမေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားကြသည်။

**မျိုးမင်းသူရ**

# ကျောက်တော်မြို့၌ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းကျင်းပ

**ကျောက်တော် ဒီဇင်ဘာ ၂၅**

လူငယ်များဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောက်တော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသိပ္ပံကျောင်း (ကျောက်တော်) တို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၁၀ နာရီက ရတနာကျောင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီးက အမှာစကားပြောကြားပြီး ကျောက်တော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူဝင်းက အနာဂတ်မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများသည် ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့်ဗလငါးတန်နှင့် ပြည့်စုံစေရန်၊ အချင်းချင်းရင်းနှီးချစ်ခင်မှုများ တိုးပွားလာစေရန်၊ စဉ်စားတွေးခေါ်မှု မြင့်မားလာစေရန်၊ လိမ္မာယဉ်ကျေးစွာ ပြောဆို ဆက်ဆံတတ်စေရန်နှင့် ကိုယ်ကျင့်တရား ကောင်းမွန်သည့်လူတော်လူကောင်းလေးများ ပေါ်ထွန်းလာစေရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယနှစ် (အကြီးတန်း) မောင်ကောင်းမြတ်စိုးက အနာဂတ်က မင်းကိုယ်တိုင်၊ ဒုတိယနှစ် (အကြီးတန်း) မသီရိလှိုင်က စိတ်ဓာတ်ခွန်အားနှင့် ဘဝအောင်မြင်ရေးအတွက် အစီအစဉ်၊ ပထမနှစ် မောင်စိုးဝင်းချေက ဉာဏ်ပညာမရှိသော နိုင်ငံကျွန်နိုင်ငံ၊ ပထမနှစ် မဆွေငြိမ်းခိုင်က စိတ်ထားအလှ၊ ဒုတိယနှစ် (အငယ်တန်း) မောင်ဇော်မင်းဌေးက လူငယ်နှင့် အောင်မြင်သော စိုက်ပျိုးရေး၊ ဒုတိယနှစ်(အငယ်တန်း) မဝင်းဝင်းခိုင်က လူ့တန်ဖိုး ခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးကြသည်။

ယင်းနောက်တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ စိုက်ပျိုးရေးသိပ္ပံကျောင်း (ကျောက်တော်) ကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၅၀ ခန့် တက်ရောက်ကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေး နံရံကပ်စာစောင်များ ပြသထားရာ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

အမှန်တကယ်ကြည့်မည့် အချိန်၌သာ တီဗွီကိုဖွင့်ပါ။ ကြည့်သူမရှိဘဲ အချိန်ပြည့်ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ။

# စစ်တွေမြို့ ကစ္ဆပနဒီရပ်ကွက်ရှိ ထိုင်တော်မူရန်ပြေမာန်ပြေဘုရားကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာပြုလုပ်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ရခိုင်ပြည်နယ် စစ်တွေမြို့ ကစ္ဆပနဒီရပ်ကွက်ရှိ ထိုင်တော်မူရန်ပြေမာန်ပြေဘုရားကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ဘုရားရင်ပြင်တော်၌ ပြုလုပ်ရာ ပြည်နယ်သြဝါဒါစရိယ စစ်တွေမြို့ ဓမ္မသုခဘုန်းတော်ကြီးကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဆရာတော်ဘဒ္ဒန္တသောမ အမှူးပြုသော ဆရာတော်၊သံဃာတော်များကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ဆရာတော်၊ သံဃာတော်များအား အမှူးပြု၍ ရေပေါ်သိမ်၌ သိက္ခာထပ်မင်္ဂလာကို ပြုလုပ်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် အလှူရှင်များက သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ရခိုင်မင်္ဂလာစည်တော်ဝိုင်းမှ စည်တော်ယွန်း၍ တီးခတ်ပူဇော်ကာ ရခိုင်တေးသံရှင်များက ဗုဒ္ဓပူဇာ၊ ဓမ္မပူဇာ၊ သံဃာ့ပူဇာအလင်္ကာများနှင့် ရတုတို့ဖြင့် သီဆိုပူဇော်ကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဓမ္မသုခဘုန်းတော်ကြီး ကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များက ရန်ပြေမာန်ပြေထိုင်တော်မူဘုရားကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ကြကာ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ကျေးဇူးတော်ရှင် မဟာဇေယျသိဒ္ဓိ အဓိဋ္ဌာန်ဆရာတော် ဘဒ္ဒန္တကုလရက္ခိတက သံဃာတော်အရှင်သူမြတ်များသို့ သြဝါဒကထာ ချီးမြှင့်ပေးတော်မူပါရန် လျှောက်ထားသည်။ ဆက်လက်၍ ယင်းနောက် သံဃာတော်များကိုယ်စား ဓမ္မသုခဘုန်းတော်ကြီး ကျောင်းတိုက်ဆရာတော်က သြဝါဒကထာ ချီးမြှင့်တော်မူပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။



ဆက်လက်၍တိုင်းမှူး နှင့်တက်ရောက်လာကြသူများက ဓမ္မသုခဘုန်းတော်ကြီးကျောင်းတိုက် ဆရာတော်ထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှ ပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပဲတီစိမ်းဧက ၁၂၀၀၀ ကျော်နှင့် နွေစပါးဧက ၂၈၀၀၀ ကျော် စိုက်ပျိုးမည်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပဲတီစိမ်းဧက ၁၂၀၀၀ ကျော်နှင့် နွေစပါးဧက ၂၈၀၀၀ ကျော် စိုက်ပျိုးထုတ်လုပ်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာ ၂၃ ရက်က ကျင်းပသည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ပဲတီစိမ်း ၊ နွေစပါး တိုးချဲ့စိုက်ပျိုးရေး သွင်းအားစုပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲမှ သိရသည်။

ပဲတီစိမ်း တစ်ဧကလျှင် ငွေကျပ် တစ်သိန်းနှစ်သောင်းနှင့်ညီမျှသော သွင်းအားစုကိုလည်းကောင်း၊ နွေစပါးတစ်ဧကလျှင် ကျပ်နှစ်သိန်းနှင့်ညီမျှသော သွင်းအားစုကိုလည်းကောင်း ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ဝန်ဆောင်စရိတ် ၁ ရာခိုင်နှုန်းမှအပ အတိုးမဲ့ ထုတ်ပေးထားသည့် အဆိုပါ ထောက်ပံ့ခြင်းအတွက် သီးနှံပေါ်ချိန်တွင် သွင်းအားစုဖိုးနှင့်ညီမျှသော သီးနှံကို ကာလပေါက်ဈေးဖြင့် ပေးသွင်းရန်ဖြစ်ပြီး ကျန်သီးနှံကို တောင်သူ စိတ်တိုင်းကျ ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ သွင်းအားစုဖိုး ပြန်လည်ကောက်ခံရရှိ ငွေကို နောက်ရာသီ သီးနှံစိုက်ပျိုးရေးအတွက် ဆက်လက်ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်နေ ခြင်းဖြစ်၍ လယ်ယာကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုစီမံကိန်းတွင် ပါဝင်သူများအားလုံးက စုစည်းညီညွတ်စွာ ပူးပေါင်းလုပ်ဆောင်ကြရန် လိုအပ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။




အဆိုပါ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင်အတွင်းရှိ ပဲတီစိမ်းနှင့် နွေစပါးစီမံကိန်းဝင် တောင်သူများအား သွင်းအားစုပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သန်လျင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တိုက်ကြီးခရိုင်အတွင်းရှိ နွေစပါးစီမံကိန်းဝင် တောင်သူများအား သွင်းအားစုပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို တိုက်ကြီးမြို့နယ် ရွှေဂျိုးဖြူခန်းမ၌လည်းကောင်း ကျင်းပပြီး စီမံကိန်းဝင်တောင်သူများကို သွင်းအားစုပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားများတွင် အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရတို့က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ပဲတီစိမ်းနှင့် နွေစပါးစီမံကိန်း၏ ရည်ရွယ်ချက်၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူအစုအဖွဲ့များ၊ သွင်းအားစုလုပ်ငန်းရှင်များနှင့် ဝယ်ယူကြိတ်ခွဲရောင်းချသူများအားလုံး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ သီးနှံများအထွက်တိုးရေးနှင့် အရည်အသွေးကောင်းသီးနှံများထုတ်လုပ်ရေး၊ ဈေးကွက်ခိုင်မာသေချာရေး၊ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာများအပေါ် စနစ်တကျလိုက်နာရန် လိုအပ်ချက်များ၊ လယ်ယာကုန်ထုတ်သမဝါယမအသင်း ဖွဲ့စည်းဆောင်ရွက်ခြင်း၏ အားသာချက်များနှင့် ဆန္ဒသဘော ညီညွတ်သူများစုပေါင်း၍ သမဝါယမအသင်းအဖြစ် ဖွဲ့စည်းလုပ်ကိုင်နိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားခဲ့ကြသည်။

သတင်းစဉ်

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို နယ်လှည့်ပြည်သူ့ဆက်ဆံရေးအဖွဲ့များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား( MRTV)အဖွဲ့တို့က သွားရောက်ဂုဏ်ပြုဖျော်ဖြေ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာစွာ နေ့မအား ညမနား ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ၎င်းတို့၏ မိသားစုများအပေါ် လွမ်းဆွတ်သတိရသည့် စိတ်များ ခေတ္တခဏမျှ ပြေပျောက်စေရန်နှင့် စိတ်ပျော်ရွှင်ကြည်နူးစေရန်အတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ နယ်လှည့် ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ အဖွဲ့သူအဖွဲ့သားများက တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ရှေ့တန်းစခန်းများနှင့် နယ်မြေခံ တပ်ရင်းဌာနချုပ်များသို့ အလှည့်ကျသွားရောက်၍ ကိုယ်ချင်းစာစိတ် အပြည့်အဝဖြင့် ဂုဏ်ပြုဖျော်ဖြေလျက်ရှိသည်။



ထိုသို့ သွားရောက်ဂုဏ်ပြုသီဆိုကပြ ဖျော်ဖြေလျက်ရှိရာ ဒီဇင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေရှိ လွိုင်ကော်မြို့၊ ဘော်လခဲမြို့၊ ဖားဆောင်းမြို့နှင့် ဒီမော့ဆိုမြို့နယ်တို့ရှိ ရှေ့တန်းစခန်းများနှင့် နယ်မြေခံတပ်ရင်း ဌာနချုပ်များသို့ နယ်လှည့် ပြည်သူ့ဆက်ဆံရေးအဖွဲ့များမှ အရာရှိ၊ စစ်သည်၊ စစ်သမီးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(MRTV)မှ အဖွဲ့သူ အဖွဲ့သားများက စစ်ချီတေး၊ စစ်သည်တေးသီချင်းများ၊ ခေတ်ပေါ်နှင့် ခေတ်ဟောင်း တေးသီချင်းများဖြင့် ဖျော်ဖြေကြရာ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စိတ်လက်ပျော်ရွှင်ကြည်နူးချမ်းမြေ့စွာဖြင့် ကြည့်ရှုအားပေး၍ အချို့စစ်သည်များနှင့် မိသားစုများက လွတ်လပ်ပေါ့ပါးစွာဖြင့် အတူတကွ ပါဝင်သီဆိုကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံများ ရိုက်ကြသည်။

ထိုကဲ့သို့ လာရောက်သီဆိုဖျော်ဖြေပေးကြသည့် အဖွဲ့သူအဖွဲ့သားများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမိုးနှင့် နယ်မြေခံတပ်များမှ တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများနှင့် မိသားစုဝင်များက ဒေသထွက် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ဒေသထွက်အစားအစာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

❍ *ကျောဖုံးမှ*

ရန်ကုန်မြို့ ခရစ်ယာန်ဘုရားကျောင်းများတွင်လည်း ခရစ်ယာန်ဘာသာဝင်ပြည်သူများသည် သက်ဆိုင်ရာ ဘုရားကျောင်းများသို့ လာရောက်ကြပြီး ခရစ်တော်ဘုရားသခင် မွေးနေ့တော်မြတ် အထိမ်းအမှတ် ဘုရားဝတ်ပြုဆုတောင်းခြင်း၊ ဓမ္မတေးများဖြင့် ချီးကျူးပူဇော်ခြင်းတို့ ပြုလုပ်ကြကာ ညပိုင်းတွင် ခရစ္စမတ်နေ့အထိမ်းအမှတ် ဘုရားကျောင်းများ၌ ရောင်စုံလျှပ်စစ်မီးများ အလှဆင်ထွန်းညှိထားသည့် အပြင် ပန်းခြံများ၊ စျေးဝယ် စင်တာများ၊ ဟိုတယ်များ၊ အဆောက်အဦများ၌ ခရစ္စမတ်နေ့အထိမ်းအမှတ် ရောင်စုံလျှပ်စစ်မီးများ အလှဆင်ထားရှိကြောင်း တွေ့ရသည်။

သတင်းစဉ်၊ ဓာတ်ပုံ - ဇော်မင်းလတ်



ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့) ညတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး၌ လျှပ်စစ်မီးများဖြင့် အလှဆင်ထား သည်ကို တွေ့ရစဉ်။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ခရစ္စမတ်ပွဲတော်ဝတ်ပြုဆုတောင်းပွဲသို့ တက်ရောက်



**မြစ်ကြီးနား ဒီဇင်ဘာ ၂၅**

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် အဖွဲ့သည် ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးဌာန၏ ခရစ္စမတ်ပွဲတော်ဝတ်ပြုဆုတောင်းပွဲသို့ ဒီဇင်ဘာ ၂၄ ရက်က တက်ရောက်သည်။

ဦးစွာ ပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီးဌာန၏ ခရစ္စမတ်ပွဲတော်ဝတ် ပြုဆုတောင်းပွဲအစီအစဉ်ကို မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းအတွင်းရှိ မဏ္ဍပ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့် တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ဝတ်ပြု ဆုတောင်းပွဲတွင် ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က ခရစ်ယာန် ဘာသာဝင်များ၏ အလေးအနက်ထားသည့် ခရစ္စမတ်အချိန်ကာလတွင် ပြည်နယ်အတွင်း နေထိုင်ကြသော ပြည်နယ်သူ၊ ပြည်နယ်သားအားလုံးနှင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံး မေတ္တာတရားဖြင့် ငြိမ်းချမ်းသာယာမှုများ ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သပြီး ကက်သလစ်ဘုန်းတော်ကြီးများနှင့် ဓမ္မဆရာတော်များ၊ တက်ရောက်လာကြသူများနှင့်အတူ အဖွင့်ပဏာမ ကျမ်းစာဖတ်ကြားခြင်း၊ ဆုတောင်းဆက်ကပ်အပ်နှံခြင်း၊ ဂုဏ်တော်သီချင်းများ သီဆိုဆက်ကပ်ခြင်း၊ ဒေသနာတော်ဟောကြားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခရစ္စမတ်အထိမ်းအမှတ် ကက်သလစ် ဘုန်းတော်ကြီး၊ ဓမ္မဆရာတော်များနှင့် တက်ရောက်လာကြသော တိုင်းရင်းသားစာပေနှင့် ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ခေါင်းဆောင်များအတွက် အမှတ်တရလက်ဆောင်များကို ပေးအပ်ခဲ့ကြပြီး (ဝဲပုံ) ကောင်းချီးတောင်းခံဆုတောင်းဆက်ကပ် ပေးကာ ပြည်နယ် ဝန်ကြီးချုပ်သည် တက်ရောက်လာသူများနှင့်အတူ ခရစ္စမတ်အထိမ်းအမှတ် နေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)

# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ခရစ္စမတ်ညစာစားပွဲသို့ တက်ရောက်



**ထားဝယ် ဒီဇင်ဘာ ၂၅**

ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးများ အိမ်ရာဝင်းအတွင်း ခရစ္စမတ်ညစာစားပွဲကို ဒီဇင်ဘာ ၂၄ ရက် ညနေ ၆ နာရီက ကျင်းပရာ ရှေးဦးစွာ မြန်မာနှစ်ခြင်းအသင်းတော် ဆရာကူးကူးက အဖွင့်ဆုတောင်း မေတ္တာပို့သခဲ့သည်။

ညစာစားပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ယနေ့သည် မင်္ဂလာရှိသော နေ့တစ်နေ့ဖြစ်ကြောင်း၊ မည်သည့် ဘာသာမဆိုကောင်းတာလုပ်ပါက ဝိုင်းဝန်းပြီး ကူညီအားပေးရမှာဖြစ်ပြီး စုပေါင်း၍လည်း ပျော်ရွှင်ရမှာဖြစ်ကြောင်း၊ ညစာစားပွဲသို့ တက်ရောက်လာသူများအနေဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ဆုတောင်းမေတ္တာပို့သပြီး ခရစ္စမတ်အမှတ်တရလက်ဆောင်များအား အပြန်အလှန်ပေးအပ်ခဲ့ကြသည်။

ထို့နောက် ဆရာဦးသန်းလှိုင်က ခရစ္စမတ်အဓိပ္ပာယ်အား ရှင်းလင်းပြောကြားပြီး ကရင်နှစ်ခြင်း ကျမ်းစာသင်ကျောင်းမှ ခရစ္စမတ်ဓမ္မသီချင်း၊ နန်းအဲလိဇဘက်က ထူးခြားသောခရစ္စမတ်သီချင်း၊ Grace မိသားစုကနှင်းစက်သီချင်းနှင့် ကယ်တင်ရှင်မေရှိယသီချင်းတို့ဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ခဲ့ကြသည်။

ဆက်လက်၍ ကက်သလစ်အသင်းတော်မှ ဖာသာဂျိုးဇက်သိန်းခင် က နှုတ်ကပတ်တော်အားဟောပြောပြီး မြို့သစ်အသင်းတော်ဆရာ ဦးဇွန်ဇာခိုင်က ကျေးဇူးတင်စကား ပြောကြား၍ Grace မိသားစုက ခရစ္စမတ်အကသီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး ကရင်နှစ်ခြင်းအသင်းတော်မှ သိက္ခာတော်ရ စောစန်းလှိုင်လူးက ကောင်းချီးပေးဆုတောင်းစကား ပြောကြားသည်။

ယင်းနောက် ကရင်နှစ်ခြင်း အသင်းတော်မှ ဆရာဦးထွန်းဦးက အစားအသောက်များအတွက် ဆုတောင်းပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ဘာသာပေါင်းစုံမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကရင်မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများအား အစားအသောက်များဖြင့် တည်ခင်းဧည့်ခံ၍ သီဆိုဖျော်ဖြေသူများအား တိုင်းဒေသကြီး အစိုးရအဖွဲ့က ဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❑ *ကျောဖုံးမှ*

လာတည်းသူတွေ၊ ကြိုတင်စာရင်းပေးထားတာတွေ ပြည့်နေတယ်လို့ကြားရတယ်၊ နှစ်သစ်ကူးလည်း ရှိနေတော့ ဒီရက်တည်းမှာ လူကအလွန်စည်ကားနေပါတယ်၊ စျေးလည်း ရောင်းလို့ကောင်းပါတယ်”ဟု ကမ်းခြေတွင် စျေးရောင်းချလုပ်ငန်း လုပ်ကိုင်သည့် ဒေသခံ ဦးစန်းမင်းက ပြောသည်။

ချောင်းသာကမ်းခြေသို့ အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူ အလုပ်ပိတ်ရက်ရှည် မဟုတ်သည့် နေ့များတွင် လာရောက်လည်ပတ်အပန်းဖြေသူ ပုံမှန်ရှိသော်လည်း နေ့ကြီးရက်ကြီးနှင့် အလုပ်ပိတ်ရက်ရှည်များတွင် ပိုမိုစည်ကားများပြားကြောင်း သိရသည်။

ကျော်ကျော် (ပြန်/ဆက်)

● *ကျောဖုံးမှ*

ပထမအဆင့်ခြေစစ်ပွဲတွင် အသင်းစုစုပေါင်း ၃၁ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုရှစ်ခုမှ ထိပ်ဆုံးရှစ်သင်းမှာ ဒုတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ဒုတိယအဆင့် ခြေစစ်ပွဲကိုလည်း ၂၀၂၃ ခုနှစ်အတွင်း ဆက်လက်ကျင်းပမည်ဖြစ်ပြီး ပထမအဆင့်ခြေစစ်ပွဲမှ တက်ရောက်လာသည့် ရှစ်သင်းကို လေးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ ဒုတိယအဆင့် ခြေစစ်ပွဲတွင် အုပ်စုတစ်ခုစီမှ ထိပ်ဆုံးနှစ်သင်းစီမှာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

ပထမအဆင့်ခြေစစ်ပွဲကို အုပ်စုရှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် တရုတ်၊ လာအို၊ ဟောင်ကောင်၊ ဖိလစ်ပိုင်၊ အုပ်စု (ခ) တွင် နီပေါ၊ ယူအေအီး၊ မြောက်မာရီယာနာကျွန်းစု၊ ပါလက်စတိုင်း၊ အုပ်စု (ဂ) တွင် သြစတြေးလျ၊ ကာဂျစ္စတန်၊ ဂူအမ်၊ အီရတ်၊ အုပ်စု (ဃ) တွင် လက်ဘနွန်၊ ဂျော်ဒန်၊ မွန်ဂိုလီးယား၊ ဘူတန်၊ အုပ်စု (င) တွင် ထိုင်း၊ တရုတ်တိုင်ပေ၊ တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်၊ အုပ်စု (စ) တွင် ဗီယက်နမ်၊ အိန္ဒိယ၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ အုပ်စု (ဆ) တွင် မြန်မာ၊ မလေးရှား၊ ပါကစ္စတန်၊ ကမ္ဘောဒီးယား၊ အုပ်စု (ဇ) တွင် အီရန်၊ ဘင်္ဂလားဒေ့ရှ်၊ တာ့ခ်မင်နစ္စတန်အသင်းတို့ ပါဝင်နေသည်။ ပထမအဆင့် ခြေစစ်ပွဲကို မတ် ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးရှစ်သင်းသာ ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

မြန်မာအသင်းပါဝင်သည့် အုပ်စု (ဆ) ပွဲစဉ်များကို ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲများအဖြစ် မတ် ၈ ရက်တွင် မြန်မာနှင့် ကမ္ဘောဒီးယား၊ မလေးရှားနှင့် ပါကစ္စတန်၊ မတ် ၁၀ ရက်တွင် ကမ္ဘောဒီးယားနှင့် မလေးရှား၊ ပါကစ္စတန်နှင့် မြန်မာ၊ မတ် ၁၂ ရက်တွင် မြန်မာနှင့် မလေးရှား၊ ကမ္ဘောဒီးယားနှင့် ပါကစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအသင်းသည် နောက်ဆုံးကျင်းပသည့် ၂၀၁၉ ပြိုင်ပွဲတွင် ခြေစစ်ပွဲအောင်မြင်ပြီး နောက်ဆုံးအဆင့် တက်ရောက်ကစားခွင့်ရရှိခဲ့သည်။

**ရဲရင့်လွင်**

## ညအပူချိန်များ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ညအပူချိန်များမှာချင်းပြည်နယ်တွင် ဒီဇင်ဘာလ၏ပျမ်းမျှအပူချိန်အောက် ၂ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီစင်တီဂရိတ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိနှင့် နေပြည်တော်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၆ ဒီဂရီစင်တီဂရိတ် ပိုခဲ့ကာ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင်ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **မိုး/ဇလ**

# ပြောင်းလဲတိုးတက်နိုင်သူတို့အတွက် အချိန်တိုင်းသည် နှစ်သစ်

သိန်းထွန်း (IR)

**ခရစ်နှစ်တစ်နှစ် ကုန်ဆုံးပြန်လေပြီ။ နှစ်သစ်ကို ပျော်ရွှင်ဖွယ် အခမ်းအနားများဖြင့် တခမ်းတနား ကြိုဆိုကြမည်။ နှစ်သစ်တွင် မျှော်လင့်ချက်အသစ်များကို မျှော်လင့်ကြလေ့ရှိသည်။ နှစ်သစ်ဆုတောင်းစကားများလည်း ဆိုကြမည်။ မြန်မာနိုင်ငံတွင် မြန်မာပြက္ခဒိန်အရ နှစ်သစ်ကူးနေ့ရှိသကဲ့သို့ အခြားလူမျိုးများနှင့် ယဉ်ကျေးမှုများတွင် နှစ်သစ်ကူးနေ့များ ရှိကြသည်။ ယနေ့ခေတ်တွင် အသုံးအများဆုံး ဂရီဂေါရီယန်ပြက္ခဒိန်အရ နှစ်သစ်ကူးနေ့သည် ဇန်နဝါရီ ၁ ရက်ဖြစ်သည်။ ဒီဇင်ဘာ ၃၁ ရက်တွင် နှစ်ဟောင်းတစ်နှစ် ကုန်ဆုံး၍ ဇန်နဝါရီ ၁ ရက်တွင် နှစ်သစ်တစ်နှစ်ကို စတင်ခြင်းဖြစ်သည်။ ကုန်ဆုံးသွားသော အချိန်ကာလတို့သည် အတိတ်ကာလအဖြစ် ကျန်ရှိနေခဲ့ပြီး ပြန်လည်၍ မရနိုင်တော့။**

ထိုအချိန် ကာလတို့နှင့် ယှဉ်တွဲ၍ ဖြတ်သန်းနေသည့် လူတစ်ဦးချင်းစီအလိုက် ဖြစ်စဉ်ဖြစ်ရပ်များ၊ လူ့အဖွဲ့အစည်းအလိုက် ဖြစ်စဉ်ဖြစ်ရပ်များမှာလည်း လူ့သမိုင်းအဖြစ် ကျန်ရှိနေခဲ့ပေလိမ့်မည်။ ထိုနှစ်ဟောင်းမှ အဖြစ်အပျက်၊ အကောင်း၊ အဆိုးများကို ငဲ့ကြည့်မိသည်လည်း ရှိ၏။ မကြည့်မိသည်လည်း ရှိကြ၏။ မည်သို့ပင်ဆိုစေ နှစ်ဟောင်းမှ အဖြစ်အပျက်တို့တွင် လာမည့်အနာဂတ်အပေါ် အကျိုးသက်ရောက်စေနိုင်သည့် အကြောင်းတရားများ ပါဝင်နေပေလိမ့်မည်။

## နှစ်ဟောင်း ၂၀၂၂

၂၀၂၂ ခုနှစ်သည် ကမ္ဘာ့နိုင်ငံရေးတွင် ခေတ်ဟောင်းတစ်ခု၏ အဆုံးသတ်နှင့် ခေတ်သစ်တစ်ခု၏ အစကို ဖော်ညွှန်းနေသည့် အလှည့်အပြောင်းတစ်ခုအဖြစ် ရှုမြင်ကြသည်များလည်း ရှိကြသည်။ ယခုနှစ်အတွင်း မကြုံစဖူး စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရသော နှစ်တစ်နှစ်အဖြစ် ကုလသမဂ္ဂက ဆိုပါသည်။ လက်တွေ့တွင်လည်း နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှု၊ ဆင်းရဲမွဲတေမှုဆိုင်ရာ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရသည်။ ၂၀၂၂ ခုနှစ်အတွင်း နိုင်ငံအသီးသီး၏ နိုင်ငံတကာဆက်ဆံရေးကို ပုံဖော်ပေးသည့် အဓိကနိုင်ငံရေးဖြစ်ရပ်များကို မြင်တွေ့ရသည့် နှစ်လည်း ဖြစ်သည်။ ယင်းဖြစ်ရပ်များစွာအနက် အဓိကဖြစ်ရပ်အချို့ကို အဝေးကြည့် ကြည့်မိသည်။

## ရုရှား-ယူကရိန်းစစ်ပွဲ

၂၀၂၂ ခုနှစ်အတွင်း အကြီးမားဆုံးဖြစ်ရပ်တစ်ခုမှာ ရုရှား-ယူကရိန်းစစ်ပွဲဖြစ်သည်။ ယင်းစစ်ပွဲသည် ဒုတိယကမ္ဘာစစ်နောက်ပိုင်း ဥရောပတွင် အကြီးမားဆုံး လက်နက်ကိုင်ပဋိပက္ခ ဖြစ်သည်။ ယင်းစစ်ပွဲကြောင့် နှစ်ဖက်သေဆုံးမှုများ ဖြစ်ပေါ်စေခဲ့သည်သာမက ဒုတိယကမ္ဘာစစ်နောက်ပိုင်း ဥရောပတွင် အကြီးမားဆုံး ဒုက္ခသည်ပြဿနာကို ဖြစ်ပေါ်စေခဲ့ပြီး ယူကရိန်းနိုင်ငံသား ၁၅ ဒသမ ၇ သန်း (ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူ ရှစ်သန်းနှင့် ဒုက္ခသည် ၇ ဒသမ ၇ သန်း) တို့ကို ရွှေ့ပြောင်းမှု ဖြစ်ပေါ်စေခဲ့ကြောင်း UNHCR က ဆိုပါသည်။

ထို့ပြင် စစ်ပွဲဖြစ်ပွားပြီးနောက်ပိုင်း ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား အပြန်အလှန် အရေးယူပိတ်ဆို့မှုများ၏ အကျိုးဆက်ကြောင့် ကျန်ကမ္ဘာ့နိုင်ငံများတွင် ကုန်ဈေးနှုန်း မြင့်တက်မှုများ၊ ထောက်ပံ့ရေးပြတ်တောက်မှုများနှင့် စားနပ်ရိက္ခာပြတ်လပ်မှုများနှင့် ရင်ဆိုင်နေကြရပါသည်။ ရုရှား-ယူကရိန်းစစ်ပွဲသည် နှစ်နိုင်ငံအကြားဖြစ်ပွားသည့် စစ်ပွဲတစ်ခုထက် ပိုပါသည်။ ယင်းစစ်ပွဲနှင့် အကျိုးဆက်များသည် ကမ္ဘာ့နယ်ပယ်အသီးသီးအပေါ် အကျိုးသက်ရောက်စေလျက်ရှိပြီး ၎င်းတို့ကို ၂၀၂၃ အထိ ဆက်လက်မြင်တွေ့နေရဦးမည် ဖြစ်သည်။

## အမေရိကန်- တရုတ် တင်းမာမှု

အမေရိကန် အောက်လွှတ်တော်ဥက္ကဋ္ဌ နန်စီပလိုစီနှင့် ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ်လအတွင်းက ၎င်း၏အရှေ့အာရှခရီးစဉ်တွင် ထိုင်ဝမ်သို့ သွားရောက်ခဲ့သည်။ ထိုင်ဝမ်သို့ နန်စီပလိုစီ ရောက်သည်နှင့် ချက်ချင်းပင် တရုတ်နိုင်ငံက အပြင်းအထန် ကန့်ကွက်သည့် ကြေညာချက် ထုတ်ပြန်ခဲ့သည်။ စစ်ရေးအင်အားပြခြင်း အပါအဝင် ပြင်းထန်သော တုံ့ပြန်မှုများလည်း လုပ်ဆောင်ခဲ့သည်။




> ❐ **အကောင်း၊ အဆိုး မည်သို့ပင်ရှိစေကာမူ နှစ်ဟောင်း ၂၀၂၂ ခုနှစ်မှာ မကြာမီ ကုန်ဆုံးတော့မည် ဖြစ်သည်။ အချိန်ကာလ ပြောင်းလဲသွားသော်လည်း မပြောင်းလဲဘဲ နှစ်သစ် ၂၀၂၃ သို့ ယူဆောင်လာမည့် အဖြစ်အပျက်များနှင့် ၎င်းတို့၏ အကျိုးဆက်များကတော့ အသင့်စောင့်ကြိုနေပါသည်။ ထိုအဖြစ်အပျက်များတွင် ကိုင်တွယ်ဖြေရှင်းရန် လွယ်ကူသည်များလည်း ပါဝင်၏၊ ခက်ခဲသည်များလည်း ပါဝင်၏။ ဘယ်သူမပြု မိမိမှုပင် ဖြစ်ပါသည်**

နန်စီပလိုစီ၏ ထိုင်ဝမ်ခရီးစဉ်အပေါ် တရုတ်နိုင်ငံ၏ တုံ့ပြန်မှုသည် နှစ်နိုင်ငံအကြား ဆက်ဆံရေး တင်းမာလာမှုကို မီးမောင်းထိုးပြခဲ့သည်။

ထို့ပြင် အမေရိကန်သည် တရုတ်နိုင်ငံ၏ တိုးတက်မှုကို ကန့်သတ်သည့် ခြေလှမ်းတစ်ရပ်အဖြစ် အဆင့်မြင့် တစ်ပိုင်းလျှပ်ကူးပစ္စည်း ချစ်ပ်များနှင့် နည်းပညာများရယူနိုင်သည့် အခွင့်အလမ်းများကို အောက်တိုဘာလတွင် ပိတ်ပင်ခဲ့သည်။ ဆက်လက်၍ တရုတ်နိုင်ငံအပေါ် အလားတူ ပိတ်ပင်မှုများပြုလုပ်ရန် အမေရိကန်က သူ၏ မဟာမိတ်များကို တိုက်တွန်းခဲ့သည်။ နိုဝင်ဘာလလယ်တွင် ဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ G-20 ထိပ်သီး အစည်းအဝေးတွင် တွေ့ဆုံခဲ့ကြပြီး နှစ်ဖက်တင်းမာမှုများ လျှော့ချရန် လုပ်ဆောင်မည်ဟု ကတိပြုခဲ့ကြသည်။ ရာသီဥတုပြောင်းလဲမှုနှင့် ပြည်သူ့ကျန်းမာရေးကဲ့သို့သော နယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဟု ကတိပြုခဲ့သည်။ မည်သို့ပင်ဆိုစေ တရုတ်နှင့် အမေရိကန်အကြား အပြန်အလှန် သံသယရှိမှုနှင့် ရန်လိုမှုတို့သည် လာမည့်နှစ်များအတွင်း အင်အားကြီး နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ဆက်လက်လွှမ်းမိုးနိုင်ဖွယ်ရှိနေပါသည်။

## ရာသီဥတုပြောင်းလဲမှု ပြင်းထန်လာခြင်း

အနာဂတ်အတွက် ပြဿနာတစ်ခု ဖြစ်နိုင်ခြေရှိသော ရာသီဥတုကပ်ဆိုးနှင့်ပတ်သက်၍ လွန်ခဲ့သော အနှစ် ၄၀ ကပင် သိပ္ပံပညာရှင်များက ပထမဆုံး သတိပေးခဲ့ဖူးပါသည်။ ယင်းသို့ သတိပေးခဲ့သော အန္တရာယ်ရှိသည့် အနာဂတ်ကို ၂၀၂၂ ခုနှစ်အတွင်း ရင်ဆိုင်နေကြရပြီဖြစ်သည်။ မကြုံစဖူး ပြင်းထန်သော ရာသီဥတုပြောင်းလဲမှုများသည် ကမ္ဘာ့ဒေသများတွင် ဖြစ်ပွားနေပါသည်။

ရာသီဥတုပြောင်းလဲမှု၏ အကျိုးဆက်များသည် နောက်ပြန်လှည့်၍ မရနိုင်တော့သည့် အခြေအနေသို့ မကြာမီရောက်ရှိလာမည်ဖြစ်ကြောင်း ကုလသမဂ္ဂ၏ IPCC အဖွဲ့က ဧပြီလတွင် သတိပေးခဲ့ပါသည်။ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုအတွက် နိုင်ငံအချို့က လိုက်နာအကောင်အထည်ဖော်လျက် ရှိကြသော်လည်း အများအားဖြင့် အစိုးရများ၏ လုပ်ဆောင်မှုများသည် နှေးကွေးလျက်ရှိကြပါသည်။

အီဂျစ်နိုင်ငံတွင် ကျင်းပခဲ့သော COP27 အစည်းအဝေးသည် မူသဘောအရ ရာသီဥတုပြောင်းလဲမှုကြောင့် ထိခိုက်နစ်နာခဲ့ရသော ဆင်းရဲသောနိုင်ငံများသို့ ချမ်းသာသောနိုင်ငံများက ငွေကြေးပေးရမည့် ဆုံးရှုံးမှုနှင့် ပျက်စီးမှုဆိုင်ရာ သဘောတူညီချက်ဖြင့် ပြီးဆုံးခဲ့ပါသည်။ အစည်းအဝေးတွင် အဓိကကျသည့် ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေးဆိုင်ရာ သဘောတူညီမှု မရရှိခဲ့ချေ။ ၂၀၂၂ ခုနှစ်အတွင်း လေထုအတွင်းသို့ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုပမာဏသည် ဆက်လက်မြင့်တက်နေပါသည်။

## ငွေကြေးဖောင်းပွမှုများ

ကိုဗစ်-၁၉ သည် စီးပွားရေးတိုးတက်မှုကို ဆက်လက် အကျိုးသက်ရောက်လျက်ရှိသည့်အပြင် ယူကရိန်းစစ်ပွဲသည် ကမ္ဘာလုံးဆိုင်ရာစီးပွားရေးကို သိသိသာသာ ထိခိုက်စေပြီး မြင့်မားသောငွေကြေးဖောင်းပွမှုကို ဖြစ်ပေါ်စေလျက်ရှိပါသည်။ ကမ္ဘာ့စီးပွားရေးဖိုရမ်၏ Chief Economists Outlook စစ်တမ်းအရ ငွေကြေးဖောင်းပွမှုနှုန်း အလွန်မြင့်မားနေခြင်းသည် ကမ္ဘာလုံးဆိုင်ရာတိုးတက်မှု အလားအလာနည်းပါးမှုအတွက် အဓိကအကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း တွေ့ရပါသည်။ ယင်းစစ်တမ်းအရ အမေရိကန်နှင့် ဥရောပတွင် ငွေကြေးဖောင်းပွမှု ဆက်လက်မြင့်မားနေမည်ဟု မျှော်မှန်းထားပြီး တရုတ်နိုင်ငံ၊ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိဒေသတို့မှလွဲ၍ ကမ္ဘာ့နေရာအများစုတွင် "ငွေကြေးဖောင်းပွမှုနှုန်း မြင့်မားသည်" ဟု ဖော်ပြထားပါသည်။ ငွေကြေးဖောင်းပွမှု မြင့်တက်လာပြီး လုပ်ခများ ကျဆင်းလာမှုနှင့်အတူ ကမ္ဘာလုံးဆိုင်ရာ လူနေမှုစရိတ်အကျပ်အတည်းသည် လူ့အဖွဲ့အစည်းကို ဆိုးရွားစွာ ထိခိုက်စေလျက်ရှိကြောင်း ကမ္ဘာ့စီးပွားရေးဖိုရမ်မှ မန်နေးဂျင်း ဒါရိုက်တာ Saadia Zahidi က ပြောကြားခဲ့ပါသည်။

## ကမ္ဘာလုံးဆိုင်ရာ ဆုတ်ယုတ်မှုအပေါ် စိုးရိမ်မှု

ကမ္ဘာ့စီးပွားရေးအလားအလာသည် "မှောင်မိုက်" နေပြီး ကမ္ဘာကြီးသည် "သိသာထင်ရှားသော စီးပွားရေးအန္တရာယ်" ကျရောက်နေကြောင်း World Economic Forum ၏ Chief Economists Outlook စစ်တမ်းအရ သိရသည်။ ၂၀၂၂ ခုနှစ်သည် ကမ္ဘာ့ဆင်းရဲမွဲတေမှု အဆိုးရွားဆုံး နှစ်များထဲမှ တစ်နှစ်ဖြစ်သည်ဟု ကမ္ဘာ့ဘဏ်မှ ခန့်မှန်းချက်ကို ကိုးကား၍ အစီရင်ခံစာက ဖော်ပြခဲ့သည်။ ယူကရိန်းစစ်ပွဲ၊ မြင့်မားသော ငွေကြေးဖောင်းပွမှုနှင့် စွမ်းအင်ထောက်ပံ့မှုဆိုင်ရာ ခြိမ်းခြောက်မှုများကြောင့် ဥရောပတွင် တိုးတက်မှု အားနည်းမည် သို့မဟုတ် အလွန်အားနည်းမည်ဟု ခန့်မှန်းခဲ့ကြသည်။ ထို့ပြင် ဥရောပတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက်များသည် လာမည့်နှစ်တွင် ပိုမို ဆိုးရွားလာမည်ဟု ခန့်မှန်းထားပါသည်။

ကမ္ဘာတစ်ဝန်းရှိ ဗဟိုဘဏ်များသည် ငွေကြေးဖောင်းပွမှုကို တုံ့ပြန်ရန်အတွက် အတိုးနှုန်းကို တစ်ပြိုင်နက်မြှင့်တင်ခြင်းကြောင့် ၂၀၂၃ ခုနှစ်တွင် ကမ္ဘာကြီးသည် ကမ္ဘာ့စီးပွားရေးကျဆင်းမှုဆီသို့ ဦးတည်သွားနိုင်သည့်အပြင် ထွန်းသစ်စဈေးကွက်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရေရှည်ထိခိုက်နိုင်သည့် ငွေကြေးအကျပ်အတည်းများဆီသို့ ဦးတည်သွားနိုင်ကြောင်း ကမ္ဘာ့ဘဏ်၏ လေ့လာမှုအသစ်များက ဆိုပါသည်။ ကမ္ဘာ့စီးပွားရေးသည် သိသိသာသာ နှေးကွေးနေပြီး စီးပွားပျက်ကပ်ရင်ဆိုင်နေရသည့် နိုင်ငံများ ပိုမိုများပြားလာသည့်အတွက် ထပ်မံနှေးကွေးသွားနိုင်ကြောင်း၊ ထွန်းသစ်စဈေးကွက်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ လူထုအတွက် ဆိုးရွားသောရေရှည်အကျိုးဆက်များနှင့်အတူ ယခုကဲ့သို့ ဖြစ်ပွားမှုများ ကာလရှည်ကြာဖြစ်ပွားမည်ကို များစွာစိုးရိမ်မိကြောင်း ကမ္ဘာ့ဘဏ်အုပ်စုဥက္ကဋ္ဌ David Malpass က ပြောကြားခဲ့သည်။

## စားနပ်ရိက္ခာနှင့် စွမ်းအင်လုံခြုံရေးအန္တရာယ်

၂၀၂၂ ခုနှစ် ဇူလိုင်လတွင် နိုင်ငံပေါင်း ၁၂၅ နိုင်ငံကျော်၌ စားနပ်ရိက္ခာဈေးနှုန်း ဖောင်းပွမှု ငါးရာခိုင်နှုန်းကျော် ရင်ဆိုင်ခဲ့ရပါသည်။ ယင်းသို့ ကြုံတွေ့ရသည့် နိုင်ငံများတွင် ဝင်ငွေနည်းသော နိုင်ငံနှင့် ဝင်ငွေအလယ်အလတ်ရှိသောနိုင်ငံ ၉၀ ရာခိုင်နှုန်းနှင့် ဝင်ငွေမြင့်နိုင်ငံ ၈၀ ရာခိုင်နှုန်းကျော် ပါဝင်ပါသည်။ ကမ္ဘာ့စားနပ် ရိက္ခာဖူလုံမှုနှင့် ပတ်သက်၍ စိုးရိမ်မှုများလည်းရှိနေပြီး လာမည့်သုံးနှစ်အတွင်း ကမ္ဘာ့နေရာ အနှံ့အပြားတွင် စိန်ခေါ်မှုများရှိလာနိုင်ပါသည်။

*စာမျက်နှာ ၁၁ သို့*

# “တတိယအကြိမ်မြောက် ပရိဘောဂဒီဇိုင်းပြိုင်ပွဲအစီအစဉ်”

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးပြည်နယ်ရှိ ခာတ်ပုံမြို့တော်ဖြစ်သော ဟီရရှီခါဝါမြို့နှင့် ဗိသုကာပညာရှင် Mr.Kuma Kengo တို့က ဦးစီး၍ “Furniture Fits in the Open Air” ခေါင်းစဉ်ဖြင့် “တတိယအကြိမ်မြောက် ပရိဘောဂဒီဇိုင်းပြိုင်ပွဲ” ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အဆိုပါပြိုင်ပွဲတွင် ပရိဘောဂပြိုင်ပွဲသို့ မည်သည့်နိုင်ငံသားမဆို သက်ဆိုင်ရာကျောင်း (သို့မဟုတ်) တက္ကသိုလ် တက်ရောက်နေသည့် အသက် (၃၀) နှစ်အောက် ကျောင်းသား ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး တစ်ဦးချင်း (သို့မဟုတ်) အဖွဲ့လိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပေးအပ်မည့် ဆုများအနေဖြင့် Kuma Kengo ဆု တစ်ဆု၊ ထူးချွန်ဆု သုံးဆုနှင့် နှစ်သိမ့်ဆု ခြောက်ဆုတို့ဖြစ်သည်။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် အခမဲ့စာရင်းပေးသွင်းနိုင်မည်ဖြစ်ပြီး လျှောက်လွှာတင်သွားရာ၌ ဒီဇိုင်းခေါင်းစဉ်၊ ဒီဇိုင်း၏ ဦးစားပေးအကြောင်း အရာ၊ ရှင်းလင်းဖော်ပြချက်၊ ပုံကြမ်း၊ ပုံချော၊ CG ပုံစံ (သို့မဟုတ်)ခာတ်ပုံ အစရှိသည်များကို A3 ဆိုဒ်၊ စာရွက်တစ်မျက်နှာတွင် အလျားလိုက်ရေးဆွဲကာ pdf ဖိုင်ဖြင့်ပေးပို့ရမည်ဖြစ်သည်။ ဒီဇိုင်း၏ ရှင်းလင်းဖော်ပြချက်အား အင်္ဂလိပ်ဘာသာ (သို့မဟုတ်) ဂျပန်ဘာသာဖြင့် ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်များအနက် ဆန်ခါတင်အဆင့် ပြိုင်ပွဲတွင် ၁၀ ဦးအား ရွေးချယ်၍ ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး ၎င်းတို့အတွက် လေယာဉ်စရိတ်၊ အသွား/အပြန်နှင့် တည်းခိုစရိတ်များကို ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီမှ ကျခံပေးသွားမည်ဖြစ်သည်။ ဆုပေးပွဲအခမ်းအနားသို့ အဖွဲ့လိုက်ပြိုင်ပွဲဝင်များအတွက် ကိုယ်စားပြုပြိုင်ပွဲဝင်တစ်ဦးကိုသာ ဖိတ်ကြားသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသူများအနေဖြင့် Website https://www.kagu.higa shikawa.jp တွင် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွားရမည်ဖြစ်ပြီး ပရိဘောဂဒီဇိုင်းလျှောက်လွှာများအား ၂၀၂၃ခုနှစ် မတ် ၃၁ ရက်တွင် နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်သည်။

အသေးစိတ်သိလိုသည့်အချက်အလက်များကို KAGU Design Competition Executive Committee Office, Mail: official @ kagu- higashikawa.jp သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ငါးကုန်ထုတ် သမဝါယမအသင်းများ၏ အသင်းပိုင်ငါးကန်များမှ ငါးများမွေးမြူဖြန့်ဖြူးလျက်ရှိ

**ပဲခူး ဒီဇင်ဘာ ၂၅**

သမဝါယမကဏ္ဍက ရေထွက်ကုန်ပစ္စည်းများကို စားသုံးသူပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရေးအတွက် No Profit, No Loss မူဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ပဲခူးမြို့နယ်ရှိ နေဝန်းနီငါးကုန်ထုတ်သမဝါယမအသင်းနှင့် ဥဿာငါးကုန်ထုတ်သမဝါယမအသင်း၊ တောင်ငူမြို့နယ်ရှိ ကေတုမတီငါးကုန်ထုတ်သမဝါယမအသင်း၊ ကျောက်တံခါးမြို့နယ်ရှိ ကန်သာယာငါးကုန်ထုတ်သမဝါယမအသင်း၊ လက်ပံတန်းမြို့နယ်ရှိ ကန်(၁၀၀) ငါးကုန်ထုတ်သမဝါယမအသင်းနှင့် သဲကုန်းမြို့နယ်ရှိ ချမ်းမြေ့ငါးကုန်ထုတ် သမဝါယမအသင်းများ၏ အသင်းပိုင်ငါးကန်များ၌ ငါးကြင်း၊ ငါးမြစ်ချင်း၊ ငါးမုတ်၊ ငါးတန်နှင့် ငါးခေါင်းပွငါးမျိုးများ မွေးမြူထားရှိပြီး ယခုနှစ် ဧပြီလမှ ဒီဇင်ဘာလအတွင်း ယင်းငါးကန်များမှ ဖော်ထုတ်ရရှိသည့် ငါးမျိုးစုံ ၃၈၅၅၇ ဒသမ ၇ ပိဿာကို စားသုံးသူပြည်သူများ ဝယ်ယူစားသုံးနိုင်စေရန် လက်လီလက်ကား ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၂ ခုနှစ် ဒီဇင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် အထူးပြုရေးသားသည့် “သွေးသည်အသက်” မျက်နှာဖုံးဆောင်းပါးကြီးများပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဒီဇင်ဘာလ)ကို ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာမြင့်သန်း(ညောင်လေးပင်)၊ ဒေါက်တာမြင့်သန်း(အမျိုးသားစာပေဆုရ) တို့၏ “သွေးသည်အသက်” မျက်နှာဖုံးဆောင်းပါးများ၊ ဒေါက်တာ ခင်မောင်ညို၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ ညီညီဖေ၊ ညီမော်သိမ်း၊ ဆန်းသစ်အောင် (မဟာဝိဇ္ဇာ-အင်္ဂလိပ်ဘာသာစကား)၊ တွဲဖက်ပါမောက္ခ ဦးလွင်မြင့်၊ ကိုဇော်ငြေး (ယဉ်ကျေးမှု) တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ ခင်မောင်အေး၏ ကလေးအလုပ်သမားဆိုင်ရာ ဆောင်းပါး၊ စိုးစိုး(ပန်းတောင်း)၏ အတွေးအခေါ်နှင့် တက်ကျမ်းဆိုင်ရာဆောင်းပါး၊ အေးထွန်းမင်း၊ K.M.A တို့၏ နိုင်ငံတကာနှင့် ဒီမိုကရေစီဆိုင်ရာဆောင်းပါးများ၊ ဒေါက်တာသန်းထွဋ်၊ မြသိန်းတို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ ဒေါက်တာ ကောင်းစံ၏ အကြမ်းဖက်မှုဆိုင်ရာဆောင်းပါး၊ ပါမောက္ခကိုကိုအောင်၊ ဆရာဝန် မင်းသိုက်၊ ဒေါက်တာမြင့်သန်း တို့၏ ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၏ စီးပွားရေးဆိုင်ရာဆောင်းပါး၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ဆောင်းဝင်းလတ်၊ ရဲထက်ဇော်၊ ရန်ကုန်ငြေးဇော်၊ ဒေါက်တာ စန်းဦး၊ မော်(သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတိုနှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း ၀၆၇- ၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း ၀၂- ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် သင်တန်းဖွင့်

**စလင်း ဒီဇင်ဘာ ၂၅**

မင်းဘူးခရိုင်အတွင်း ငါးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဒေသခံငါးမွေးတောင်သူများ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (GAqP စနစ်)နှင့်အညီ ငါးမွေးမြူရေးနည်းပညာများရရှိစေရန်နှင့် ငါးသယံဇာတများရေရှည် စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရန်ရည်ရွယ်၍ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် GAqP သင်တန်းကို ခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးပြီး စလင်းမြို့နယ် တမာချောင်ကျေးရွာ၌ ဒီဇင်ဘာ ၂၃ ရက်က ဖွင့်လှစ်သည်။

သင်တန်းတွင် ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းလှအောင်၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းကိုကိုထွန်းတို့က လက်ကမ်းစာစောင်များနှင့် အထောက်အကူပစ္စည်းများ ပေးအပ်ပြီး သင်ကြားပို့ချပေးခဲ့ကာ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်သည်။

**သတင်းစဉ်**



*စာမျက်နှာ ၁၀ မှ*

အာဖရိက ဆာဟာရအောက်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် မြောက်အာဖရိကဒေသတို့သည် များစွာထိခိုက်လွယ်သည့် ဒေသများဖြစ်ကြပြီး တောင်အာရှနှင့် ဗဟိုအာရှဒေသများတွင်လည်း စားနပ်ရိက္ခာဖူလုံရေး ပြဿနာဖြစ်လာနိုင်ကြောင်း ခန့်မှန်းထားကြပါသည်။ ၂၀၂၁ ခုနှစ်တွင် နိုင်ငံပေါင်း ၅၃ နိုင်ငံရှိ လူဦးရေ ၁၉၃ သန်းခန့်မှာ ပြင်းထန်သော စားနပ်ရိက္ခာ မလုံလောက်မှု ဖြစ်ပွားခဲ့ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ၂၀၂၂ နှစ်ကုန်တွင် စားနပ်ရိက္ခာ မလုံလောက်သည့် လူဦးရေ ၂၀၅ သန်းကျော်အထိ တိုးမြင့်လာမည်ဟု ခန့်မှန်းခဲ့ပါသည်။

စွမ်းအင်လုံခြုံရေးနှင့်ပတ်သက်၍ သဘာဝခာတ်ငွေ့ဈေးနှုန်းများသည် ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် စံချိန်တင်မြင့်တက်လာခဲ့ပါသည်။ ၂၀၂၁-၂၀၂၂ ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်အကျပ်အတည်းသည် ၂၀၂၁ ခုနှစ် ကိုဗစ်-၁၉ ဖြစ်ပွားချိန်မှစ၍ ကမ္ဘာတစ်ဝန်း ရေနံ၊ သဘာဝခာတ်ငွေ့နှင့် လျှပ်စစ်ဈေးကွက်များတွင် ဈေးနှုန်းမြင့်တက်ခြင်းနှင့် ပြတ်တောက်မှုတို့နှင့် ရင်ဆိုင်ခဲ့ရသည်။ စွမ်းအင်အကျပ်အတည်းသည် အမျိုးမျိုးသော စီးပွားရေးအကြောင်းရင်းများစွာကြောင့် ဖြစ်ပေါ်လာပြီး ရုရှား-ယူကရိန်းစစ်ပွဲသည် ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်အကျပ်အတည်းကို ပိုမိုကျယ်ပြန့်လာစေခဲ့သည်။

သဘာဝခာတ်ငွေ့ဈေးနှုန်းများ စံချိန်တင်မြင့်တက်လာခဲ့ပြီး အချို့သောဈေးကွက်များတွင် လျှပ်စစ်ဈေးနှုန်းများလည်း မြင့်တက်လာခဲ့သည်။ မြင့်မားသော စွမ်းအင်ဈေးနှုန်းများသည် မိသားစုများကို ဆင်းရဲတွင်းသို့ တွန်းပို့ခဲ့ပြီး အချို့သောစက်ရုံများက ထုတ်လုပ်မှုလျှော့ချခြင်း သို့မဟုတ် ပိတ်သိမ်းခြင်းတို့ကြောင့် စီးပွားရေးတိုးတက်မှုကို နှေးကွေးစေခဲ့သည်။ စွမ်းအင်ထောက်ပံ့မှုနှင့်ပတ်သက်၍ ဥရောပသည် ရုရှားအပေါ် များစွာမှီခိုနေရမှုကြောင့် ၂၀၂၂-၂၀၂၃ ဆောင်းရာသီအတွင်း ခာတ်ငွေ့ အခက်အခဲကြုံတွေ့ရပြီး ထွန်းသစ်စစီးပွားရေးလုပ်ငန်းများသည် စွမ်းအင်အတွက် ကုန်ကျစရိတ် ပိုမိုမြင့်မားလာမှုနှင့် လောင်စာဆီပြတ်လပ်မှုများ ကြုံတွေ့ခဲ့ကြရပါသည်။

## နှစ်သစ် ၂၀၂၃

အကောင်း၊ အဆိုး မည်သို့ပင်ရှိစေကာမူ နှစ်ဟောင်း ၂၀၂၂ ခုနှစ်မှာ မကြာမီ ကုန်ဆုံးတော့မည်ဖြစ်သည်။ အချိန်ကာလ ပြောင်းလဲသွားသော်လည်း မပြောင်းလဲဘဲ နှစ်သစ် ၂၀၂၃ သို့ ယူဆောင်လာမည့် အဖြစ်အပျက်များနှင့် ၎င်းတို့၏ အကျိုးဆက်များကတော့ အသင့်စောင့်ကြိုနေပါသည်။ ထိုအဖြစ်အပျက်များတွင် ကိုင်တွယ် ဖြေရှင်းရန် လွယ်ကူသည်များလည်း ပါဝင်၏၊ ခက်ခဲသည်များလည်း ပါဝင်၏။ ဘယ်သူမပြု မိမိမှုပင် ဖြစ်ပါသည်။ မိမိတို့ ကောင်းကျိုး၊ ဆိုးကျိုး ခံစားရသည်မှာ မိမိပြုခဲ့သော ကောင်းမှု၊ မကောင်းမှုကြောင့်ဟု ဆိုရပါမည်။ အချိန်ကာလနှင့် နှစ်များပြောင်းလဲသွားသော်လည်း မိမိတို့၏ ကိုယ်ဖြင့်ပြုလုပ်မှု ကာယကံ၊ နှုတ်ဖြင့် ပြောဆိုမှု ဝစီကံ၊ စိတ်ဖြင့်ကြံစည်မှု မနောကံတို့ကြောင့် အကျိုးစီးပွားကို ဖြစ်စေတတ်သော ကုသိုလ်ကံနှင့် အကျိုးစီးပွားမဲ့ကို ဖြစ်စေသော အကုသိုလ်ကံတို့ကို ရရှိမည်ဖြစ်သည်။

နှစ်သစ် ၂၀၂၃ တွင် မည်သို့မျှော်လင့်ကြမည်နည်း။ လူတိုင်းကတော့ အကောင်းဆုံးကို မျှော်လင့်ကြမည်သာဖြစ်သည်။ ထို့အထဲတွင် မိမိကိုယ်ကို မိမိ ပြောင်းလဲတိုးတက်နိုင်သူတို့အတွက် အချိန်တိုင်းသည် မျှော်လင့်ချက်များပြည့်နေသည့် နှစ်သစ်ဖြစ်နေမည် ဖြစ်ပါသည်။ ။

**ကိုးကား -**


၁။ Significant World Events Of 2022, December 18, 2022, https://www.ndtv.com/feature/in-pics-significant-world-events-of-2022-3617086

၂။ The world is at a point of significant economic danger, say experts, Sep 28, 2022, World Economic Forum

၃။ Risk of Global Recession in 2023 Rises Amid Simultaneous Rate Hikes, september 15, 2022, The World Bank

# အမေရိကန်နိုင်ငံတစ်ဝန်း နှင်းမုန်တိုင်းကြောင့် ဒီဇင်ဘာ ၂၄ ရက် ညနေပိုင်းအထိ သေဆုံးသူ ၂၃ ဦးထက်မနည်းရှိ

**နယူးယောက် ဒီဇင်ဘာ ၂၅**

အမေရိကန်နိုင်ငံတွင် ဒီဇင်ဘာ ၂၄ ရက် ညနေပိုင်းအထိ နှင်းမုန်တိုင်းကြောင့် သေဆုံးသူ ၂၃ ဦးထက်မနည်းရှိပြီဟု အင်န်ဘီစီသတင်း၏ ဖော်ပြချက်အရ သိရသည်။ အိုကလာဟိုးမား၊ ကန်တက်ကီ၊ တန်နက်ဆီ၊ ဝစ္စကွန်ဆင်၊ နီဘရာစကား၊ အိုဟိုင်းယိုး၊ နယူးယောက်၊ ကော်လိုရာဒိုနှင့် မီချီဂန်ပြည်နယ်တို့တွင် နှင်းမုန်တိုင်းကြောင့် လူသေဆုံးမှုများ ဖြစ်ပေါ်ခဲ့ခြင်း ဖြစ်သည်။



သေဆုံးသူများထဲမှ လေးဦးမှာ ဒီဇင်ဘာ ၂၃ရက် မွန်းလွဲပိုင်းက အိုဟိုင်းယိုးပြည်နယ်အနီး ယာဉ်အစုလိုက် တိုက်မိမှုကြောင့်ဖြစ်ပြီး ယင်းဖြစ်ရပ်အတွက် အိုဟိုင်းယိုးပြည်နယ် အုပ်ချုပ်ရေးမှူး မိုက်ဒီဝိုင်းက ယခုသီတင်းပတ်တွင် ပြည်နယ်အတွင်း ကြောက်မက်ဖွယ် ယာဉ်တိုက်မှုများကို ဖြေရှင်းပြီးဖြစ်ကြောင်း တွစ်တာပေါ်၌ ရေးသားခဲ့သည်။

အပြင်ထွက်မည်ဆိုပါက ဖြည်းဖြည်းမောင်းရန်၊ လုံခြုံသည့်နေရာတွင် ကားရပ်ထားရန် သတိပေးပြောကြားခဲ့သည်။ ပြည်သူများ မိမိတို့လိုရာခရီးသို့ လုံခြုံဘေးကင်းစွာ ရောက်စေလိုကြောင်း ၎င်းက ဆက်ပြောသည်။ နှင်းမုန်တိုင်းမှာ ဆက်လက်ရှိနေပြီး လေပြင်းများတိုက်ခတ်ခြင်း၊ အပူချိန်လျော့ကျခြင်းနှင့် နှင်းများထူထပ်စွာ ကျဆင်းခြင်းတို့ ဖြစ်ပေါ်မည်ဟု အမေရိကန်မိုးလေဝသဌာနက ဒီဇင်ဘာ ၂၄ ရက်တွင် ပြောသည်။

အမေရိကန်၌ ခရစ္စမတ်အကြိုတွင် ထောင်နှင့်ချီသော နေအိမ်များနှင့် လုပ်ငန်းများမှာ လျှပ်စစ်မီးပြတ်တောက်မှု ကြုံတွေ့ရသည်။ အမေရိကန်ပြည်ထောင်စုတွင် ဒီဇင်ဘာ ၂၄ ရက်က အဝင်အထွက် လေယာဉ်ခရီးစဉ်ပေါင်း ၃၃၀၀ ကျော်မှာ ရာသီဥတုဆိုးရွားမှုကြောင့် ဖျက်သိမ်းခဲ့ရပြီး လေယာဉ်ပြေးဆွဲမှုပေါင်း ၇၅၀၀ မှာ ခရီးနှောင့်နှေးခဲ့ရသည်။

**ဆင်ဟွာ**

# မလေးရှားနိုင်ငံ၌ မြေပြိုမှုကြောင့် သေဆုံးသူ စုစုပေါင်း ၃၁ ဦးရှိ

**ကွာလာလမ်ပူ ဒီဇင်ဘာ ၂၅**

ပြီးခဲ့သည့်သီတင်းပတ်က မလေးရှားနိုင်ငံတွင် မြေပြိုမှုဖြစ်စဉ်အတွင်း သေဆုံးသူစာရင်း အတိအကျကို ဒီဇင်ဘာ ၂၄ ရက်တွင် အာဏာပိုင်များက ဖော်ပြခဲ့သည်။ မြေပြိုမှုကြောင့် သေဆုံးသူစုစုပေါင်းမှာ ၃၁ ဦး ရှိပြီဖြစ်သည်။

နောက်ဆုံးတွေ့ရှိထားသည့် အလောင်းမှာ အသက် ၁၂ နှစ်နှင့် ခုနစ်နှစ်ကြား ယောကျ်ားကလေးတစ်ဦး၏ အလောင်းဖြစ်ပြီး ဆီလန်ဂေါ ပြည်နယ် အပန်းဖြေစခန်းရှိရာနေရာမှ လေးမီတာအကွာတွင် တွေ့ရှိရသည်ဟု မီးသတ်နှင့်ကယ်ဆယ်ရေးဌာနမှ ပြောသည်။ သေဆုံးသူများစာရင်းကို အစိုးရက ထုတ်ပြန်ခဲ့သည်။ အသက်အငယ်ဆုံးသေဆုံးသူမှာ အသက် တစ်နှစ်အရွယ်ကလေးဖြစ်ပြီး အသက်အကြီးဆုံးသေဆုံးသူမှာ ၆၇ နှစ်အရွယ်ဖြစ်သည်။ သေဆုံးသူများထဲမှ ၁၁ ဦးမှာ ကလေးများဖြစ်သည်။

ပြီးခဲ့သည့်သီတင်းပတ် သောကြာနေ့က ဆီလန်ဂေါပြည်နယ်ရှိ လာရောက်လည်ပတ်သူများပြားသည့် ထင်ရှားကျော်ကြားသော အပန်းဖြေစခန်းချရာနေရာတွင် မြေပြိုမှုဖြစ်ပွားခဲ့ပြီး မြေသားကုဗမီတာ ၄၅၀၀၀၀ မှာ အိပ်ပျော်နေသော လူများရှိရာနေရာသို့ ပြိုကျလာခြင်းဖြစ်သည်။ အခင်းဖြစ်ပွားစဉ်က လူပေါင်း ၁၀၀ နီးပါး အိပ်ပျော်နေကြသည်။

**ဆင်ဟွာ**

# အမေရိကန် ဈေးဝယ်စင်တာအတွင်း သေနတ်ပစ်ခတ်မှုဖြစ်စဉ် ငါးဦးသေဆုံး

**ဝါရှင်တန် ဒီဇင်ဘာ ၂၅**

အမေရိကန်နိုင်ငံ မင်နီဆိုးတားပြည်နယ်ရှိ Mall of America ဈေးဝယ်စင်တာကြီး အတွင်း ကြောက်မက်ဖွယ် သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့ပြီး ယင်းဖြစ်စဉ်နှင့် ဆက်စပ်သည့် လူငါးဦးကို ဒီဇင်ဘာ ၂၄ ရက်က ဖမ်းဆီးခဲ့သည်ဟု သိရသည်။

ရဲများက ရှာဖွေဝရမ်းထုတ်ပြီးနောက် အသက် ၁၈ နှစ်အရွယ် နှစ်ဦးနှင့် ၁၇ နှစ်အရွယ် သုံးဦးတို့ကို ဖမ်းဆီးထိန်းသိမ်းထားသည်ဟု ဘလူမင်တန်မြို့မှ ရဲဌာနအကြီးအကဲဖြစ်သူ ဘရုကာဟွတ်ခ်က ပြောသည်။ လူသတ်မှုအတွက် အပြစ်ရှိသူများကို ဖမ်းဆီးထားခြင်း ဖြစ်သည်ဟု ၎င်းကဆက်ပြောသည်။ ဒီဇင်ဘာ ၂၃ ရက် ညပိုင်းက အသက် ၁၉နှစ်အရွယ် အမျိုးသားတစ်ဦးမှာ ဈေးဝယ်စင်တာကြီး အတွင်းရှိ စတိုးဆိုင်တွင် ပစ်သတ်ခံခဲ့ရသည်။




ဈေးဝယ်စင်တာကြီးအတွင်း လုံခြုံရေးဝန်ထမ်းများကို တွေ့ရစဉ်။

သေနတ်ဒဏ်ရာပေါင်းများစွာဖြင့် အခင်းဖြစ်ပွားရာနေရာတွင် သေဆုံးခဲ့သည်။ ဈေးဝယ်စင်တာကြီးအတွင်း ပစ်ခတ်မှုမှာ မဖြစ်သင့်သည့်ကိစ္စဖြစ်သည်ဟု မင်နီဆိုးတားပြည်နယ် အုပ်ချုပ်ရေးမှူး တင်ဝေါ်ဇ် က ပြောသည်။ စတိုးဆိုင်ပေါင်း ၅၀၀ ကျော်ရှိသည့် ဈေးဝယ်စင်တာကြီးမှာ အခင်းဖြစ်ပွားမှုကြောင့် ပိတ်ထားရသည်။

ခရစ္စမတ်မတိုင်မီ ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အမေရိကန်ပြည်ထောင်စုတွင် ယခုနှစ်အတွင်း သေနတ်ဖြင့် အကြမ်းဖက်ပစ်ခတ်မှုများကြောင့် လူပေါင်း ၄၃၀၀၀ ကျော် အသက်ဆုံးရှုံးခဲ့ရသည်ဟု သေနတ်ဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ စုစည်းရာဌာန၏ အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၆၆၆ ဦးတွေ့ရှိပြီး သေဆုံးသူ ၂၁ ဦးရှိ



**မနီလာ ဒီဇင်ဘာ ၂၅**

ဖိလစ်ပိုင်နိုင်ငံ၌ ဒီဇင်ဘာ ၂၅ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၆၆၆ ဦးနှင့် အဆိုပါရောဂါကြောင့် ထပ်မံသေဆုံးသူ ၂၁ ဦးရှိကြောင်း သိရသည်။

ထို့အပြင် ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ဆဲလူနာအရေအတွက်မှာ ၁၅၉၃၇ ဦးသို့ ကျဆင်းလာကြောင်း ကျန်းမာရေးဌာနက ပြောသည်။ ကိုဗစ်ရောဂါကြောင့် ထပ်မံသေဆုံးသူများရှိသည့်အတွက် ဖိလစ်ပိုင်နိုင်ငံတစ်ဝန်း သေဆုံးသူပေါင်း ၆၅၂၃၆ ဦးအထိ ရှိလာပြီဖြစ်သည်။

ကိုဗစ်ရောဂါ ထပ်မံကူးစက်ခံရသူများတွင် လူဦးရေ ၁၃ သန်းကျော်နေထိုင်သော မြို့တော်မနီလာ ဝန်းကျင်ဒေသမှ ၂၅၅ ဦး ပါဝင်ကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်ကို ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၃၉၀၀၄ ဦးရှိသည့်အတွက် တစ်ရက်တည်း အများဆုံးကူးစက်မှုအဖြစ် မှတ်တမ်းတင်ထားသည်။

လူဦးရေ သန်း ၁၁၀ ခန့်ရှိသော ဖိလစ်ပိုင်နိုင်ငံ၌ ၇၃ ဒသမ ၈ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံထားကြောင်း သိရသည်။

**ဆင်ဟွာ**

# တောင်ပိုင်းရေပိုင်နက်တွင် တရားမဝင် စက်သုံးဆီ လီတာ ၁၁၅၀၀၀ ကို အီရန်ဖမ်းဆီး

**တီဟီရန် ဒီဇင်ဘာ ၂၅**

အီရန်နိုင်ငံ တောင်ပိုင်းရေပြင်တွင် တရားမဝင် သယ်ဆောင်လာသည့် စက်သုံးဆီ လီတာ ၁၁၅၀၀၀ ကို အီရန်ရေတပ်က ဖမ်းဆီးခဲ့ကြောင်း ဒီဇင်ဘာ ၂၄ ရက်က အိုင်အာရ်အိုင်ဘီ သတင်းဌာန၏ ဖော်ပြချက်အရ သိရသည်။

အီရန်ရေတပ်သည် နိုင်ငံပိုင်ရေပြင်၌ ကင်းလှည့်ဆောင်ရွက်နေစဉ် ကွက်ရှ်ကျွန်းအနီးတွင် တရားမဝင် တင်ဆောင်လာသော ကုန်တင်ရေယာဉ်ကို တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ဟော်မုဇ်ဂန်ပြည်နယ် တရားသူကြီးချုပ် မိုတာဘာ ကာရီမန်နီ၏ ပြောကြားချက်ကို အိုင်အာရ်အိုင်ဘီက ကိုးကားဖော်ပြသည်။

မှောင်ခိုကူးသူများသည် ပလတ်စတစ်ကွန်တိန်နာ နှစ်လုံးကို အသုံးပြုကာ အဆိုပါ စက်သုံးဆီများကို မြန်နှုန်းမြင့် ရေယာဉ်များထံ ပို့ဆောင်ရန်ရည်ရွယ်ကြောင်း သိရသည်။ ခန့်မှန်းတန်ဖိုး အမေရိကန်ဒေါ်လာ ၇၈၇၅၀၀ ရှိ စက်သုံးဆီများကို အမျိုးသားအီရန်ရေနံ သန့်စင်ရေးနှင့် ဖြန့်ဖြူးရေးကုမ္ပဏီထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း ကာရီမန်နီက ပြောသည်။

**ဆင်ဟွာ**

# အာဖဂန်အမျိုးသမီး အလုပ်သမားများ အလုပ်လုပ်မှုရပ်ဆိုင်းရန် အစိုးရမဟုတ်သောအဖွဲ့အစည်းများကို တာလီဘန်အမိန့်ပေး

**ကဘူးလ် ဒီဇင်ဘာ ၂၅**

ပြီးခဲ့သည့်နှစ်က အာဖဂန်နစ္စတန်နိုင်ငံကို ထိန်းချုပ်ထားသည့် တာလီဘန်တို့သည် နောက်ထပ်သတိပေးချက် မထုတ်ပြန်မီအထိ အမျိုးသမီး အလုပ်သမားများကို ရပ်ဆိုင်းရန် နိုင်ငံအတွင်းရှိ ပြည်တွင်းနှင့် နိုင်ငံတကာမှ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ နှစ်ခုစလုံးကို အမိန့်ပေးခဲ့သည်။



လိုက်နာရန် ပျက်ကွက်ပါက နိုင်ငံအတွင်းလုပ်ကိုင်ဆောင်ရွက်ရန် အင်န်ဂျီအိုများ၏ လိုအပ်သောခွင့်ပြုချက်များကို ဖျက်သိမ်းခံရမည်ဟု အစ္စလာမ့်စ်အုပ်စုက ဒီဇင်ဘာ ၂၄ ရက်က ကြေညာခဲ့သည်။ ထိုသို့တားမြစ်ရခြင်း အကြောင်းရင်းမှာ အများသူငှာနေရာများတွင် အာဖဂန်အမျိုးသမီးများ၏ ဆံပင်ကို ဖုံးအုပ်ရန် မွတ်စလင်အမျိုးသမီးများ အသုံးပြုသည့် ခေါင်းစည်းပဝါကို အမျိုးသမီး အလုပ်သမားအချို့က မှားယွင်းစွာ ဝတ်ဆင်ခြင်းကြောင့် ဖြစ်ကြောင်း တာလီဘန်တို့က ဆိုသည်။ **အင်န်အိတ်ချ်ကေ**

# သီရိလင်္ကာနိုင်ငံ ဒေသအနှံ့အပြား၌ မိုးသည်းထန်စွာရွာသွန်းနိုင်ကြောင်း မိုးလေဝသဌာန ပြော

**ကိုလံဘို ဒီဇင်ဘာ ၂၅**

သီရိလင်္ကာနိုင်ငံ ဒေသအနှံ့အပြား၌ နောက်ထပ် ၄၈ နာရီအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုဖြစ်ပေါ်လာနိုင်ကြောင်း မိုးလေဝသဌာနက ဒီဇင်ဘာ ၂၅ ရက်တွင် ပြောသည်။

ဘင်္ဂလား ပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် နိုင်ငံတစ်ဝန်းရွေ့လျားနေပြီး တစ်ခါတစ်ရံတွင် အားကောင်းသည့် လေပြင်းမုန်တိုင်း ကျရောက်နိုင်ကြောင်း အဆိုပါဌာနက ပြောသည်။ ထို့အပြင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ရေလှောင်ကန်အများစု၏ ရေမျက်နှာပြင်သည် မြင့်တက်လာသည့်အတွက် မြစ်များအနီးရှိ မြေနိမ့်ပိုင်းဒေသများ၌ နေထိုင်ကြသူများကို ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်သည်ဟု သတိပေးထားကြောင်း ဆည်မြောင်းဦးစီးဌာနက ပြောသည်။

သီရိလင်္ကာ မီးရထားဌာနကလည်း ရထားပြေးဆွဲမှုခရီးစဉ်များစွာကို ဖျက်သိမ်းထားရကြောင်းနှင့် ခရိုင်လေးခုအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် ကြုံတွေ့နေပြီး သတိဝီရိယဖြင့် နေထိုင်ကြရန် ပြည်သူများကို တိုက်တွန်းထားကြောင်း သိရသည်။

**ဆင်ဟွာ**



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်ခံရသူသစ် ၂၂၇ ဦးတွေ့ရှိ၊ နှစ်ဦးထပ်မံသေဆုံး

**နယူးဒေလီ ဒီဇင်ဘာ ၂၅**

အိန္ဒိယနိုင်ငံ၌ ဒီဇင်ဘာ ၂၅ ရက်တွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၂၂၇ ဦး အထိ တိုးလာကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယခုအခါ ကိုဗစ်-၁၉ ပိုးတွေ့ရှိဆဲ အရေအတွက်မှာ ၃၄၂၄ ဦးရှိကြောင်း အစိုးရက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ နှစ်ဦးရှိသဖြင့် ကပ်ရောဂါစတင်ဖြစ်ပွားသည့် အချိန်မှစကာ အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၃၀၆၉၃ ဦးအထိ မြင့်တက်လာကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။




ယခုအချိန်အထိ လူပေါင်း ၄၄၁၄၂၉၈၉ ဦးမှာ အောင်မြင်စွာကုသနိုင်ခဲ့ပြီး ဆေးရုံမှဆင်းခွင့်ရရှိခဲ့သည်။ နိုင်ငံတစ်ဝန်း ၉၀၉ သန်းကျော် ကိုဗစ်-၁၉ စစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၅ ရက်တွင် ပြောကြားသည်။ ဒီဇင်ဘာ ၂၄ ရက် တစ်ရက်တည်းတွင် စစ်ဆေးမှုပေါင်း ၁၂၉၁၅၉ ခု စစ်ဆေးမှုပြုလုပ်ခဲ့ရာ ယခုအချိန်အထိ စုစုပေါင်းနမူနာ ၉၀၉၉၀၈၅၅၀ ကို စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း ဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**



စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး နီရှိမူရာယာဆုတိုရှိ။

# ဂျပန် စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး ယာဆုတိုရှိ ဆော်ဒီအာရေဗျသို့ သွားရောက်

**ရီယာ့ဒ် ဒီဇင်ဘာ ၂၅**

ဂျပန်စက်မှုဝန်ကြီးသည် ဒီဇင်ဘာ ၂၅ ရက်တွင် ဆော်ဒီအာရေဗျနှင့် အိုမန်နိုင်ငံတို့သို့ သုံးရက်ကြာခရီးစဉ် စတင်လျက်ရှိကြောင်း သိရသည်။ ၎င်းအနေဖြင့် အရှေ့အလယ်ပိုင်းနိုင်ငံများနှင့်အတူ စွမ်းအင်၊ ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြေခံအဆောက်အအုံကဲ့သို့သောနယ်ပယ်များတွင် ခိုင်မာသည့်ဆက်ဆံရေးကိုရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး နီရှိမူရာယာဆုတိုရှိသည် ဒီဇင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ဆော်ဒီအာရေဗျနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ ဆော်ဒီအာရေဗျသည် ဂျပန်နိုင်ငံ၏ အကြီးဆုံးရေနံစိမ်းတင်သွင်းသည့် နိုင်ငံဖြစ်သည်။ ဝန်ကြီးယာဆုတိုရှိသည် ဒီဇင်ဘာ ၂၇ ရက် တွင် သဘာဝဓာတ်ငွေ့ရည်ထုတ်လုပ်သည့် အိုမန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# တောင်အာဖရိက၌ ဓာတ်ငွေ့တင်ထရပ်ကားတစ်စီး ပေါက်ကွဲရာမှ သေဆုံးသူ ၁၅ ဦးအထိ တိုးလာ

**ဂျိုဟန်နစ္စဘတ် ဒီဇင်ဘာ ၂၅**

တောင်အာဖရိကနိုင်ငံ ဘော့စ်ဘာ့ဂ်၌ ဓာတ်ငွေ့တင်ထရပ်ကားတစ်စီး ပေါက်ကွဲမှုဖြစ်ပွားရာမှ သေဆုံးသူအရေအတွက်မှာ ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် ၁၅ ဦးအထိ တိုးလာကြောင်း ကျန်းမာရေးဝန်ကြီး ဂျိုးဖာအာလာက ဒီဇင်ဘာ ၂၅ ရက်တွင် ပြောသည်။

အဆိုပါ ဓာတ်ငွေ့တင်ထရပ်ကားမှာ ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက ဂေါင်တန်ပြည်နယ် ဘော့စ်ဘာ့ဂ်ရှိ တံတားတစ်စင်းအောက်၌ ဖြတ်ကျော်မောင်းနှင်ရာမှ ပွတ်တိုက်မှုဖြစ်ပွားပြီး မီးလောင်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ထိုကဲ့သို့ မီးလောင်ပေါက်ကွဲမှုကြောင့် အနီးအနားရှိ အဆောက်အအုံများ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။


အခင်းဖြစ်ပွားရာနေရာမှ မီတာ ၁၀၀ အကွာအဝေးတွင်ရှိသော တန်ဘိုမန်မိုရယ် ဆေးရုံ၌ စုစုပေါင်းလူနာ ၂၄ ဦးနှင့် ဝန်ထမ်း ၁၃ ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူများထဲမှ ယာဉ်မောင်းနှင့် သူနာပြုနှစ်ဦးမှာ သေဆုံးသွားခဲ့ကြောင်း ဖာအာလာက ပြောသည်။ ထိုပေါက်ကွဲမှုကြောင့် အနီးအနားရှိဆေးရုံမှာ ပျက်စီးမှုရှိခဲ့ကြောင်း ဖာအာလာက ပြောသည်။ **ဆင်ဟွာ**



# အဆိပ်သင့်အရက် သောက်သုံးမိခြင်း၏ အကျိုးဆက်

**နေနှောင်းအိမ်**

စီးပွားရေးလုပ်ငန်းကိစ္စကြောင့်သော်လည်းကောင်း၊ လူမှုရေးကိစ္စအရှုပ်အရှင်းကြောင့်သော်လည်းကောင်း၊ စားဝတ်နေရေးအဆင်မပြေမှုကြောင့်သော်လည်းကောင်း လောကလူသားတွေဟာ စိတ်ပင်ပန်း၊ လူပင်ပန်း ဖြစ်လာတဲ့အခါ လူအမျိုးမျိုး စိတ်အထွေထွေ ရှိကြတဲ့အလျောက် ထွက်ပေါက်ရှာ ဖြေဖျောက်တဲ့ပုံစံကလည်း အမျိုးမျိုးရှိကြပါတယ်။ အဲဒီလိုဖြစ်လာတဲ့အခါ တချို့က သီချင်းအော်ဟစ်ဆိုပြီး ဖြေဖျောက်ကြတယ်။ တချို့ကျတော့ ရုပ်ရှင်ကြည့်တာ၊ ကော်ဖီဆိုင်ထိုင်တာ၊ စာအုပ်ဖတ်တာ၊ တရားထိုင်တာ၊ ခရီးထွက်တာ စတာတွေ ပြုလုပ်ပြီး ဖြေဖျောက်လေ့ရှိကြတယ်။ တချို့ကျပြန်တော့ အုပ်စုဖွဲ့ကာ အရက်သေစာ သောက်စားပြီး ဖြေဖျောက်ဖို့ ကြိုးစားကြတယ်။



**အရက်အဆိပ်သင့်ပြီး အသက်သေဆုံးမှုတွေ မကြာခဏ ကြားနေရ**

အရက်သေစာ သောက်စားပြီး စိတ်ဖိစီးမှုကို ဖြေဖျောက်ဖို့ကြိုးစားတာက အခြားအရာတွေထက် ကောင်းကျိုးထက် ဆိုးကျိုးပိုများတာ တွေ့ရတယ်။ အထူးသဖြင့် အရက်သေစာသောက်စားတဲ့နေရာမှာ တချို့က တရားဝင်ခွင့်ပြုထားတဲ့ အရက်ကို သောက်ကြတယ်။ တချို့ကျပြန်တော့ အရက်တုတွေ သောက်သုံးကြတယ်။ အဲဒီလို တရားမဝင် အရက်တုတွေ သောက်သုံးမိခြင်းကြောင့် အရက်အဆိပ်သင့်ပြီး အသက်သေဆုံးမှု ဖြစ်ပွားနေတာတွေကို မကြာခဏ ကြားနေရတယ်။

**သတိလစ်ခြင်းနဲ့ သေဆုံးတဲ့အထိ ပြင်းထန်နိုင်**

အရက်အဆိပ်သင့်ခြင်းဟာ အသက်ဆုံးရှုံးစေတဲ့အထိ ကြောက်ဖို့ကောင်းတဲ့ အရက်အလွန်အကျွံ သောက်ခြင်းရဲ့ ဆိုးကျိုးဖြစ်ပါတယ်။ အချိန်တို အတွင်း အရက်အလွန်အကျွံ သောက်သုံးပါက အသက်ရှူနှုန်း၊ နှလုံးခုန်နှုန်း၊ ကိုယ်အပူချိန်နဲ့ ခန္ဓာကိုယ်တုံ့ပြန်မှုတွေကို ထိခိုက်စေပြီး သတိလစ်ခြင်းနဲ့ အသက်သေဆုံးတဲ့အထိ ပြင်းထန်နိုင်ပါတယ်။ အခြားနိုင်ငံတွေထက် အိန္ဒိယနိုင်ငံမှာတော့ အရက်အဆိပ်သင့်မှုကြောင့် သေဆုံးမှုနှုန်း ပိုအဖြစ်များတာကို နိုင်ငံတကာ သတင်းစာမျက်နှာတွေမှာ အကျယ်တဝင့်ဖော်ပြထားတာ တွေ့ရပါတယ်။

**၂၀၁၅ ခုနှစ်မှာ အရက်အဆိပ်သင့်မှုကြောင့် သေဆုံးသူပေါင်း ၁၅၂၂ ဦးရှိ**

အိန္ဒိယနိုင်ငံရှိ ဥတ္တရပရာဒေ့ရှ်ပြည်နယ်နဲ့ ဥတ္တရာခဏ်ပြည်နယ်နှစ်ခုမှာ ၂၀၁၉ ခုနှစ် ဖေဖော်ဝါရီလက အရက်အဆိပ်သင့်မှုကြောင့် လူပေါင်း ၁၀၀ နီးပါး သေဆုံးမှုဖြစ်ပွားခဲ့တယ်။ အိန္ဒိယ အမျိုးသားမှုခင်းမှတ်တမ်းဗျူရိုရဲ့ ထုတ်ပြန်ချက်အရ ၂၀၁၅ ခုနှစ်မှာ အရက်အဆိပ်သင့်မှုကြောင့် သေဆုံးသူပေါင်း ၁၅၂၂ ဦး ရှိတယ်လို့ သိရပါတယ်။ သေဆုံးတဲ့သူ အားလုံးနီးပါးဟာ အမျိုးသားတွေ ဖြစ်တယ်လို့လည်း သိရပါတယ်။

**ယစ်မျိုးခွန်အရာရှိ ခုနစ်ဦးနဲ့ ရဲတပ်ဖွဲ့ဝင်တွေကို ရာထူးကနေ ဆိုင်းငံ့ထား**

ဒါ့အပြင် ၂၀၂၀ ပြည့်နှစ်ကလည်း အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်မှာ ဇူလိုင်လနဲ့ ဩဂုတ်လကြား အရက်အဆိပ်သင့်မှုဖြစ်ပွားခဲ့ပြီး လူပေါင်း ၁၀၀ နီးပါးသေဆုံးခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီဖြစ်စဉ်နဲ့ ပတ်သက်ဆက်နွှယ်တဲ့ လူ ၄၀ ကို ဖမ်းဆီးထိန်းသိမ်းခဲ့တဲ့အပြင် ယစ်မျိုးခွန်အရာရှိ ခုနစ်ဦးနဲ့ ရဲတပ်ဖွဲ့ဝင်ခြောက်ဦးကိုလည်း ရာထူးကနေ ဆိုင်းငံ့ထားခဲ့ပါတယ်။

**သေဆုံးသူ အရေအတွက် ၈၁ ဦးအထိ မြင့်တက်လာ**

မကြာသေးခင်က အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်မှာ အဆိပ်သင့်အရက်သောက်သုံးမိခြင်းမှ သေဆုံးသူ အရေအတွက်ဟာ ၈၁ ဦးအထိ မြင့်တက်လာတယ်လို့ အိန္ဒိယနိုင်ငံပိုင် အသံလွှင့်ဌာန (အေအိုင်အာရ်)က ထုတ်ပြန်ကြေညာသွားပါတယ်။ အဲဒီလို သေဆုံးမှုဖြစ်ပွားခဲ့တာဟာ ဘီဟာပြည်နယ်ရဲ့ ဆာရန်ခရိုင်မှာ ၇၄ ဦးနဲ့ အများဆုံးဖြစ်ပြီး ဆီဝမ်ခရိုင်မှာ ငါးဦးနဲ့ ဘီဂူဆာရိုင်ခရိုင်မှာ နှစ်ဦး သေဆုံးခဲ့တာ ဖြစ်ပါတယ်။

**အဆိပ်သင့်အရက် သောက်သုံးမိခြင်းကြောင့်ဖြစ်**

သေဆုံးမှုနဲ့ပတ်သက်ပြီး ကနဦးသတင်းပေးပို့ချက်မှာ ဘီဟာပြည်နယ်ရဲ့ မြို့တော် ပန်နာရဲ့ အနောက်မြောက်ဘက် ၆၀ ကီလိုမီတာခန့်အကွာရှိ ဆာရန်ခရိုင်မှဖြစ်တယ်လို့ ဆိုပါတယ်။ ဒေသခံများက အဆိပ်သင့်အရက်သောက်ပြီးနောက် အခြေအနေဆိုးရွားလာကာ စတင်အော့အန်ခဲ့တယ်လို့ ပြောပါတယ်။ အသံလွှင့်ထုတ်ပြန်ချက်အရ သေဆုံးသူတွေဟာ ပြည်နယ်ရဲ့ နေရာအသစ်တွေမှာ အဆိပ်သင့်အရက် သောက်သုံးမိခြင်းကြောင့် ဖြစ်တယ်လို့ သိရပါတယ်။ ဒါ့အပြင် နောက်ထပ် ၃၀ လောက် သေဆုံးနိုင်ခြေရှိသေးပြီး ၁၂ ဦးလောက်က ပြင်းထန်တာကြောင့် ဆေးရုံတွေမှာ ဆေးကုသမှု ခံယူနေရတယ်လို့ ဆိုပါတယ်။

**၂၁၃ ဦးဖမ်းဆီးထိန်းသိမ်းထား**

အဆိပ်သင့်အရက် သောက်သုံးမိခြင်းကြောင့် ၂၅ ဦးလောက်ဟာ အမြင်အာရုံဆုံးရှုံးမှု ဖြစ်ပွားခဲ့တယ်လို့ အေအိုင်အာရ်ရဲ့ ထုတ်လွှင့်မှုအရ သိရပါတယ်။ ဒါ့အပြင် အဆိပ်သင့်အရက် ရောင်းဝယ်ဖောက်ကားမှုမှာ ပါဝင်ပတ်သက်တဲ့ လူ ၂၁၃ ဦးကို ဖမ်းဆီးထိန်းသိမ်းထားတယ်လို့ ဆာရန်ခရိုင် တရားသူကြီး ရာဂျက်ရှ်မီးနာက မီဒီယာများကို ပြောပါတယ်။

**အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းထား**

တာဝန်ပျက်ကွက်မှုနဲ့အတူ အကြီးတန်းရဲအရာရှိတစ်ဦးအပါအဝင် ရဲအရာရှိနှစ်ဦးကိုလည်း ရာထူးက ဆိုင်းငံ့ထားတယ်လို့ ဆိုပါတယ်။ ဘီဟာ အစိုးရအနေနဲ့ ဖြစ်စဉ်အတွင်း ပါဝင်ပတ်သက်သူတွေကို စုံစမ်းစစ်ဆေးဖို့ ဆာရန်ခရိုင်မှာ အထူးစုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းထားတယ်လို့ ပြောပါတယ်။

**သတိပေးချက် ထုတ်ပြန်ထား**

အဲဒီဖြစ်ရပ်နဲ့ ပတ်သက်ပြီး အိန္ဒိယနိုင်ငံ လူ့အခွင့်အရေးအဖွဲ့က ဘီဟာအစိုးရကို သတိပေးစာ ထုတ်ပြန်ထားပါတယ်။ ဒါ့အပြင် ၂၀၁၆ ခုနှစ် ဧပြီလနောက်ပိုင်း အဆိပ်သင့်အရက် ရောင်းချမှုနဲ့ သုံးစွဲခြင်းဆိုင်ရာ ၎င်းတို့ရဲ့ မူဝါဒတွေကို အကောင်အထည်ဖော်ဖို့ ပျက်ကွက်မှုအတွက်လည်း သတိပေးထားပါတယ်။

**သေဆုံးသူအရေအတွက် ၁၀၀၀ ကျော်အထိရှိ**

ဘီဟာပြည်နယ်မှာ ၂၀၁၆ ခုနှစ်နောက်ပိုင်း အရက်ရောင်းချခြင်းနဲ့ သုံးစွဲခြင်းကို တားမြစ်ထားသော်လည်း အဆိပ်သင့်အရက် သောက်သုံးခြင်းကြောင့် လူသေဆုံးမှုများ မကြာခဏဖြစ်ပွားလေ့ရှိပါတယ်။ ဒါ့အပြင် ဘီဟာပြည်နယ်မှာ အဲဒီလို ရောင်းချခွင့်နဲ့ သုံးစွဲခွင့် ပိတ်ပင်ထားပြီးနောက် အဆိပ်သင့်အရက် သောက်သုံးမိခြင်းကြောင့် သေဆုံးသူအရေအတွက်ဟာ ၁၀၀၀ ကျော်အထိ ရှိတယ်လို့ သိရပါတယ်။

**ဂူဂျာရတ်ပြည်နယ်မှာလည်း ဖြစ်ပွား**

အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်မှာလည်း အခုနှစ် ဇူလိုင်လအတွင်းမှာ အဆိပ်သင့်အရက် သောက်သုံးမှုကြောင့် ၄၂ ဦးထက်မနည်းသေဆုံးပြီး ၉၇ ဦးထက်မနည်း ဆေးရုံတင်ထားရတယ်လို့ သိရပါတယ်။ အဲဒီဖြစ်စဉ်နဲ့ ပတ်သက်ပြီး ပါဝင်ပတ်သက်သူ ၃၅ ဦးကို ဖမ်းဆီးထိန်းသိမ်းထားတယ်လို့ ပြောပါတယ်။

အိန္ဒိယနိုင်ငံဟာ နိုင်ငံတွင်းထုတ်တဲ့ ဈေးသက်သာတဲ့ အရက်ပုန်းတွေ သောက်သုံးခြင်းကြောင့် လူသေဆုံးမှု မကြာခဏ ဖြစ်ပွားလေ့ရှိတဲ့ နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါတယ်။ ။

**ကိုးကား - ဆင်ဟွာ**




● **မကြာသေးခင်က အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်မှာ အဆိပ်သင့်အရက် သောက်သုံးမိခြင်းမှ သေဆုံးသူအရေအတွက်ဟာ ၈၁ ဦးအထိ မြင့်တက်လာတယ်လို့ အိန္ဒိယနိုင်ငံပိုင် အသံလွှင့်ဌာန (အေအိုင်အာရ်)က ထုတ်ပြန်ကြေညာသွားပါတယ်။ အဲဒီလို သေဆုံးမှုဖြစ်ပွားခဲ့တာဟာ ဘီဟာပြည်နယ်ရဲ့ ဆာရန်ခရိုင်မှာ ၇၄ ဦးနဲ့ အများဆုံးဖြစ်ပြီး ဆီဝမ်ခရိုင်မှာ ငါးဦးနဲ့ ဘီဂူဆာရိုင်ခရိုင်မှာနှစ်ဦး သေဆုံးခဲ့တာ ဖြစ်ပါတယ်**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၅ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၅) ရာခိုင်နှုန်းရှိ

**(၂၅-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်းပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၄-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၃၆၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၅) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၁၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၉၀,၇၂၀)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၆၁၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၀) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၂၁၂) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူတစ်ဦးရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၄-၁၂-၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၈၃၇,၆၇၃) ဦးနှင့် အသက် (၁၈) နှစ်အောက်လူဦးရေ စုစုပေါင်း (၆,၇၉၆,၉၇၅) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**
**(၂၄-၁၂-၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၈၃၇,၆၇၃ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၇၉၆,၉၇၅ |

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၄၀) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေ ကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၇၀ | ၂၀၂၀ | ၂၀၁၅ | ၁၉၈၀ | ၂၀၁၅ | ၂၀၄၀ | ၂၀၂၅ | ၂၀၀၅ | ၂၁၀၀ | ၂၁၁၅ | ၂၀၁၀ | ၂၀၂၀ | ၂၀၅၅ | ၂၀၅၅ | ၂၀၅၅ | ၂၂၇၅ | ၂၇၆၀ |
| 95 Ron | ၂၀၅၅ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၅ | ၂၁၀၀ | ၂၁၂၅ | ၂၁၁၀ | ၂၀၉၀ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၅ | ၂၁၁၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၀ | ၂၃၆၀ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၀၀ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၀ | ၂၃၆၅ | ၂၃၆၀ | ၂၃၃၀ | ၂၄၄၅ | ၂၄၄၀ | ၂၃၃၅ | ၂၃၄၅ | ၂၃၈၀ | ၂၃၈၀ | ၂၃၈၀ | ၂၆၀၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၃၈၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၀ | ၂၄၄၅ | ၂၄၄၀ | ၂၄၁၀ | ၂၅၂၅ | ၂၅၂၀ | ၂၄၁၅ | ၂၄၂၅ | ၂၄၆၀ | ၂၄၆၀ | ၂၄၆၀ | ၂၆၈၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၃၈၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၈၅ | ၂၄၂၀ | ၂၄၄၅ | ၂၄၄၀ | ၂၄၁၀ | ၂၅၂၅ | ၂၅၂၀ | ၂၄၁၅ | ၂၄၂၅ | ၂၄၆၀ | ၂၄၆၀ | ၂၄၆၀ | ၂၆၈၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၇၅ | ၁၉၄၆ |
| 95 Ron | ၁၉၅၇ | ၂၀၂၉ |
| HSD (500 ppm) | ၂၁၉၅ | ၂၂၆၈ |
| HSD (50 ppm) | ၂၂၆၈ | ၂၃၄၃ |
| HSD (10 ppm) | ၂၂၆၈ | ၂၃၄၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# နယ်ပေါင်းစုံမှ စတင်ထွက်ရှိလာသည့် အထွက်တိုးပြောင်းများ မန္တလေးဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်ကာ ဈေးကောင်းရရှိနေ

**မန္တလေး ဒီဇင်ဘာ ၂၅**

ယခုနှစ် ဆောင်းရာသီကာလတွင် နယ်ပေါင်းစုံမှ စတင်ထွက်ရှိလာသည့် အထွက်တိုးပြောင်း (ရွှေနီပြောင်း)များ မန္တလေးဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်လာပြီး ဈေးနှုန်းမှာလည်း ယခင်နှစ်ထက် တစ်ဆကျော်မြင့်တက်ကာ ဈေးကောင်းများ ရရှိနေကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါအထွက်တိုးပြောင်းမှာ နံ့စားပြောင်းအုပ်စုတွင် ပါဝင်ပြီး ဆေးဝါးနှင့် အရက်ချက်လုပ်ရာတွင် အသုံးပြုသည့် သီးနှံတစ်ခုဖြစ်ခြင်းကြောင့် ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများကပါ ဝယ်ယူမှု များပြားသည့်အပြင် ယခုနှစ်တွင် ရာသီဥတုကောင်းမွန်သည့်အတွက် အထွက်နှုန်းကောင်းမွန်ကာ ဈေးနှုန်းမှာ ယခင်နှစ် ကာလတူအချိန်က သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀ ပေါက်ဈေးရှိခဲ့သော်လည်း ယခုနှစ်ထွက်ရှိချိန်တွင် သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၁၀၀၀ ပေါက်ဈေးဖြင့် ရပ်တည်နေကာ တစ်ဆကျော် မြင့်တက်ပြီး ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့ စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ထံမှ သိရသည်။

"အထွက်တိုးပြောင်းကတော့ နံ့စားသီးနှံ အမျိုးအစားထဲမှာ ပါဝင်ပါတယ်။ နိုင်ငံခြားကလာတဲ့ မျိုးလည်းဖြစ်ပါတယ်။ အနံ့ကနေ ထွက်ရှိတဲ့ သီးနှံဖြစ်ပါတယ်။ အထက်အညာ ဒေသတွေမှာ အခင်းအနေနဲ့ တွင်တွင်ကျယ်ကျယ်စိုက်ပျိုးပြီး ဖြစ်ထွန်းအောင်မြင်ပါတယ်။ ရာသီဥတုဒဏ်လဲခံနိုင်တာကြောင့် အညာဒေသနဲ့ သင့်တော်တဲ့မျိုးဖြစ်ပါတယ်။ ပြည်တွင်းမှာလည်း မိုးမိတ်၊ မိုးကုတ်နဲ့ မိုင်းလုံဒေသတွေမှာ လီရှော အရက်ချက်လုပ်ဖို့အတွက် အဓိကဝယ်ယူကြသလို နှစ်စဉ်လိုလို တရုတ်နိုင်ငံကလည်း အခုလိုဆောင်းရာသီမှာ ရာသီဥတုဒဏ်ခံနိုင်ဖို့ ဒီပြောင်းနဲ့ အရက်ထုတ်လုပ်ဖို့ ဝယ်ယူကြတာပါ။ ဒီလို ဝယ်ယူနေတာကြောင့် ဈေးနှုန်းတွေ မြင့်တက်နေတာဖြစ်တယ်။ အထွက်တိုးပြောင်းက တစ်နှစ်ကို တစ်ရာသီပဲအများဆုံး စိုက်ပျိုးကြပါတယ်။ ဒီနှစ်မှာ ဒီဈေးအောက် ကျဆင်းမသွားနိုင်ပါဘူး။ ဈေးနှုန်းမြင့်တက်လာဖို့ အလားအလာကောင်းများရှိနေပါတယ်"ဟု ၎င်းက ပြောသည်။



လက်ရှိတွင် မန္တလေးဈေးကွက်အတွင်းသို့ အဆိုပါ အထွက်တိုးပြောင်းကို ကျောက်ဆည်၊ သဲတော၊ ဝမ်းတွင်း၊ တောင်သာ၊ မြင်းခြံနှင့် မလှိုင်၊ မုံရွာစသည့်ဒေသများမှ လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၆၁၀၀၀ ပေါက်ဈေးဖြင့် အရောင်းသွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း၌ အဆိုပါ အထွက်တိုးပြောင်းကို ဇွန်၊ ဇူလိုင်လများတွင် စတင်စိုက်ပျိုးပြီး အောက်တိုဘာနှင့် နိုဝင်ဘာလတို့တွင် စတင်ထွက်ရှိကြောင်းနှင့် မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးကြပြီး စိုက်ပျိုးရာတွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးသုံးစွဲရန် မလိုသည့်အတွက် စိုက်ပျိုးစရိတ် အသက်သာဆုံး နံ့စားသီးနှံပင်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# နတ်မောက်မြို့၌ ကောက်ရိုးမှို စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုအဆင်ပြေ

# ငရုတ်သီးခြောက် ဈေးကောင်းရရှိ၍ အမြတ်ငွေပိုမိုရရှိ

**နတ်မောက် ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ ကောက်ရိုးမှိုတစ်နိုင်တစ်ပိုင် စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုစားဝတ်နေရေးအဆင်ပြေလျက်ရှိကြောင်း တမာပင်ရပ်ကွက်နေ ကောက်ရိုးမှိုစိုက်ပျိုးရောင်းချသူတစ်ဦးထံမှ သိရသည်။



"ကျွန်တော်ကတော့ မှိုစိုက်ပျိုးရောင်းချသူပါ။ မှိုစိုက်ပျိုးရောင်းချမယ်ဆိုရင် အလျား ၁၀ ပေ၊ အနံ ၃ ပေခွဲရှိတဲ့ မြေပေါင်ပြုလုပ်ပြီး သဘာဝမြေဩဇာ နွားချေး၊ ကတ်ထူစက္ကူနှင့် ချမစားအောင် ချဆေးများကို အသုံးပြုရပါတယ်။ ကျွန်တော်ကတော့ ပျိုးပေါင် ခြောက်ပေါင်ပြုလုပ်ထားတဲ့အတွက် နွားချေး ၁၃ တင်းနဲ့ ကတ်ထူစက္ကူ ၁၀ ပိဿာကုန်ပါတယ်။ မှိုမျိုးစေ့ကိုတော့ တစ်ပေါင်ကို ငါးထုပ်နှုန်းထည့် စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးထားတဲ့ မှိုတွေကို ဝါး၊ ပလပ်စတစ်၊ ဖျာကြမ်းတွေဖြင့် ပြုလုပ်ထားတဲ့ အုပ်စောင်းနဲ့ အုပ်မိုးထားပေးရပါတယ်။ ငါးရက်အထိ မှိုကျင်းကို မလှပ်ရပါဘူး။ ရေကို ပုံမှန်လောင်းပေးရပါတယ်။ ၁၂ ရက်သားကျော်ရင် ရောင်းတန်းဝင် မှိုပွင့်များ ရရှိပြီဖြစ်ပါတယ်။ မှိုကျင်းတစ်ပေါင်ကို ကုန်ကျငွေကျပ် ၁၆၂၅၀ ဖြစ်ပြီး မှိုကျင်းတစ်ပေါင်လျှင် မှိုခြောက်ပိဿာမှ ၁၀ ပိဿာအထိ ထွက်ပါတယ်။ ထွက်ရှိလာတဲ့ မှိုများကိုတော့ မြို့မဈေးကို မှိုတစ်ပိဿာ လက်ကားဈေး ငွေကျပ် ၆၀၀၀ ရောင်းရပြီး လက်လီကိုတော့ ငွေကျပ် ၈၀၀၀ ရောင်းရပါတယ်။ အရင်းနည်းပြီး စိုက်ပျိုးကာလတိုတောင်းသည့်အတွက် မိသားစုတိုင်း မှိုစိုက်ပျိုးခြင်းလုပ်ငန်း လုပ်သင့်ပါတယ်" ဟု မှိုစိုက်ပျိုးရောင်းချသူတစ်ဦးက ပြောသည်။

ထို့အတူ ငရုတ်စိုက်တောင်သူများမှာ ငရုတ်သီးခြောက် ဈေးကောင်းရရှိ၍ အမြတ်ငွေပိုမိုရရှိလျက်ရှိသည်။

"ကျွန်မတို့ အနေကတော့ ငရုတ်ကို နှစ်စဉ်စိုက်ပျိုးပါတယ်။ ငရုတ်စိုက်မယ်ဆိုရင် သင်္ကြန်အပြီး နှစ်ဆန်း ၁ ရက်၊ ၂ ရက်နေ့တွေဆိုရင် ပျိုးထောင်ရပါတယ်။ သင်္ကြန်မှာ မိုးပါလို့ရှိရင် ထယ်ရေးပြင် ဂျောင်းဆွဲပျိုးသက် ၄၅ ရက်သားလောက်နဲ့ စိုက်လို့ရပါတယ်။ စိုက်ပျိုးချိန်ကတော့ မိုးရေရရှိမှုအပေါ်မှာ မူတည်ပြီးစိုက်ရပါတယ်။ ငရုတ်ကို ယာထဲချစိုက်မယ်ဆိုရင် ပြုပြင်ပြီးထယ်ရေးထဲမှာ တန်းကြားပင်ကြား နှစ်တောင်ခွာထားပြီး ကျင်းတူးရပါတယ်။ တစ်လခွဲအရွယ်မှာ ငရုတ်များ အပွင့်ပွင့်ပြီး အသီးများစသီးပါတယ်။ ပထမဆုံး အသီးများကို အခြောက်မလှမ်းဘဲ ငရုတ်သီးအစိုအဖြစ် ဈေးကွက်ကို တင်ပို့ရောင်းချပါတယ်။ သီတင်းကျွတ်နောက်ပိုင်းမှာဆိုရင် ငရုတ်ကို အခြောက်လှမ်းပြီး ရောင်းချပါတယ်။ ဒီနှစ်မှာဆိုရင် ငရုတ်သီးအစိုနှင့် ငရုတ်သီးအခြောက်ဈေးက အရင်နှစ်နဲ့မတူပါဘူး။ မထင်မှတ်အောင် ဈေးကောင်းပါတယ်။ အရင်နှစ်က ငရုတ်အစိုတစ်ပိဿာ ငွေကျပ် ၁၂၀၀နဲ့ ငရုတ်အခြောက်တစ်ပိဿာ ငွေကျပ် ၆၀၀၀ ရောင်းရပြီး ဒီနှစ်မှာဆိုရင် ငရုတ်အစိုတစ်ပိဿာ ငွေကျပ် ၂၈၀၀ နဲ့ ငရုတ် အခြောက်တစ်ပိဿာကို ငွေကျပ် ၁၄၀၀၀ အထိ ရောင်းရပါတယ်။ အဲဒီလိုရောင်းရတဲ့အတွက် ငရုတ်စိုက်တောင်သူများ အမြတ်ငွေပိုမိုရရှိကြပါတယ်" ဟု ငရုတ်စိုက်တောင်သူ မသန်းဝေက ပြောသည်။

**လှဝင်း၊ မူမူစန်း**

## မောက်မယ်မြို့၌ မိုးစပါးများ ရိတ်သိမ်းအပြီး ကြက်သွန်ဖြူများ စတင်စိုက်ပျိုး

**မောက်မယ် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ် မြို့မကျေးရွာအုပ်စုရှိ လယ်စိုက်ခင်းတွင် စိုက်ပျိုးထားသောမိုးစပါးများ ရိတ်သိမ်းအပြီး ကြက်သွန်ဖြူများ ယခုဒီဇင်ဘာလမှစ၍ တစ်ပိုင်တစ်နိုင်စတင်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မြို့မကျေးရွာအုပ်စုသည် လယ်လုပ်ငန်းပြီးချိန်တွင် မီးဖိုချောင်သုံးသီးပင်စားပင်များ၊ ဆောင်းသီးနှံများကို တောင်သူများကထပ်မံစိုက်ပျိုးကြသည်။ ကြက်သွန်ဖြူကို အဓိကစိုက်ပျိုးကြပြီး ကြက်သွန်နီ၊ နံနံပင်၊ ပဲအမျိုးမျိုးကို စိုက်ပျိုးကြသည်။ တောင်သူတစ်ဦးလျှင် ကြက်သွန်ဖြူများကို ချောင်းရေများဖြင့်အသုံးပြုပြီး စတင်စိုက်ပျိုးသည့်ရက်မှစ၍ ရက် ၁၀၀ ပြည့်လျှင် နှုတ်သိမ်းကြပြီး တောင်ကြီးသို့ သွားရောက်ရောင်းချကြကာ ဈေးကောင်းလျှင်ကောင်းသလို ငွေကျပ် ၁၅ သိန်းမှ သိန်း ၃၀ အထိ ရကြပြီး မိသားစုအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေအပိုရရှိကြကြောင်း တောင်သူများထံမှ သိရသည်။

**စိုင်းမျိုးသန့်(မောက်မယ်)**





# တပ်ကုန်းမြို့၌ မြေအစိုဓာတ်ဖြင့် စိုက်ပျိုးသော နေကြာခင်းများ ပိုးမွှားကင်းပြီး အထွက်နှုန်းအောင်မြင်

**တပ်ကုန်း ဒီဇင်ဘာ ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်တွင် စိုက်ပျိုးရေးတောင်သူ အချို့ တော်သလင်းလအတွင်း မြေအစိုဓာတ်ဖြင့် စိုက်ပျိုးသော နေကြာစိုက်ခင်းများ ပိုးမွှားကင်း၍ အထွက်နှုန်းအောင်မြင်ပြီး ဈေးရရှိကြောင်း သိရသည်။

"ဒီနေကြာစိုက်ခင်း တစ်ဧကခွဲလောက်ကိုတော်သလင်းလပြည့်ကျော် ၁၁ ရက်နေ့က တန်းကြား ၂၇ လက်မရှိ အကွာနဲ့စိုက်ပျိုးပါတယ်။ ထယ်ရှင်း၊ ထွန်ရှင်းခ၊ မျိုးဖိုး၊ မြေဆီ၊ နေ့စားခ၊ စက်ခြွေခ စုစုပေါင်းစိုက်ပျိုး၊ ရိတ်သိမ်းကုန်ကျစရိတ်ကတော့ ငွေကျပ် နှစ်သိန်းကျော် ကုန်ကျပါတယ်။ ကုန်ချိန်ပိဿာ ၂၄၀ ထွက်ရှိပြီးတော့ တစ်ပိဿာကို ငွေကျပ် ၅၀၀၀ နဲ့ ရောင်းချရတာကြောင့် အမြတ်ရရှိပါတယ်။ နေကြာကို စိုက်ပျိုးပြီးရက်မှ သုံးလကျော်ဝန်းကျင်တွင် ခုတ်သိမ်းရသောကြောင့် စိုက်ပျိုးသင့်သော သီးနှံဖြစ်ပါတယ်" လို့ ကွင်းအမှတ်(၁၃၁၇) ကွင်း နေကြာစိုက်တောင်သူတစ်ဦးက ပြောသည်။ **တင်စိုးလွင်**

# ပူတာအိုဒေသထွက် ဂရိတ်ဖရုသီးကို တန်ဖိုးမြှင့်ထုတ်ကုန်အမယ်များ ထုတ်လုပ်ပါက ဈေးကွက်အလားအလာကောင်းနိုင်

**ပူတာအို ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံမြောက်ဖျားပိုင်း ပူတာအိုဒေသ၌ ထူးထူးခြားခြားထွက်ရှိသည့် ဂရိတ်ဖရုသီးများသည် တန်ဖိုးမြှင့်ထုတ်ကုန်အမယ်များအဖြစ် စနစ်တကျ ထုတ်လုပ်နိုင်ပါက ဈေးကွက်အလားအလာကောင်းသော သီးနှံတစ်မျိုးဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ကချင်ပြည်နယ်မှာ ထူးထူးခြားခြားထွက်တဲ့ ပူတာအိုဒေသထွက် ဂရိတ်ဖရုသီးဟာ ပူတာအိုဒေသလို အအေးပိုင်းမှာ စိုက်လို့ရတယ်။ ဒီသီးနှံရဲ့ ထူးခြားချက်က မူရင်းမျိုးမဟုတ်ဘဲနဲ့ အမေရိကန် သာသနာပြုတွေက ဦးဆောင်ပြီးတော့စိုက်သွားတဲ့ အမျိုးအစားဖြစ်ပါတယ်။ ဂရိတ်ဖရုသီးက ကျွန်တော်တို့နိုင်ငံမှာ ထူးခြားတဲ့သီးနှံဖြစ်တဲ့အတွက်ကြောင့် ပူတာအိုဒေသမှာပဲ ထွက်တာတွေ့ရမှာ ဖြစ်ပါတယ်" ဟု ကချင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှူး ဦးအောင်မောင်းက ပြောသည်။

ဂရိတ်ဖရုသီးဖြင့် ဝိုင်၊ ယို၊ ဂျယ်လီ၊ ဂရိတ်ဖရုဖျော်ရည်စသည့် တန်ဖိုးမြှင့် စားသောက်ကုန်များ ထုတ်လုပ်နိုင်ကြောင်း၊ ထို့ပြင် ဂရိတ်ဖရုသီးစားသုံးခြင်းဖြင့် ခန္ဓာကိုယ်ကျန်းမာလန်းဆန်းစေ၍ ကျန်းမာရေးအတွက် အထောက်အကူပြုကြောင်း သိရသည်။

"ဂရိတ်ဖရုသီးကို ဝိုင်၊ ယို၊ ဂျယ်လီ၊ ဖျော်ရည်စသည်ဖြင့် အများကြီး လုပ်လို့ရတယ်။ ဒီသီးနှံတွေ စားခြင်းအားဖြင့် ခန္ဓာကိုယ်လန်းဆန်းစေပြီး ကျန်းမာရေးအတွက်များစွာအထောက်အကူပြုတယ်။ အရင်ကစိုက်ခဲ့တဲ့ ဂရိတ်ဖရုပင်တွေကတော့ အပင်အိုအပင်ဟောင်းဖြစ်တဲ့အတွက် အထွက်နှုန်းနည်းတယ်ပေါ့။ ဒါကြောင့် ဒေသတစ်ခု ထုတ်ကုန်တစ်ခု အနေနဲ့ ဂရိတ်ဖရုသီးထုတ်ကုန်ကို ဒီထက်မက တောင်သူတွေက စိုက်ပျိုးပြီး ထုတ်လုပ်မယ်ဆိုရင် အများကြီး အကျိုးရှိနိုင်မယ့် အသီးအနှံဖြစ်ပါတယ်" ဟု ပြည်နယ်ဦးစီးမှူးက ဆက်လက်ပြောကြားသည်။

လက်ရှိတွင် ပူတာအိုဒေသမှ ထွက်ရှိသည့် ဂရိတ်ဖရုသီးများကို မြစ်ကြီးနား၊ မန္တလေး၊ ရန်ကုန်ဈေးကွက်များသို့ ရောင်းဝယ်ဖောက်ကားသည်ကို တွေ့ရှိရပြီး ပူတာအိုဒေသထွက် ဂရိတ်ဖရုသီး၏ ထူးခြားချက်မှာ သက်တမ်းပြည့်အချိန်တွင် အနာအဆာမရှိဘဲ ခူးဆွတ်သည့် အသီးအနှံများသည် သက်တမ်းကြာရှည်သိုလှောင်ထားရှိနိုင်ခြင်း ဖြစ်ကြောင်း သိရသည်။

"အနာအဆာမရှိဘဲ သက်တမ်းပြည့်တဲ့အချိန်ခူးတဲ့ သီးနှံဆိုရင် သုံးလကနေ ခြောက်လလောက် ထားလို့ရတယ်။ ဒီသီးနှံတွေက အထားခံတဲ့သီးနှံတွေဖြစ်တဲ့အတွက်ကြောင့် တောင်သူတွေလည်း များများစိုက်သင့်တယ်။ နောက်တစ်ခုက သုတေသနလုပ်ငန်း ပြုလုပ်ပြီးတော့ တွေ့ရှိချက်အရ တန်ဖိုးမြှင့် ထုတ်ကုန်အမယ်တွေ အများကြီးထုတ်မယ်ဆိုရင် ဈေးကွက်အလားအလာ အလွန်ကောင်းတဲ့ အသီးအနှံတွေဖြစ် တယ်" ဟု ပြည်နယ်ဦးစီးမှူးက ပြောသည်။



ခူးဆွတ်ထားသော ဂရိတ်ဖရုသီးများ။



ပူတာအိုဒေသခံတစ်ဦး၏ နေအိမ်ဝင်းအတွင်းမှ ဂရိတ်ဖရုအပင်များ။

ပူတာအိုဒေသ၌ ဂရိတ်ဖရုသီးအပြင် အခြားဒေသများတွင် ထွက်ရှိမှုနည်းသော ဝါရှင်တန်သီး၊ အမေရိကန်သံပရာသီး၊ သွေးသီးစသည့် သီးနှံအများအပြား စိုက်ပျိုးထွက်ရှိသလို ဆေးဖက်ဝင် ဆေးမြစ်ဆေးဥများဖြစ်သည့် သစ်ကြားသီး၊ ရှီးပတီး၊ မချစ်ဥနှင့် ခန်းတောက်မြစ်များလည်း အစုံအလင်ပေါက်ရောက်ကြောင်း သိရသည်။

"ပူတာအိုဒေသမှာထွက်ရှိတဲ့ ဂရိတ်ဖရုသီး၊ ဝါရှင်တန်သီး၊ အမေရိကန်သံပရာသီး၊ သွေးသီးတွေဟာ အောက်ပိုင်းဒေသမှာ အထွက်နည်းတယ်။ ပူတာအိုဒေသမှာပဲ အထွက်များပါတယ်။ ရှီးပတီး၊ မချစ်ဥ၊ ခန်းတောက်မြစ်တွေကလည်း တကယ့်ဆေးဖက်ဝင် ဆေးမြစ်ဆေးဥတွေဖြစ်ပါတယ်။ ဒါတွေကို တကယ် တန်ဖိုးမြှင့်ထုတ်ကုန်ထုတ်မယ်ဆိုရင် ဝယ်လိုအားတွေ မြင့်တက်နိုင်တဲ့ အသီးအနှံတွေ ဖြစ်တဲ့အတွက် ဒီထက်မက စိုက်ပျိုးစေချင်တယ်"ဟု ပြည်နယ်မှူးက ဆက်လက်ပြောကြားသည်။

ဂရိတ်ဖရုသီးများသည် ပူတာအိုဒေသသို့ လာရောက်လည်ပတ်သူတိုင်း အိမ်ပြန်လက်ဆောင်၊ ဒေသရောက်အမှတ်တရ လက်ဆောင်အနေဖြင့် ဝယ်ယူလျက်ရှိသော အသီးအနှံတစ်မျိုးဖြစ်ပြီး လက်ရှိတွင် ဒေသပေါက်ဈေးအရ အလုံးကြီးတစ်လုံးလျှင် ကျပ် ၆၀၀၊ အလုံးအသေးတစ်လုံးလျှင် ကျပ် ၅၀၀ နှင့် အလုံး ၂၀ ဆံ့ခြင်း တစ်ခြင်းလျှင် ကျပ် ၂၀၀၀၀ ဈေးနှုန်းဖြင့် မြို့မဈေး၊ လေယာဉ်ကွင်းဈေးများနှင့် လေဆိပ်အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

ဖုန်ကန်
(ပူတာအို)

## ဒေသစုံမှ ထွက်ရှိလာသည့် ကုန်စိမ်းသီးနှံများ မန္တလေးဈေးကွက်အတွင်း အရောင်းအဝယ်ကောင်းနေ

**မန္တလေး ဒီဇင်ဘာ ၂၅**

မန္တလေးမြို့ အောင်မြေသာစံခရိုင်ရှိ သီရိမာလာကုန်စိမ်းလက်ကား ဈေးအတွင်းသို့ ဒေသစုံမှ ထွက်ရှိလာသည့် ကုန်စိမ်းသီးနှံများ လှိုင်လှိုင်ဝင်ရောက်ကာ အရောင်းအဝယ်များ ကောင်းမွန်နေကြောင်း အဆိုပါ ဈေးအတွင်းရှိ ကုန်စိမ်းပွဲရုံများထံမှ သိရသည်။

လက်ရှိအချိန်တွင် ဒေသစုံမှ လှိုင်လှိုင်ထွက်ရှိလာသည့် ကုန်စိမ်းသီးနှံများ မန္တလေးမြို့ သီရိမာလာကုန်စိမ်းဈေးသို့ တစ်ရက်လျှင် ကားအစီးရေ ၃၀ မှ ၄၀ အထိ ပုံမှန်ဝင်ရောက်လျက်ရှိပြီး ဝင်ရောက်လာသည့် ကုန်စိမ်းသီးနှံများအားလုံး၏ ဈေးနှုန်းများမှာ ပြီးခဲ့သည့်လများကထက် ပိုမိုကောင်းမွန်ကာ ဈေးကွက်အတွင်း၌ အရောင်းအဝယ်ကောင်းနေခြင်းကြောင့် စိုက်ပျိုးသူတောင်သူများ အဆင်ပြေလျက်ရှိကြောင်း မန္တလေးမြို့မှ အောင်ပွဲရုံပိုင်ရှင် ဦးအောင်မိုးနိုင်က ပြောသည်။

"ကုန်စိမ်းသီးနှံတွေအားလုံးက ခုချိန်မှာ နယ်စုံဒေသကထွက်ပြီး ဈေးကွက်ကို လှိုင်လှိုင်ဝင်ရောက်လာတဲ့အတွက် အရောင်းအဝယ်ကောင်းနေပါတယ်။ ခုချိန်မှာ ဈေးကွက်ကို အပြိုင်ဝင်ရောက်လာပါတယ်။ ခရမ်းချဉ်သီးက လက်ရှိမှာ ၁၈ ပိဿာဝင် သေတ္တာတစ်လုံးကို ကျပ် ၃၂၀၀၀ ကနေ ၃၇၀၀၀ ဈေးအထိ ရှိနေတယ်။ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ ကြက်ဟင်းခါးသီး၊ ခရမ်းသီး၊ မုန်ညင်းဖြူ၊ အာလူးနဲ့ ကျန်တဲ့သီးနှံတွေလည်း သူဈေးနဲ့သူ ပုံမှန်အတိုင်းပဲ ရောင်းချနေရပါတယ်" ဟု ၎င်းကပြောသည်။

သီရိမာလာကုန်စိမ်းဈေးသို့ နယ်စုံဒေသများမှ ခရမ်းချဉ်သီး၊ ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ မုန်ညင်းဖြူ၊ ခါကြက်ဥ၊ အာလူး၊ ပန်းဂေါ်ဖီ၊ ဘိုစားပဲစသဖြင့် ကုန်စိမ်းသီးနှံများ နေ့စဉ် ကုန်တင်ကားများဖြင့် ပုံမှန်ဝင်ရောက်လျက်ရှိနေကြောင်း၊ သီရိမာလာကုန်စိမ်းဈေးကို နံနက် ၄ နာရီမှ ည ၈ နာရီအချိန်အထိ ကိုဗစ်စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သိရသည်။ **မောင်အေးချမ်း**

## ကမမောင်းမြို့၌ နှစ်တိုသီးနှံငှက်ပျောသီးများ အထွက်နှုန်းကောင်း

**ကမမောင်း ဒီဇင်ဘာ ၂၅**

ကရင်ပြည်နယ် ကမမောင်းမြို့ အထက်မီးဇိုင်းကျေးရွာ၌ ဒေသခံပြည်သူများသည် ဥယျာဉ်ခြံလုပ်ငန်းများဖြစ်သော နှစ်ရှည်ပင်များကို အဓိကထား စိုက်ပျိုးလျက်ရှိရာ နှစ်တိုသီးနှံဖြစ်သော ငှက်ပျောပင်များကိုလည်း မိသားစုတစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းအဖြစ် စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည်။

ငှက်ပျောပင်စိုက်ရာတွင် ငှက်ပျောမျိုး အမျိုးမျိုးကို စိုက်ပျိုးကြပြီး ရှစ်လခန့်တွင် ငှက်ပျောအဖူးများ စတင်ထွက်ရှိကာ ၁၀ လခန့်အကြာတွင် ငှက်ပျောခိုင်များခုတ်နိုင်ကြောင်း၊ ကမမောင်းမြို့ပေါ်ဈေးရှိ ငှက်ပျောသီးဖောက်သည်များထံ တင်ပို့ရောင်းချရာတွင် ငှက်ပျောသီးအမျိုးအစားအလိုက် တစ်ဖီးလျှင် ကျပ် ၁၀၀၀ မှ ၁၅၀၀ အထိ ရရှိကြောင်း ဥယျာဉ်ခြံလုပ်ကိုင်သူ တောင်သူတစ်ဦးထံမှ သိရသည်။

ကမမောင်း(ပြန်/ဆက်)

## ချင်းပြည်နယ်မှ ဝဥများ ပခုက္ကူမြို့နယ်မှတစ်ဆင့် ပြည်ပနိုင်ငံများအထိ ဈေးကွက်ထိုးဖောက်လျက်ရှိ

**ပခုက္ကူ ဒီဇင်ဘာ ၂၅**

ပြည်ပနိုင်ငံများအထိ ဈေးကွက်ထိုးဖောက်လျက်ရှိသည့် ချင်းပြည်နယ်မှ ဝဥများကို ပခုက္ကူမြို့နယ် ငဖောင်ကန်ကျေးရွာအနီး ရွှေနယုန်ဝဥစက်ရုံ၌ ဝဥအစိုတစ်ပိဿာလျှင် ကျပ် ၁၁၅၀ ဖြင့် ဒီဇင်ဘာလမှစတင်ပြီး ဝယ်ယူလျက်ရှိကြောင်း သိရသည်။

ချင်းပြည်နယ် မင်းတပ်မြို့နယ်မှ ပခုက္ကူမြို့သို့ ဝဥလာရောက်ရောင်းချသူတစ်ဦးက "ကျွန်တော်ဒီနေ့လာရောင်းတဲ့ ဝဥအစိုက ပိဿာချိန်ပေါင်း ၂၀၀၀ လောက် ရှိပါတယ်။ ဝဥစိုက်ပျိုးလုပ်ကိုင်တာ ငါးနှစ်ရှိပါပြီ။ စိုက်ပျိုးထားတဲ့စိုက်ခင်းသက်တမ်း သုံးနှစ်ပြည့်မှ တူးဖော်ရောင်းချရပြီး နှစ်စဉ်ရောင်းချနိုင်ဖို့ ရွှေ့ပြောင်းတောင်ယာစနစ်နဲ့ ပုံမှန်စိုက်ပျိုးနေပါတယ်။ ချင်းတောင်ဒေသတွေမှာ မိသားစုများတဲ့ အိမ်ထောင်စုဝင်တွေအနေနဲ့ ဝဥစိုက်ပျိုးပြီး တစ်နှစ်ကိုအမြတ်ငွေသိန်း ၁၀၀ ကျော်အထိ ရရှိကြပါတယ်။ ကျွန်တော်တို့က မိသားစုဝင်နည်းတဲ့အတွက် စိုက်ခင်းပေါင်းသင်ခ၊ တူးဖော်ခ၊ တောင်ယာမှသယ်ယူစရိတ်နဲ့ မော်တော်ယာဉ်တင်ဆောင်ခတွေပါ အားလုံးတွက်မယ်ဆိုရင် အမြတ်ငွေ သိန်း ၆၀ ကျော် ရမှာပါ" ဟု ပြောသည်။

ရွှေနယုန်ဝဥစက်ရုံမှ ဦးပြည့်စုံအောင်က "ကျွန်တော်တို့ စက်ရုံတည်ထောင်တာ သုံးနှစ်ခန့်ရှိပါပြီ။ ကျွန်တော်တို့ဝယ်ယူတဲ့ ဝဥမျိုးတွေကတော့ ချင်းပြည်နယ် (တောင်ပိုင်း) မင်းတပ်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ်တွေကထွက်ရှိတဲ့ ဝဥမျိုးတွေများပါတယ်။ ဝဥအစိုကို ဒီဇင်ဘာလမှစတင်ပြီး နေ့စဉ်ပိဿာချိန်ပေါင်း အနည်းဆုံး ၃၀၀၀ ကနေ အများဆုံး ၁၀၀၀၀ ခန့်အထိ ဝယ်ယူနေတာ လက်ရှိအချိန်ထိ ပိဿာချိန်ပေါင်း လေးသိန်းကျော်ရရှိပြီဖြစ်ပါတယ်"ဟု ပြောသည်။

ဝယ်ယူရရှိသည့် ဝဥများကို တရုတ်နိုင်ငံနှင့် ကိုရီးယားနိုင်ငံများသို့ အဓိကပြန်လည်တင်ပို့ရောင်းချရပြီး ပြည်ပဈေးကွက်မှ ဝယ်ယူမှုအပေါ် မူတည်၍ ဈေးနှုန်းအတက်အကျရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီကာလများတွင် ဝဥအစို တစ်ပိဿာလျှင် အများဆုံး ကျပ် ၁၈၅၀ အထိ ဝယ်ယူခဲ့ပြီး ယခုနှစ်တွင်မူ ကျပ် ၁၁၅၀ နှုန်းဖြင့်သာ ဝယ်ယူနေကြောင်း သိရသည်။



"ဝယ်ယူထားတဲ့ဝဥအစိုတွေကို စက်ရုံကနေ ရေဆေးကြောသန့်စင်၊ ကြိတ်ခွဲ၊ အခြောက်လုပ်ပြီး နောက်ဆုံးအမှုန့်ဖြစ်တဲ့အထိ လုပ်ငန်းစဉ်အဆင့်ဆင့် လုပ်ဆောင်ပေးရပါတယ်။ ဝဥမျိုးတွေကို ပြည်ပနိုင်ငံတွေမှာ ခေတ်မီနည်းပညာတွေနဲ့ပေါင်းစပ်ပြီး စားသုံးကုန်နဲ့ လူသုံးကုန်ပစ္စည်းမျိုးစုံအဖြစ် ထုတ်လုပ်ရောင်းချနေကြတဲ့အပြင် စားသောက်ဆိုင်တွေမှာလည်း ဝဥအစားအစာတွေကို ထည့်ရောင်းချနေကြတာတွေရှိပါတယ်" ဟု ဆက်ပြောသည်။

ခရိုင်(ပြန်/ဆက်)

# တိုင်းရင်းငါးဖိန်းငါးမျိုးစိတ် မျိုးသုဉ်းမပျောက်ကွယ်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေး

မွေးမြူရေးသုတေသနဦးစီးဌာန



ငါးဖိန်းငါးမျိုးစိတ်



ဘက်ထရီရှော့ခ်တိုက်ရာတွင်အသုံးပြုသည့် ပစ္စည်းများ။



စကားအင်းဝန်းကျင်၌ ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းဆီးသည့် ရေလုပ်သားတစ်ဦး

## မြန်မာနိုင်ငံနှင့် ငါးမျိုးပြုန်းတီးမှု

မြန်မာနိုင်ငံသည် မြေပေါ်မြေအောက် သဘာဝသယံဇာတပေါများကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့် အားလျော်စွာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိကထားလုပ်ကိုင်လျက်ရှိပြီး မြန်မာ နိုင်ငံနေရာအနှံ့အပြား နေရာဒေသအသီးသီးရှိ စိုက်ပျိုးမြေများ၌ သီးနှံစိုက်ပျိုး၍၊ မြစ်ချောင်းအင်းအိုင်များအနီး နေထိုင်သူများက ရေလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြု နေထိုင်လျက်ရှိကြပါသည်။ သဘာဝသယံဇာတများ မည်မျှပင်ပေါကြွယ်ဝစေကာမူ ရေရှည်တည်တံ့ခိုင်မြဲစေရန် ထိန်းသိမ်းစောင့်ရှောက်နိုင်မှသာလျှင် ရေရှည်ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ပါသည်။

နည်းပညာ တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ မွေးမြူရေးလုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းတို့တွင် ဓာတုဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးသုံးစွဲမှုများပြားလာခြင်း၊ တိုးတက်ပြောင်းလဲလာသည့် ငါးမွေးမြူရေးနည်းစနစ်များနှင့်လိုက်လျောညီထွေဖြစ်စေရန် ထုတ်လုပ်သည့် ငါးအစာများတွင် ဓာတုဆေးဝါးများ အသုံးပြုလာခြင်းတို့ကြောင့် သဘာဝမြေဆီလွှာများပျက်စီးလာခြင်း၊ ရေညြဇာကျဆင်းလာခြင်းနှင့် ငါးဖမ်းဆီးရာတွင် ခေတ်မီငါးဖမ်းကိရိယာများနှင့် တရားမဝင်ငါးဖမ်းဆီးကိရိယာများ အသုံးပြုခြင်းတို့ကြောင့် ငါးမျိုးပြုန်းတီးလာခြင်းတို့ကိုလည်း တစ်ပြိုင်နက်တည်း ကြုံတွေ့လာကြရပါသည်။

သုတေသနပညာရှင်များက ရေသယံဇာတထိန်းသိမ်းရေးနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများစွာဆောင်ရွက်ပြီး နည်းလမ်းမျိုးစုံဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းစဉ်များချမှတ် ဆောင်ရွက်သော်လည်း မွေးမြူထုတ်လုပ်သုံးစွဲသူများအကြား သယံဇာတထိန်းသိမ်းရေး လုပ်ငန်းစဉ်များကို ထိရောက်သောအသိပညာမြှင့်တင်ပေးနိုင်မှု ကွာခြားချက်ကြောင့် အပင်နှင့်သတ္တဝါမျိုးစိတ်များ၏ ဒေသမျိုးရင်းများရှားပါးလာခြင်း၊ ပြည်တွင်းစားသုံးမှု လိုအပ်ချက်မြင့်မားလာခြင်း၊ ပြည်ပမှ မျိုးစိတ်အသစ်များတင်သွင်းလာ၍ ဒေသရင်းမျိုးစိတ်များနှင့် မျိုးစပ်ပြီး ကပြားမျိုးစိတ်များ ဖြစ်သွားခြင်း၊ တောရိုင်းတိရစ္ဆာန်များကို တရားမဝင်ဖမ်းဆီးရောင်းချခြင်းစသည့်အမျိုးမျိုးသော အကြောင်းများကြောင့် အချို့မျိုးစိတ်များမှာရှားပါးလာပြီး မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်လာကြရပါသည်။

## အင်းလေးကန်နှင့် ငါးဖိန်းငါးမျိုးစိတ်

အင်းလေးကန်နှင့် ပတ်ဝန်းကျင်ရေပြင်များတွင် ဇီဝမျိုးစုံမျိုးကွဲများဖြစ်သည့် ဆောင်းခိုငှက်များ၊ ရှားပါးငှက်မျိုးစိတ်များ၊ ဒေသတိုင်းရင်းငါးမျိုးစိတ်များဖြင့် ဂေဟစနစ်ပြည့်စုံစွာ တည်ရှိပါသည်။ ငါးကြင်းအုပ်စုဝင် ငါးဖိန်းငါးမျိုးစိတ်မှာ ရှမ်းပြည်နယ်တောင်ပိုင်းရှိ အမျိုးမျိုးသော ရေပြင်များတွင် နေထိုင်ကျက်စားသည့် ငါးမျိုးစိတ်ဖြစ်ပြီး သံလွင်မြစ်ဝှမ်းနှင့် မဲခေါင်မြစ်ဝှမ်းတို့တွင်လည်း နေထိုင်ကျက်စားပါသည်။ အင်းသားတိုင်းရင်းသားများ အဓိကစားသုံးသော ငါးဖြစ်သည့် ငါးဖိန်းငါး၏ အသားမှာ ထူ၍ ချိုမြိန်သည့်အရသာ ရှိပါသည်။ ယခင်က အင်းလေးကန်အတွင်း ငါးဖိန်းငါးမျိုးစိတ်ပေါများခဲ့စဉ်က ငါးဖိန်းငါးကို ငါးထမင်းနယ်နှင့် ငါးဒုက္ခဟင်းလျာများအဖြစ် ပြင်ဆင်ချက်ပြုတ်စားသောက်ကြပါသည်။ ယခုအခါ ငါးဖိန်းငါးမျိုးစိတ်အရေအတွက်မှာ အင်းလေးကန်ဒေသပတ်ဝန်းကျင်ရှိ ရေပြင်များတွင် တစ်နှစ်ထက်တစ်နှစ်လျော့နည်းလာသဖြင့် ၂၄-၂-၂၀၁၁ ရက်တွင် International Union for Conservation of Nature (IUCN)က နောက်ဆုံးအကဲဖြတ်ခဲ့ပြီး Red list of Threatened species ၌ မျိုးသုဉ်းပျောက်ကွယ်မည့်စာရင်းသတ်မှတ်ချက်အရ သဘာဝတွင်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အန္တရာယ်နှင့်ရင်ဆိုင်နေရသော စာရင်းဝင်ငါးမျိုးစိတ် (Endangered-EN) အဆင့်သတ်မှတ်၍ စာရင်းသွင်းထားပါသည်။

ငါးဖိန်းငါးမျိုးစိတ်ရှားပါးလာမှုနှင့် ပတ်သက်၍ သုတေသနပြုလေ့လာသူ အများစုအနေဖြင့် အင်းလေးကန်ရေပြင်ရှိ ကျွန်းမျောစိုက်ခင်းများ၌ ဓာတ်မြေဩဇာအသုံးပြုမှုများပြားခြင်းနှင့် အင်းလေးကန်ပတ်ဝန်းကျင်ရှိ စိုက်ပျိုးမြေများမှ ရေများဝင်ရောက်ခြင်းတို့ကြောင့် ကန်အတွင်းရေအာဟာရဓာတ်ပိုလျှံလာရာမှ ရေထုညစ်ညမ်းလာခြင်း၊ ပေါက်ပွားနှုန်းမြန်သည့် ဗေဒါပင်မျိုးစိတ်(Eichhornia crassipes)သည် အင်းလေးကန်၏ ရေရေိယာအနှံ့အပြားပေါက်ရောက်ခြင်းကြောင့် ငါးများနေထိုင်ရန် ပတ်ဝန်းကျင်ကို အခြားငါးမျိုးစိတ်များနှင့် အပြိုင်အဆိုင်ရယူရန် ကြိုးစားရသည့်အပြင် ယခုအခါ ငါးဖမ်းဆီးလုပ်ကိုင်မှု ပိုမိုများပြားလာသည်နှင့်အမျှ ငါးအထိအမိများသည့် ငါးဖမ်းကိရိယာများနှင့် အင်ဂျင်တပ်ငါးဖမ်းလှေများ အသုံးပြုလာခြင်းစသည်တို့ကြောင့်ဟု ကောက်ချက်ချကြသည်။ ငါးဖိန်းငါးမျိုးစိတ် ရှားပါးလာရခြင်းသည် ငါးအလွန်အကျွံဖမ်းဆီးခြင်း၊ ငါးဖိန်းငါးနေထိုင်ရာပတ်ဝန်းကျင်တွင် ငါးမြစ်ချင်း၊ မြက်စားငါးကြင်းကဲ့သို့သောငါးများ နေရာယူလာခြင်း၊ ငါးကြင်းအုပ်စုဝင်ငါးများနှင့် မျိုးစပ်သွားခြင်းတို့သည် အဓိကအချက်ဖြစ်ကြောင်း သုတေသနပြုလေ့လာချက်များအရ တွေ့ရှိရပါသည်။

> “ ငါးဖိန်းငါးမျိုးစိတ် ရှားပါးလာရခြင်းသည် ငါးအလွန်အကျွံဖမ်းဆီးခြင်း၊ ငါးဖိန်းငါးနေထိုင်ရာပတ်ဝန်းကျင်တွင် ငါးမြစ်ချင်း၊ မြက်စားငါးကြင်းကဲ့သို့ သောငါးများ နေရာယူလာခြင်း၊ ငါးကြင်းအုပ်စုဝင်ငါးများနှင့် မျိုးစပ်သွားခြင်းတို့သည် အဓိက အချက်ဖြစ်ကြောင်း သုတေသနပြုလေ့လာချက်များအရ တွေ့ရှိရပါသည် ”

## ငါးဖိန်းငါးမျိုးစိတ်သုတေသန

စာရေးသူ၏ ငါးဖိန်းငါးမျိုးစိတ်ကို သုတေသနပြုလေ့လာခြင်းဆိုင်ရာ ပါရဂူဘွဲ့ကျမ်းပြုစုရန် ၂၀၁၈ ခုနှစ်မှစ၍ ငါးဖိန်းငါးရရှိနိုင်သောနေရာများကို ဒေသခံများထံမေးမြန်းစုံစမ်းပြီး အင်းလေးကန်နှင့် ၄၉ မိုင်ခန့် (၇၈ ဒသမ ၉ကီလိုမီတာ)အကွာအဝေးတွင်ရှိသော စကားအင်းနေရာကို သုတေသနပြုလုပ်ရန် နယ်ပယ်အဖြစ် ရွေးချယ်ခဲ့ပါသည်။ စကားအင်းမှာ ကျွန်းမျောစိုက်ခင်းနည်းပါးခြင်း၊ ရေချဉ်ဖန်နှုန်းလုံလောက်စွာရှိခြင်း၊ ရေတွင် ပျော်ဝင်သောအောက်ဆီဂျင်ပမာဏ သင့်တင့်ခြင်းစသည့်အချက်များကြောင့် ငါးဖိန်းငါးများ အတော်အသင့် နေထိုင်ကျက်စားလျက်ရှိသည်။ စာရေးသူ၏ သုတေသနနှစ်နှစ်တာကာလဖြစ်သည့် ၂၀၁၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း စကားအင်းသို့ ငါးကြိမ်ကွင်းဆင်းသုတေသနပြုသွားရောက်ခဲ့စဉ် သုတေသနပြုရန်နမူနာအဖြစ် ငါးဖိန်းကောင်ရေအရွယ်စုံ အကောင် ၆၀ စုဆောင်း ရရှိခဲ့ပါသည်။ ရှေ့ဆက်သုတေသနလုပ်ငန်းစဉ်များအတွက် ထပ်မံသွားရောက်ခဲ့စဉ် စကားအင်းရေခန်းခြောက်ချိန်နှင့် ကြုံခဲ့ရခြင်း၊ ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းဆီးမှုများကြောင့် လိုအပ်သည့်ပမာဏရရှိခဲ့ခြင်း မရှိပါ။ သုတေသနဆောင်ရွက်သည့် အချိန်ကာလအတွင်းရရှိခဲ့သော ငါးများ၏ အရွယ်အစားမှာ အရွယ်ရောက်ပြီးအငယ်ဆုံး ငါးလက်မမှ ခုနစ်လက်မ အတွင်းရှိပြီး တစ်ပိဿာမှတစ်ပိဿာခွဲခန့်ရှိသော ငါးဖိန်းကောင်ရေ ငါးကောင်သာ ရရှိခဲ့ကြောင်း တွေ့ရှိရပါသည်။ အရွယ်အစားငယ် အများစုဖမ်းဆီးရမိသည့်အတွက် ဥကောင်းစွာဥချ နိုင်သည့် မျိုးငါးအရေအတွက်အသင့်အတင့်ကျန်ရှိနေသေးသည်ဟု သုတေသနရလဒ်များအရ သုံးသပ်ရပါသည်။

ရွှေဝါငါးကြင်းမျိုးစိတ်နှင့် ဒေသမျိုးရင်း ငါးဖိန်းငါးမျိုးစိတ်များ မျိုးစပ်ပြီး ကပြားမျိုးစိတ် (Hybrid) များ ဖြစ်သွားသည်ဟု ယူဆရသည့် ငါးမျိုးကို ဖမ်းဆီး၍ ငါးဖိန်းငါးဟု ပြောဆိုရောင်းချလျက်ရှိသည်ကို ငါးဖိန်းငါးနှင့် ရွှေဝါငါးကြင်း၏ ပြင်ပသွင်ပြင်လက္ခဏာများကို နှိုင်းယှဉ်ချက်အရ လေ့လာတွေ့ရှိရပါသည်။ သုတေသနဆောင်ရွက်ပြီး နှိုင်းယှဉ်လေ့လာချက်အရ နိုင်ငံခြားမှတင်သွင်းလာသော ရွှေဝါငါးကြင်းမျိုးစိတ်နှင့် ဒေသမျိုးရင်းငါးဖိန်းငါးမျိုးစိတ်များ မျိုးစပ်ပြီး ကပြားမျိုးစိတ် (Hybrid) ဖြစ်သွားခြင်းကြောင့် ဒေသမျိုးရင်းငါးဖိန်းမျိုးစိတ် ရှားပါးလာသည်ဟု လေ့လာသုံးသပ်ရသဖြင့် ဒေသမျိုးရင်းဖြစ်သည့် ငါးဖိန်း ငါးမျိုးစိတ်၊ ရွှေဝါငါးကြင်း ငါးမျိုးစိတ်နှင့် ကပြားမျိုးစိတ်ဟု ယူဆသည့်ငါးမျိုး ဗီဇများ၏ DNA ကိုစစ်ဆေး၍ အဖြေထုတ်နိုင်ရန် ဆက်လက်သုတေသနပြုလုပ်လျက် ရှိပါသည်။

ငါးဖိန်းငါးမျိုးစိတ်များသည် ရေအရည်အသွေးကောင်းမွန်သည့် စကားအင်းရေပြင်သို့ ပြောင်းရွှေ့ကျက်စား နေထိုင်လျက်ရှိကြသည်။ ဒေသခံများနှစ်ခြိုက်စွာ စားသုံးမှုရှိခြင်းကြောင့် ဈေးကောင်းရရှိသည့် ငါးဖိန်းငါးများရရှိနိုင်သည့် စကားအင်းအတွင်း ငါးဖမ်းဆီးသူများက ဘက်ထရီရှော့ခ်တိုက်၍ ဖမ်းဆီးလာကြသည်။ သုတေသနအတွက် လိုအပ်သော ငါးဖိန်းငါး မျိုးစိတ်နမူနာရရှိနိုင်ရန် ကွင်းဆင်းသွားရောက်သည့် အကြိမ်တိုင်းတွင် ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းဆီးသူများထံမှ ဝယ်ယူခဲ့ရသည်။ အင်းလေးကန်တည်ရှိရာ ညောင်ရွှေမြို့နယ်အတွင်း ကျေးရွာအုပ်စု ၄၃ အုပ်စု၊ ကျေးရွာ ပေါင်း ၄၄၅ ရွာတွင် ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းဆီးသူ ၈၀ ရာခိုင်နှုန်းခန့် လုပ်ကိုင်လျက်ရှိပြီး ၂၀၀၇ ခုနှစ်အတွင်း ဘက်ထရီ ရှော့ခ်တိုက်သူ ခုနစ်ဦးကိုသာ ဖမ်းဆီးအရေးယူမှုရှိခဲ့ကြောင်း အင်းပေါခုံကျေးရွာ၏ ကျေးရွာအုပ်ချုပ်ရေးမှူးထံမှ အထောက်အထားများအရ သိရှိခဲ့ရပါသည်။ ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းဆီးခြင်းသည် အရင်းအနှီးများစွာ ကုန်ကျမှုမရှိဘဲ အချိန်တိုအတွင်း ငါးရရှိမှုများခြင်းကြောင့် လုပ်ကိုင်ကြခြင်းဖြစ်သည်။ သဘာဝနည်းဖြင့် ငါးဖမ်းဆီးလုပ်ကိုင်ကြသော ရေလုပ်သားများအနေဖြင့် ငါးဖမ်းဆီးနိုင်ခြင်း မရှိ တော့သည့်အတွက် ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းဆီးခြင်းကို ပပျောက်စေလိုသည့် ဆန္ဒရှိကြကြောင်း လေ့လာသိရှိခဲ့ရပါသည်။

## ငါးဖိန်းငါးမျိုးစိတ် ထိန်းသိမ်းစောင့်ရှောက်ရေး

အင်းလေးကန်သည် ဖောင်တော်ဦးဘုရား၏ တန်ခိုးကြီးထင်ရှားမှုနှင့်အတူ အင်းသားလူမျိုးများ၏ တန်ဖိုးထားစားသောက်ကြသော အရသာကောင်းမွန်သည့် ငါးဖိန်းငါးမျိုးစိတ်သည်လည်း အထင်ကရဖြစ်သည့်အားလျော်စွာ အင်းလေးကန် စိမ်းလန်းစိုပြည်ရေး ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းစဉ်များတွင် ငါးဖိန်းငါးမျိုးစိတ်ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ထည့်သွင်းဆောင်ရွက်ခြင်းသည် အရေးကြီးသောလုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အင်းလေးကန် စိမ်းလန်းစိုပြည်ရေး ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းစဉ်များတွင် ရေအရည်အသွေးကောင်းမွန်ပြီး ငါးဖိန်းငါးများနှစ်သက်သည့် ရေပြင်များကို လေ့လာရွေးချယ်၍ အဆိုပါရေပြင်များကို ငါးမဖမ်းရနေရာ သတ်မှတ်ပေးခြင်း၊ အင်းလေးကန်ပတ်ဝန်းကျင်၌ ဘက်ထရီရှော့ခ်တိုက်ငါးဖမ်းဆီးမှုကို သတိပေးဆိုင်းဘုတ်များဖြင့် တားမြစ်၍ ထိရောက်စွာအရေးယူမှုများပြုလုပ်ခြင်းဖြင့် ငါးဖိန်းငါးမျိုးများ ပြန်လည်ပေါများလာနိုင်ပါကြောင်း သုတေသနပြုလေ့လာချက်များကို အခြေခံ၍ ရေးသားဖော်ပြရင်း မြန်မာနိုင်ငံအတွင်းရှိ ဒေသမျိုးရင်းငါးမျိုးစိတ်များ၏ မျိုးဗီဇများ ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ရန် သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ကိုးကား - Vidthayanon, C. 2011. Cyprinus intha. The IUCN Red List of Thre-atened Species 2011:e.T180896 A7654388.https://dx.doi.org/ 10.2305/IUCN.UK. 20111. RLTS.T180 896 A7654 388.en. Accessed on 29 August 2022.
(http://www.dof-myanmar-fic.org/Multimedia/ Posters/ 30.% 20 Endangered % 20species% 20in% 20Inle% 20Lake)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၁၂-၂၀၂၂ တနင်္လာနေ့

**MRTV HD**

**၀၆:၀၀** နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ရတနသုတ်၊ ဗောဇ္ဈင်္ဂသုတ်၊အဋ္ဌာနာဋိယသုတ်၊ မဟာသမယသုတ်ပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၄၅** 'ဒီပိုကရေစီဆိုရာဝယ်'
**၀၉:၃၀** စိုက်ပျိုးရေးရာအဖြေရှာ 'ရတနာတန်းဝင်ရွှေကျွန်းပင်'
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၄၅** Economic Review
**၁၁:၃၀** ဘဝနှင့်အနုပညာ 'သီတာမှသည်တေးသံရှင် ခိုင်ဝါဆီ...' (အပိုင်း-၁)
**၁၂:၃၀** မြန်မာဇာတ်လမ်းတွဲ "အတိုးမပေးတဲ့...ဒိုးလေး" (အပိုင်း-၂၁)
**၁၃:၃၀** MRTV National News
**၁၄:၂၀** Beyond the Mountains " (Part-5)
**၁၆:၄၅** မျိုးဝုဏ်တင့်စေဆိုကရေးတီးအမွေ
**၁၇:၁၅** သတင်းသမားပြောတဲ့သတင်းစကား
**၁၇:၄၅** This Week's Special Interest
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** (၇၅)နှစ်မြောက်စိန်ရတုတပ်မတော်(ရေ)နေ့အထိမ်းအမှတ်ဝုဏ်ပြုတေးသီချင်း
**၁၈:၄၅** 'နိုင်ငံကျော်အဆိုတော်မြန်မာပြည်သိန်းတန်၏ကြယ်ကလေးများ၏အနာဂတ် တစ်ကိုယ်တော်သီဆိုဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်' (အပိုင်း-၁)
**၁၉:၃၀** (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ ဝုဏ်ပြုဇာတ်လမ်း 'မိုးမြေသက်သေ... တို့သွေးချင်းတွေ' (အပိုင်း-၁)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** (၇၅)နှစ်မြောက်စိန်ရတုတပ်မတော်(ရေ)နေ့ဝုဏ်ပြုဇာတ်လမ်း 'ကြယ်ညွှန်ရာသစ္စာ' (အပိုင်း-၉)
**၂၂:၀၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချီတက်' (အပိုင်း-၂၀)

**mitv**

**07:01** Evergreen Classic: Suvanna Sama (Hnin Yee Thant)
**07:10** Malikha & Fairy Island
**07:23** Dances of Myanmar: Enn Traditional Dance
**07:27** Bottle Gourd Painting
**07:33** The Crocodiles of Meinmahla Island
**08:01** News
**08:26** ASEAN Women Entrepreneurship: Cambodia
**08:37** Sri Ksetra, Field of Fortune & Glory (Part-1)
**09:01** Kyaukse Cement Plant
**09:16** NexGen: Su Lin Lae
**09:30** Danu Food: Tofu Dish
**09:37** Underwater Photographer
**10:01** News
**10:26** Topical Topics (No. 15) Dream Brighter Future &Turn Out Qualified Skilled Workers
**10:35** Listening Pleasure, Instrumental Music (Mandolin) Ghost of Banyan
**10:45** Handmade Artisan Ye`Linn Oo

**MRTV NRC**

**ချင်း(လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
တောင်ဇလပ်ရဲ့ရိုးရာအလှ(အပိုင်း-၂)

**ချင်း(ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
မုန်လာဥနီ၏ဆေးဖက်ဝင်အစွမ်းထက်မှုများ

**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း-၆)

**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
အမှောင်ကမ္ဘာထဲမှစွမ်းအားရှင်လေးများ

**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
ကွန်ဟိန်း-တောင်ကြီးကြားကရှမ်းပြီးတဲ့လမ်းခရီး

**"ဝ" (၁၄:၀၀)မှ(၁၆:၀၀)ထိ**
သွေးချင်းတို့ရဲ့ရိုးရာယဉ်ကျေးမှုများဆီသို့

**ကချင် (၁၆:၀၀)မှ (၁၈:၀၀)ထိ**
ကချင်ရိုးရာတူရိယာများအကြောင်း

**ကယား(၁၈:၀၀)မှ(၂၀:၀၀) ထိ**
ကော်ယော်ရိုးနဒေသသို့

**စကောကရင် (၂၀:၀၀)မှ (၂၁:၀၀)ထိ**
အစာလည်းဆေး၊ ဆေးလည်းအစာ

**အနောက်ပိုးကရင်(၂၁:၀၀)မှ(၂၂:၀၀)ထိ**
ကရင်ရိုးရာဗိနှပ်လုပ်ငန်း

**အရှေ့ပိုးကရင်(၂၂:၀၀)မှ(၂၃:၀၀)ထိ**
ဖားစည်မြေမှရောင်စုံအလှ(အပိုင်း-၂)

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊တေးသီချင်း
**၀၆:၀၅** လှုပ်လှုပ်ရှားရှားအားကစား
**၀၆:၄၀** အားကစားသတင်း
**၀၈:၃၀** နိုင်ငံတကာသတင်း(LIVE)
**၀၈:၄၅** 'ရတနာတန်းဝင်ရွှေကျွန်းပင်'
**၀၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE
**၁၀:၁၅** 'စစ်မီးငြိမ်းချိန်တန်ပါပြီ'
**၁၀:၄၅** ကလောင်စွမ်းဖြင့်ဥဒါန်းအလင်းတံခါး ဖွင့်ပေးကြသူများ 'မွေ့ခံထိုက်စေ စာကြည့်တိုက်ပညာအမွေ' (အပိုင်း-၃)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၁:၄၅** တစ်မူထူးခြားသစ်သားနှင့် Resin ပေါင်းစပ်မှုအလှတရား

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အခံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အကျိုးဖျက်ဆီးမှုအကြောင်း သိမှတ်စရာဥပဒေမှာ'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၅
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဖိလိပိုင်သမ္မတနိုင်ငံ)
**၁၁:၃၀** 'အတွေးအမြင်' အပိုင်း-၅

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊နိုင်ငံတော်သီချင်း၊နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်းနှင့်မိုးလေဝသ
**၀၆:၂၅** မျိုးစေ့ပြပွဲမှသည်မျိုးစေ့ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆီ
**၀၇:၀၀** စိုက်ပျိုးမွေးမြူသုတဘဏ်
**၀၇:၄၅** တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း(မန္တလေး)
**၀၇:၅၀** နိုင်ငံတကာနည်းပညာတို့လယ်တောမှာကျင့်သုံးပါ
**၀၈:၂၀** မျှော်လင့်ခြင်းကွင်းပြင်ဆီမှတောင်သူစကားသံများ
**၀၉:၂၀** ဝါစိုက်တောင်သူများ၏အကျိုးစီးပွားအတွက်သာစည်မြို့နယ်မှအထူးဇုန်စံပြစိုက်ကွက်

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** SPORTS NEWS
**၀၇:၃၀** Soccer View/ Weekly Sports Info/ Sports Diary
**၀၇:၄၅** အားကစားလောကထဲကသူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ်ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို ဝနေ့တနင်္ဂနွေမှအစ နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အိမ်ထောင်စုလူဦးရေစာရင်းကောက်ယူခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ (Talk Show) ကျင်းပ




စဉ့်ကူး ဒီဇင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော အိမ်ထောင်စုလူဦးရေစာရင်း ကောက်ယူခြင်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို စဉ့်ကူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်ဇာလွင်က အသိပညာပေးဆွေးနွေးပွဲ ဆောင်ရွက်ရခြင်း ရှင်းလင်းပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဦးစီးအရာရှိ ဦးရွှေဝင်းက အိမ်ထောင်စုလူဦးရေစာရင်း ကွင်းဆင်းတိုက်ဆိုင် စစ်ဆေးရခြင်း ရည်ရွယ်ချက်များ၊ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များအနက်မှ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်သုံးခုအကြောင်း၊ မြေပြင်ကွင်းဆင်းအဖွဲ့တွင် ပါဝင်မည့် အဖွဲ့အစည်းများ၊ နိုင်ငံသားများ၏ ကိုယ်ရေးအချက်အလက်များ မှန်ကန်ရေးနှင့် လူဦးရေစာရင်းများ မှန်ကန်ရေး တစ်အိမ် တက်ဆင်း တိုက်ဆိုင်စစ်ဆေးခြင်းဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် လဝကရုံးများသို့ လာရောက်ရန် အခက်အခဲဖြစ်နိုင်သည့်အတွက် မြေပြင်ကွင်းဆင်းအဖွဲ့ဖြင့် အိမ်တိုင်ရာရောက် လာရောက်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ နိုင်ငံ၏သယံဇာတ လူသားအရင်းအမြစ်များ တိကျမှန်ကန်စွာ မှတ်တမ်းထားရှိရေး ပြည်သူအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်းစသည့် အချက်များအား ပြည်သူများ သိရှိနိုင်စေရန် အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၅-၁၂-၂၀၂၂

### ရွှေ

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး | တစ်ကျပ်သား ကျပ် ၂၁၁၈၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး | တစ်ကျပ်သား ကျပ် ၂၁၁၈၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၉၈ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး | တစ်အောင်စ အမေရိကန်ဒေါ်လာ ၁၇၉၈ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၀၀ ကျပ် | ၂၃၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၃၈၀ ကျပ် | ၂၄၂၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၉၇၀ ကျပ် | ၂၀၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၅၅ ကျပ် | ၂၁၀၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၂၂၈ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၅၅၅ . ၃ |
| ထိုင်း | တစ်ဘတ် | ကျပ် ၆၀ . ၄၅၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၈၃ . ၃ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၇၄ . ၅၈ |
| တရုတ် | တစ်ယွမ် | ကျပ် ၃၀၀ . ၅၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၅ . ၃၄၂ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၇၀၀ | ၇၃၉ | ၆၄၉၃၁၀၀ |
| MTSH | ၃၂၅၀ | ၃၂၀၀ | ၆၉၀၀ | ၂၂၁၂၁၂၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၁၀၀ | ၁၉၀၀၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၄ | ၁၀၈၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


MYANMAR Digital News Presented by NPE www.mdn.gov.mm

ပျော်ရွှင်လေ့လာအင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်က ဖော်ပြခဲ့တဲ့ The Correct Use of Tenses (ကာလအပိုင်းအခြားများကို မှန်မှန်ကန်ကန်အသုံးပြုခြင်း) နဲ့ပတ်သက်ပြီး Past Perfect Continuous Tense (အတိတ်ဖြစ်ပြီးဖြစ်ဆဲကာလ) အကြောင်းကို ပြည့်ပြည့်စုံစုံဖော်ပြလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမှာဖြစ်လို့ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်တစ်ပတ်က ဖော်ပြခဲ့တဲ့ Past Perfect Continuous Tense (အတိတ်ဖြစ်ပြီးဖြစ်ဆဲကာလ) အကြောင်းနဲ့ ပတ်သက်ပြီး ပြည့်ပြည့်စုံစုံ ဆက်လက်ဖော်ပြလိုက်ပါတယ်။

**Past Perfect Continuous Tense (အတိတ်ဖြစ်ပြီးဖြစ်ဆဲကာလ)**

Yesterday morning I got up and looked out of the window. The sun was shining, but the ground was very wet. (မနေ့မနက်က ကျွန်တော်နိုးလာတော့ ပြတင်းပေါက်အပြင်ဘက်ကို ကြည့်လိုက်တယ်။ နေကတောက်ပနေတယ်။ သို့သော်လည်း မြေကြီးကတော့ အရမ်းစိုနေခဲ့တယ်။) ဒါဘာဖြစ်ခဲ့တာလဲ။

It **had been raining.** (မိုးရွာထားခဲ့လို့ဖြစ်ပါတယ်။)

It was not raining when I looked out of the window. The sun was shining. But it **had been raining** before. (ကျွန်တော်ပြတင်းပေါက်အပြင်ဘက်ကို ကြည့်တဲ့အချိန်မှာ မိုးမရွာခဲ့ပါဘူး။ နေကတောက်ပနေပါတယ်။ ဒါဆိုဘာကြောင့် မြေကြီးအလွန်စိုနေတာလဲ။ အဖြေကတော့ ရှင်းပါတယ်။ ကျွန်တော် ပြတင်းပေါက်အပြင်ဘက်ကို မကြည့်ခင်ကတည်းက မိုးကရွာခဲ့လို့ဖြစ်ပါတယ်။ ဒါကြောင့် မြေကြီးက အလွန်စိုနေတာဖြစ်ပါတယ်။) ဟုတ်ပြီ၊ ဒီလိုအခြေအနေမျိုးမှာ ကျွန်တော်တို့ဟာ Past Perfect Continuous Tense (အတိတ်ဖြစ်ပြီးဖြစ်ဆဲကာလ) ကို သုံးရမှာ ဖြစ်ပါတယ်။

သူနဲ့သက်ဆိုင်တဲ့ နောက်ထပ်နမူနာဝါကျတွေက

- My hands were dirty because I'**d been repairing** my bike.
- Tom was tired when he got home. He'**d been working** hard all day.
- I went to Madrid a few years ago and stayed with a friend of mine. She **hadn't been living** there very long, but she knew the city very well.

နောက်တစ်ခါ ဖြစ်ရပ်တစ်ခုဟာ တခြားဖြစ်ရပ်တစ်ခုမဖြစ်ခင် အတိတ်မှာ ဆက်လက်ဖြစ်နေဆဲ၊ ဖြစ်နေခဲ့တယ်ဆိုရင်လည်း Past Perfect Continuous Tense နဲ့သုံးရပါတယ်။ ဥပမာပေ့ါဗျာ–

- We'**d been playing** tennis for about half an hour when it **started** to rain heavily.

(မိုးသည်းထန်စွာမရွာခဲ့ခင်တုန်းကတော့ ကျွန်တော်တို့ တင်းနစ်ကစားနေခဲ့တယ်လို့ အဓိပ္ပာယ်ရပါတယ်။)

ဒီနေရာမှာ ကျွန်တော်တို့က Verb (ကြိယာ) တိုင်းကိုတော့ –ing နဲ့ တွဲသုံးလို့ရတာမျိုးတော့မဟုတ်ပါဘူး။ တချို့ Verb (ကြိယာ) တွေက –ing နဲ့ တွဲလို့ရတယ်။ တချို့က တွဲလို့မရပါဘူး။ ဒါက action verb (လှုပ်ရှားမှုကို ဖော်ပြတဲ့ကြိယာ)နဲ့ state verb (တည်ငြိမ်နေတဲ့ လှုပ်ရှားမှုမရှိတဲ့ ကြိယာ) တွေရဲ့ ကွဲပြားခြားနားမှုဖြစ်ပါတယ်။ –ing ပေါင်းတဲ့အခါမှာ အများအားဖြင့် action verb တွေကိုပဲ –ing ပေါင်းလေ့ရှိပါတယ်။ အောက်မှာဖော်ပြထားတဲ့ Verb တွေကတော့ များသောအားဖြင့် –ing ပေါင်းလေ့မရှိပါဘူး။

| | | | | |
|---|---|---|---|---|
| like | want | need | prefer | |
| know | realise | understand | recognise | |
| believe | suppose | remember | mean | |
| belong | fit | contain | consist | seem |

ကျွန်တော်ပိုင်ဆိုင်တယ်လို့ ပြောတဲ့အခါမှာလည်း Ving ပုံစံနဲ့ ပြောလေ့မရှိပါဘူး။

Past Perfect Continuous နဲ့သုံးနိုင်တဲ့ နောက်ထပ် ဝါကျလေးတွေကို ကြည့်ရအောင်။ ဥပမာ –

- At last the bus came. I'd been waiting for 20 minutes. (ဘတ်စ်ကားမလာခင် သူ မိနစ် ၂၀ စောင့်နေတယ်။ နောက်ဆုံးမှ ဘတ်စ်ကားရောက်လာတယ်လို့ ပြောတာဖြစ်ပါတယ်။)
- James was out of breath. He'd been running. (ဂျိမ်းစ်ဟာ ပြေးခဲ့ရတဲ့အတွက် အသက်ရှူမှားမတတ် မောနေတယ်လို့ အဓိပ္ပာယ်ရပါတယ်။)

နောက်တစ်ခါ Past Perfect Continuous (အတိတ်ဖြစ်ပြီးဖြစ်ဆဲကာလ) ကို Indirect သို့မဟုတ် Reported Speech နဲ့ပြောတဲ့အခါမှာလည်း သုံးနိုင်ပါတယ်။ ဥပမာ –

**Steven to Sue:** I have been playing tennis.
(စတီဗင်က စူးကိုပြော)

**Jenny asked Sue:** What did Steven say?
(ဂျန်နီက စူးကိုမေး)

**Sue to Steven:** He said he had been playing tennis.
(စူးက စတီဗင်အကြောင်းပြန်ပြော)

ဒီလိုမျိုး တစ်ဆင့်ပြန်ပြောတဲ့နေရာမှာလည်း past perfect continuous နဲ့သုံးရတာဖြစ်ပါတယ်။ ဒါဆိုရင်တော့ past perfect continuous အကြောင်း အတော်လေးပြည့်ပြည့်စုံစုံသိပြီလို့ ယူဆရပါတယ်။

ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ

**Exercise (2) မှ အဖြေများ**

1. He said that he had read it.
2. He said that he had rung the bell.
3. He said that he had seen the film.
4. They said that the bird had flown away.
5. They said that they had cleaned the car.
6. He said that he had taken the book.
7. She said that her sister had gone out.
8. She said that she had picked some flowers.
9. He said that he had not locked the door.
10. He said that he had cut the tree.
11. They said that they had gone there by bus.
12. She said that she had seen Mary in the library.

**Exercise (3) မှအဖြေများ**

1. asked/ had happened
2. arrived/ had burnt
3. told/ had not painted
4. had had/ went
5. hurried/ had finished
6. had talked/ left
7. had stopped/ got
8. agreed/ had spoken
9. posted/ had written
10. had read/ tore
11. said/ had bought
12. hung/ had washed

**Exercise (4) မှအဖြေများ**

1. It had fallen off the wall.
2. They hadn't flown before.
3. It had changed a lot.
4. I hadn't heard it before.
5. She'd arranged to do something else./She had arranged …
6. The film had already started.
7. We hadn't been there before.
8. I hadn't seen him for five years.
9. They'd just had lunch. / They had just had …
10. He'd never played before. / He had never played …

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## CONVERSATION



### Shortest way to talk about "Shopping at a supermarket"

ဒီတစ်ပတ်မှာတော့ Shopping at a supermarket စူပါမားကတ်မှာ ဈေးဝယ်ကြမယ်ဆိုတဲ့အကြောင်းနဲ့ပတ်သက်ပြီး ပြောဆိုသုံးနှုန်းပုံကို ဖော်ပြထားပါတယ်။ သူတို့တွေ ဘယ်ပုံဘယ်နည်း ပြောဆိုထားသလဲဆိုတာတွေကို "Shortest way to talk about "Shopping at a supermarket" ဆိုပြီး ဖော်ပြလိုက်ပါတယ်။

**Can you (please) tell me …?**

၁။ ကျေးဇူးပြုပြီး ပြောပြပေးနိုင်မလား ဆိုပြီး ပြောချင်ရင် Can you (please) tell me …? ဆိုပြီး ပြောနိုင်ပါတယ်။ ပိုပြီးတော့ အလေးအနက်မေးချင်တဲ့အခါ please ဆိုတဲ့စကားလုံးကို ထည့်ပေးရပါတယ်။ ဥပမာ –

- Can you please tell me where the flour is?

**Do you have …?**

၂။ နောက်တစ်ခါ (….) ရှိသလားဆိုပြီးမေးချင်ရင် Do you have …? ဆိုပြီးမေးနိုင်ပါတယ်။ ဥပမာ–

- Do you have any cottage cheese?
- Where is …?

၃။ နောက်တစ်ခါ ဘယ်မှာလဲဆိုပြီးမေးချင်ရင် Where is …? နဲ့ မေးလေ့ရှိပါတယ်။ ဥပမာ –

- Where is the dairy section!

**One more thing …**

၄။ မေးနေတဲ့အကြောင်းအရာတွေ အတော်များများ မေးပြီးတဲ့နောက်မှာ နောက်တစ်ခုကို ထပ်ပြီး မေးချင်သေးတယ်ဆိုရင် ဒီလိုပြောနိုင်ပါတယ်။ One more thing … ဥပမာ –

- One more thing, I also want to buy soy sauce, but I can't see any on the shelf. Do you have more soy sauce in stock?

**By the way, …**

၅။ By the way, … ကတော့ ကိုယ်ပြောတဲ့အကြောင်းအရာနဲ့ မသက်ဆိုင်ဘဲ နောက်တစ်ခုကို စကားလမ်းကြောင်း ပြောင်းချင်ရင် သို့မဟုတ် နောက်သိချင်တာတစ်ခုကို မေးချင်ရင် သို့မဟုတ် ပြောချင်ရင် သုံးလေ့ရှိတဲ့ စကားပြောပုံစံတစ်ခုဖြစ်ပါတယ်။ ဥပမာ –

- Shop assistant: Ah, we don't carry decaf coffee.
  Customer: I see. By the way, are these boxes of cereal on sale?

**How would you like to pay …?**

၆။ ဒါကတော့ ကိုယ်တစ်ခုခုဝယ်ပြီးလို့ ပိုက်ဆံပေးချေတဲ့အခါမှာ ပြောလေ့ရှိတဲ့စကား ပြောပုံစံဖြစ်ပါတယ်။ သူများနိုင်ငံတွေမှာ banking စနစ်ကောင်းတော့ ကတ်တွေနဲ့ ပိုက်ဆံပေးချေတာကို တွင်ကျယ်စွာအသုံးပြုကြပါတယ်။ ကတ်နဲ့မပေးဘဲနဲ့လည်း ငွေသားနဲ့လည်း ရှင်းနိုင်ပါတယ်။ ဒီလိုပိုက်ဆံပေးချေတဲ့ပုံစံကို ဘယ်နည်းနဲ့ပေးချေမလဲ။ ဘယ်လိုပေးချေမလဲဆိုပြီး မေးတဲ့အခါ How would you like to pay…? ဆိုပြီး မေးလေ့ရှိပါတယ်။ ဥပမာ–

- It comes to $110.25. How would you like to pay?

**Conversation**

**At a supermarket**

Customer: Excuse me, **can you please tell me where the flour is?**

Shop assistant: It's on aisle 6.

Customer: Okay, thanks. And **do you have any cottage cheese?**

Shop assistant: Yes, it's in the dairy section.

Customer: **And where is the dairy section!**

Shop assistant: Go straight ahead and turn into the first aisle on the left. There you will find the dairy section.

Customer: Thank you. Will I also find eggs in that section?

Shop assistant: Yes, the eggs are located next to the collage cheese and sour cream.

Customer: Great! **One more thing, I also want to buy soy sauce, but I can't see any on the shelf.** Do you have more soy sauce in stock?

Shop assistant: Sorry, it's sold out.

Customer: I see. When will you restock?

Shop assistant: You can check back on Thursday.

Customer: Okay. That's good to know. And do you sell decaf coffee?

Shop assistant: Ah, we don't carry decaf coffee.

Customer: **I see. By the way, are these boxes of cereal on sale?**

Shop assistant: Yup, they're buy one, get one free.

Customer: Great!

Cashier: Hello, do you have a loyalty card? You'll get a 10% off this purchase.

Customer: Yes, I do. Here it is.

Cashier: All right. **It comes to $110.25. How would you like to pay?**

Customer: I'll pay by card.

Cashier: And here's your receipt. Have a nice day!

Customer: Thanks, you too!

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း–၀၉–၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်



ပုသိမ် ဒီဇင်ဘာ ၂၅

**တစ်မျိုးသားလုံးကျန်းမာသန်စွမ်းပြီး ကိုယ်လက်ကြံ့ခိုင်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဒီဇင်ဘာလကို လူထုလှုပ်ရှားအားကစားလအဖြစ် သတ်မှတ်၍ နှစ်စဉ်နှစ်တိုင်း စုပေါင်းလမ်းလျှောက်ပွဲ ပြုလုပ်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ယမန်နေ့နံနက်ပိုင်းက ပြုလုပ်သည့် စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ ပြည်သူများ ပါဝင်ဆင်နွှဲကြသည်။**

စုပေါင်းလမ်းလျှောက်ပွဲမစတင်မီ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သေနတ်ပစ်ဖောက်၍ လမ်းလျှောက်ပွဲကို ဖွင့်လှစ်ပေးသည်။ ယင်းနောက် ရွှေရုပ်တုအဝိုင်းရှေ့မှစတင်၍ မဟာဗန္ဓုလလမ်းမကြီးအတိုင်း ကိုးသိန်း အားကစားကွင်းသို့ တပျော်တပါး စုပေါင်းလမ်းလျှောက်ကြပြီး ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ကြသည်။ အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲသို့ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ အပါအဝင် အင်အား ၁၉၀၀ ခန့် ပါဝင်ဆင်နွှဲခဲ့ကြကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ကျိုက်လတ်- ပေါက်ကျွန်း- စက်ကုန်းလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲနှင့် ကျိုက်လတ်-မောင်းတီးလမ်း(ကျိုက်လတ်ကျေးရွာအဝင်လမ်း) ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲများသို့တက်ရောက်ကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကွန်ကရစ်လမ်းသစ်များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ်၊ ကျောင်းကုန်းမြို့ အမှတ် (၂) ရပ်ကွက်တွင် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် လမ်းအရှည် ၅၁၆ ပေ၊ အကျယ် ၁၆ ပေ၊ ထုခြောက်လက်မရှိ မင်္ဂလာလမ်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲတက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ကွန်ကရစ်လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကာ ဖျော်ဖြေရေးအဖွဲ့များအတွက် ဂုဏ်ပြုငွေများ ချီးမြှင့်ပေးကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာအားကစားလ (စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်



**နေပြည်တော် ဒီဇင်ဘာ ၂၅**

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ အားကစားလ (စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးတို့၌ ကျင်းပကြသည်။

**စုပေါင်းလမ်းလျှောက်**

ထိုသို့ စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို နယ်မြေခံစစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လားရှိုးတပ်နယ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်စစ်ရေးပြကွင်းများ၌ လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တောင်ကြီးတပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌ လည်းကောင်း၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် ကျိုင်းတုံတပ်နယ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီး အလိုက် စုပေါင်း လမ်းလျှောက်ပွဲများကို တပ်နယ် အားကစားကွင်းများ၌ လည်းကောင်း။

အရှေ့တောင်တိုင်း စစ်ဌာနချုပ် မော်လမြိုင်တပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းများ၌လည်းကောင်း၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ် အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲကို တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တပ်နယ်စုပေါင်းတန်းစီကွင်းများ၌ လည်းကောင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ် ပုသိမ်တပ်နယ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ် အားကစားကွင်း၌ လည်းကောင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း။

အနောက်မြောက်တိုင်း စစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ် အသီးသီးအလိုက် စုပေါင်း လမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို နန်းမြို့တွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီးအနီးနှင့် တပ်နယ် အားကစားကွင်းတို့၌ လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ် အသီးသီးအလိုက် စုပေါင်း လမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမရှေ့နှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌ လည်းကောင်း အသီးသီးကျင်းပကြရာ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/ တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများတွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ကြသည်။

**ကိုယ်လက်ကြံ့ခိုင်ရေးဆောင်ရွက်**

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ရုံး/ ဌာနများ၏ ဒီဇင်ဘာအားကစားလ (စတုတ္ထပတ်) စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စခန်းမှူးရုံး စခန်းမှူးနှင့် ရုံး/ ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲကြပြီး **(အပေါ်ပုံ)** ကိုယ်လက်ကြံ့ခိုင်ရေးများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




# တနိုင်းမြို့၌ ၂၀၂၂ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုလမ်းလျှောက်ပွဲ (စတုတ္ထပတ်) ကျင်းပ

**တနိုင်း ဒီဇင်ဘာ ၂၅**

ကချင်ပြည်နယ် တနိုင်းမြို့၌ ဒီဇင်ဘာလ (စတုတ္ထပတ်) လူထုလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၅ နာရီခွဲက ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနတို့၏ ဦးဆောင်မှုဖြင့် ကျင်းပသည်။

အဆိုပါ ဒီဇင်ဘာလ လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမိုးဇော်လင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ ဆရာမများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးရှေ့တွင်စုရပ်ပြုလုပ်၍ မိုင်းခွန်သွားလမ်း-သာယာသစ်ဘုန်းကြီးကျောင်းရှေ့ လမ်း-မနောကွင်းလမ်းရှေ့မှတစ်ဆင့် အား/ကာ ဘောလုံးကွင်းသို့ ဒီဇင်ဘာလ လူထုလမ်းလျှောက်ပွဲ (စတုတ္ထပတ်) ပြုလုပ်ကြောင်း သိရသည်။

**ပန်းအိ(တနိုင်း)**

# “ရွှေလီ၊ ရဲရွာ ရေအားလျှပ်စစ်စက်ရုံတွေကထွက်လာတဲ့ ဓာတ်အားတွေကို မြန်မာနိုင်ငံတောင်ပိုင်းကို ပိုမိုလျင်မြန်စွာ ပို့လွှတ်နိုင်ရေးအတွက် ဒီစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်”



ဒုတိယညွှန်ကြားရေးမှူးချုပ်
ဦးမျိုးနိုင်

တွေ့ဆုံမေးမြန်းသူ - အေမင်းရည်စော(ပြန်/ဆက်)

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီ ကံကောင်း (မိတ္ထီလာ) -စပါးကြွယ် (တောင်ငူ) ဓာတ်အားလိုင်း အပြီးသတ်ချိတ်ဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့်ပတ်သက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်အား အုတ်တွင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။**

**မေး ။ ။ ဆရာတို့ ၅၀၀ ကေဗွီ လျှပ်စစ်ဓာတ်အားလိုင်း စီမံကိန်းကို စတင်အကောင်အထည်ဖော်ခဲ့တာနဲ့ ပတ်သက်လို့ သိလိုပါတယ်။**

ဖြေ ။ ။ မြန်မာနိုင်ငံမြောက်ပိုင်းမှာရှိတဲ့ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ၊ အထူးသဖြင့်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေ၊ သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံတွေက ထွက်ရှိတဲ့ လျှပ်စစ်ဓာတ်အားတွေကို လျှပ်စစ်ဓာတ်အားသုံးစွဲမှုများတဲ့ ရန်ကုန်မြို့နဲ့တကွ မြန်မာနိုင်ငံတောင်ပိုင်းကို ပို့လွှတ်ဖြန့်ဖြူးဖို့ ၅၀၀ ကေဗွီ ဓာတ်အားလိုင်းစီမံကိန်းကို ၂၀၁၃-၂၀၁၄ ခုနှစ်လောက်ကစပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ယခင်ကတော့ ၂၃၀ ကေဗွီ၊ ၁၃၂ ကေဗွီဓာတ်အားလိုင်းတွေနဲ့ ပို့လွှတ်ဖြန့်ဖြူးခဲ့ပေမယ့် လျှပ်စစ်ဓာတ်အားသုံးစွဲမှု နှစ်စဉ်တိုးတက်များပြားလာတဲ့အတွက် ၂၃၀ ကေဗွီဓာတ်အားလိုင်းတွေနဲ့ ဓာတ်အားပို့လွှတ်ရာမှာ ဒီဓာတ်အားလိုင်းတွေဟာ ဝန်အားနိုင်နင်းမှုမရှိတော့တဲ့အတွက် ၅၀၀ ကေဗွီဓာတ်အားလိုင်းနဲ့ ခွဲရုံတွေကို အကောင်အထည်ဖော် တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။ စီမံကိန်းတည်နေရာတွေကတော့ ကံကောင်း(မိတ္ထီလာ)မှာ ၅၀၀/၂၃၀ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်တယ်။ ဒီ ၅၀၀ ကေဗွီ ကံကောင်းခွဲရုံကနေ စပါးကြွယ်(တောင်ငူ) အထိ ၅၀၀ ကေဗွီဓာတ်အားလိုင်း ၁၄၆ မိုင် တည်ဆောက်သလို စပါးကြွယ်မှာ ၅၀၀/၂၃၀ ကေဗွီ ဓာတ်အားခွဲရုံ စီမံကိန်း တည်ဆောက်အကောင်အထည်ဖော်ခဲ့ပါတယ်။ အခုအချိန်မှာတော့ ကံကောင်းဓာတ်အားခွဲရုံကနေ စပါးကြွယ်ခွဲရုံအထိ ၅၀၀ ကေဗွီဓာတ်အားလိုင်း တည်ဆောက်ပြီးစီးသွားပြီ ဖြစ်ပါတယ်။ အခု တည်ဆောက်ပြီးစီးသွားတဲ့ ၅၀၀ ကေဗွီဓာတ်အားလိုင်းကို လက်ရှိနိုင်ငံတော်ဓာတ်အားစနစ်နဲ့ ချိတ်ဆက်ဖို့အတွက် မိတ္ထီလာအနီးမှာရှိတဲ့ ၂၃၀ ကေဗွီ သပြေဝဓာတ်အားခွဲရုံနဲ့ ၅၀၀ ကေဗွီ ကံကောင်းဓာတ်အားခွဲရုံကြား ၂၃၀ ကေဗွီဓာတ်အားလိုင်း တည်ဆောက်ပြီးစီးသွားပြီ ဖြစ်ပါတယ်။ ထို့အတူ တောင်ငူဘက်မှာလည်း ၅၀၀ ကေဗွီ စပါးကြွယ်ဓာတ်အားခွဲရုံနဲ့ ၂၃၀ ကေဗွီ တောင်ငူဓာတ်အားခွဲရုံတွေကို ချိတ်ဆက်ဖို့အတွက် ၂၃၀ ကေဗွီဓာတ်အားလိုင်း တည်ဆောက်ပြီးစီးသွားပြီဖြစ်ပါတယ်။ အဓိကရည်ရွယ်ချက်ကတော့ ကျွန်တော်တို့က မြန်မာနိုင်ငံမြောက်ပိုင်းမှာရှိတဲ့ ရေအားလျှပ်စစ်စက်ရုံတွေ၊ အထူးသဖြင့် ရွှေလီ၊ ရဲရွာရေအားလျှပ်စစ်စက်ရုံတွေက ထွက်လာတဲ့ ဓာတ်အားတွေကို မြန်မာနိုင်ငံတောင်ပိုင်းကို ပိုမိုလျင်မြန်စွာ ဓာတ်အားပို့လွှတ်နိုင်ရေးအတွက် ဒီစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

**မေး ။ ။ ၂၃၀ ကေဗွီဓာတ်အားကို ဘယ်တော့လောက်စပြီး ပို့လွှတ်ပေးဖို့ စီစဉ်ထားပါသလဲ။**

ဖြေ ။ ။ ဒီ ၂၃၀ ကေဗွီဓာတ်အားကို မကြာမီပို့လွှတ်သွားမှာပါ။ ၂၃၀ ကေဗွီ သပြေဝဓာတ်အားခွဲရုံကနေ ကံကောင်းဓာတ်အားခွဲရုံ၊ ကံကောင်းကနေတစ်ဆင့် စပါးကြွယ်၊ စပါးကြွယ်ကနေတစ်ဆင့် တောင်ငူအထိ ၂၃၀ ကေဗွီ ပို့လွှတ်သွားမှာပါ။ ၅၀၀ ကေဗွီ ဓာတ်အားခွဲရုံတွေကို၂၀၂၃-၂၀၂၄ ခုနှစ်မှာ ပြီးစီးအောင်ဆောင်ရွက်နေပါတယ်။ ဒီ ၅၀၀ ကေဗွီဓာတ်အားခွဲရုံတွေပြီးရင်တော့ ကံကောင်းကနေ စပါးကြွယ်အထိ ၅၀၀ ကေဗွီဓာတ်အား ပို့လွှတ်သွားမှာပါ၊ တောင်ငူကို ၂၃၀ ကေဗွီနဲ့ ဆက်လက်ဖြန့်ဖြူးမှာပါ၊ ၂၀၂၃-၂၀၂၄ ဘတ်ဂျက်မှာ ၅၀၀ ကေဗွီဓာတ်အား ထုတ်လုပ်သုံးစွဲနိုင်ဖို့ စီမံချက်ချဆောင်ရွက်နေပါတယ်။

**မေး ။ ။ ၅၀၀ ကေဗွီဓာတ်အားလိုင်းစီမံကိန်းနဲ့ ပတ်သက်ပြီး ဆောင်ရွက်ဖို့ကျန်ရှိနေတဲ့အပိုင်းလေးတွေလည်း သိချင်ပါတယ်။**

ဖြေ ။ ။ ၅၀၀ ကေဗွီဓာတ်အားလိုင်း စီမံကိန်းတွေက အခုထိ ကံကောင်းကနေ စပါးကြွယ် ၅၀၀ ကေဗွီဓာတ်အားလိုင်း ၁၄၆ မိုင် တည်ဆောက်ပြီးစီးသွားပါပြီ။ ကံကောင်းကနေ စပါးကြွယ်၊ စပါးကြွယ်ဓာတ်အားခွဲရုံကနေ ဘုရားကြီးအထိ ဓာတ်အားလိုင်း ၁၀၈ မိုင် တည်ဆောက်နေဆဲဖြစ်ပါတယ်။ ကြိုးတွေ ဆွဲနေပါပြီ။၂၀၂၃မှာ ပြီးစီးအောင် ဆောင်ရွက်နေပါတယ်။ ဘုရားကြီးမှာ ၅၀၀ ကေဗွီဓာတ်အားခွဲရုံ တစ်ရုံနဲ့ ရန်ကုန် လှိုင်သာယာအနောက်ပိုင်းတက္ကသိုလ်အနီး ၅၀၀ ကေဗွီဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ဖို့ စီမံကိန်း စတင်ဆောင်ရွက်နေပါတယ်။ ဘုရားကြီးကနေ ရန်ကုန် လှိုင်သာယာအထိ မိုင် ၆၀ ရှိပြီး ဒီစီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ ပြီးစီးအောင်ရည်မှန်းချက်ထား တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်နေပါတယ်။ စပါးကြွယ်-ဘုရားကြီး-လှိုင်သာယာအထိ အားလုံးတည်ဆောက်ပြီးသွားရင် ကံကောင်း(မိတ္ထီလာ)ကတစ်ဆင့် ရန်ကုန်အထိ တိုက်ရိုက် ၅၀၀ ကေဗွီ ဓာတ်အားပို့လွှတ်ပြီး ဗို့အားပြည့်မီစွာ ဖြန့်ဖြူးသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် Interconnection လိုင်းတွေတည်ဆောက်ပြီး သက်ဆိုင်ရာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနဲ့ မြန်မာနိုင်ငံတောင်ပိုင်းဒေသတွေကို ၅၀၀ ကေဗွီဓာတ်အားခွဲရုံတွေကနေ ဖြန့်ဖြူးဓာတ်အားပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအထက်ပိုင်းမှာရှိတဲ့ ဓာတ်အားပေးစက်ရုံတွေ၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတွေနဲ့ ဆိုလာစီမံကိန်းတွေဆီက ထွက်ရှိလာတဲ့ ဓာတ်အားတွေကို ရန်ကုန်မြို့နဲ့တကွ မြန်မာနိုင်ငံတောင်ပိုင်းမှာရှိတဲ့ ပြည်သူတွေဆီ လျှပ်စစ်မီး လုံလုံလောက်လောက်ပေးသွားနိုင်မှာ ဖြစ်ပါတယ်။ ဓာတ်အားလိုင်းစီမံကိန်းတွေ၊ ဓာတ်အားခွဲရုံစီမံကိန်းတွေ အားလုံးပြီးစီးသွားပြီဆိုရင် ဓာတ်အားထုတ်လုပ်ပေးသမျှကို ဓာတ်အားပို့လွှတ်ရေးစီမံကိန်းဌာနအနေနဲ့ ဓာတ်အားလိုင်းကြီးများမှတစ်ဆင့် ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးနိုင်မှာ ဖြစ်ပါတယ်။

**မေး ။ ။ ဒီစီမံကိန်းရဲ့လုပ်ငန်းဆောင်ရွက်မှုနဲ့ပတ်သက်ပြီး တခြားပြင်ပကုမ္ပဏီတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုအခြေအနေကိုလည်း ပြောပြပေးပါ။**

ဖြေ ။ ။ ၅၀၀ ကေဗွီဓာတ်အားလိုင်းပစ္စည်း တာဝါတိုင်တွေ၊ ကြိုးတွေကို ဆားဘီးယားချေးငွေနဲ့ ၂၀၁၃-၂၀၁၄ ကစပြီး ဝယ်ယူစုဆောင်းထားတာပါ၊ ၂၀၁၄ မှာ နိုင်ငံတော် ဘတ်ဂျက်နဲ့ ကြိုးဆွဲလုပ်ငန်းတွေ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ၅၀၀ ကေဗွီဓာတ်အားလိုင်း Foundation လုပ်ငန်းတွေ၊ တိုင်ဆင်လုပ်ငန်းတွေကို ပြင်ပကုမ္ပဏီအဖွဲ့ ၁၀ ဖွဲ့နဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ကြိုးဆွဲလုပ်ငန်းကို ဌာနတွင်းကျွမ်းကျင်လုပ်သားနဲ့ နိုင်ငံတွင်းပြင်ပကျွမ်းကျင်လုပ်သား အင်အား ၅၀၀ ခန့်နဲ့ ၅၀၀ ကေဗွီဓာတ်အားလိုင်း စီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော်ခဲ့တာဖြစ်ပြီး နိုဝင်ဘာ ၃၀ ရက်မှာ အားလုံးပြီးသွားပါပြီ။ အခု ဆက်လက်ဆောင်ရွက်နေတာက Interconnection ပိုင်းပါ။ မကြာမီ သပြေဝမှ တောင်ငူအထိ တိုက်ရိုက်မီးပေးလို့ရပါပြီ။ အရင်ကဖြစ်ပေါ်နေတဲ့ ဝန်အားမမျှတမှုကင်းဝေးပြီး ပြည်သူတွေအတွက် များစွာအထောက်အကူပြုပေးသွားမှာ ဖြစ်ပါတယ်။

**မေး ။ ။ အခုတည်ဆောက်နေတဲ့စီမံကိန်း ပြီးသွားပြီဆိုရင် ပြည်သူတွေအတွက် လျှပ်စစ်သုံးစွဲမှုက ဘယ်လောက်အတိုင်းအတာအထိ အကျိုးရှိသွားနိုင်မလဲ။**

ဖြေ ။ ။ ဟုတ်ကဲ့၊ ဒီဓာတ်အားလိုင်းကြီး ပြီးစီးသွားတဲ့အတွက် မြန်မာနိုင်ငံမြောက်ပိုင်းမှာ လက်ရှိပြင်ဆင်ပြီး၊ တည်ဆောက်ပြီးဖြစ်တဲ့ ရွှေလီဓာတ်အားပေးစက်ရုံက လျှပ်စစ်ဓာတ်အားတွေ၊ ရဲရွာစက်ရုံက လျှပ်စစ်ဓာတ်အားတွေအပြင် နောက်ထပ်တည်ဆောက်မယ့် စီမံကိန်းတွေ ရှိပါတယ်။ အထက်ရဲရွာလို စီမံကိန်းတွေ၊ အခြား ရေအားလျှပ်စစ်စီမံကိန်းတွေလည်း ရှိပါတယ်။ နောက်ပြီး သဘာဝဓာတ်ငွေ့ဓာတ်အားပေးစက်ရုံ စီမံကိန်းတွေလည်း ရှိပါတယ်။ အဲဒီကထွက်လာတဲ့ ဓာတ်အားတွေကို ၂၃၀ ကေဗွီ သပြေဝဓာတ်အားခွဲရုံကတစ်ဆင့် ၅၀၀ ကေဗွီ ကံကောင်းဓာတ်အားခွဲရုံကို ပို့လွှတ်မှာ ဖြစ်ပါတယ်။ ထို့အတူ ကံကောင်းဓာတ်အားခွဲရုံအနီးမှာ ဆိုလာနဲ့ Plant တွေ ဓာတ်အားပေးဆက်နေတဲ့ တည်ဆောက်မှုမှာပါတဲ့ စီမံချက်တွေရှိပါတယ်။ အဲဒီဓာတ်အားတွေကလည်း ကံကောင်းဓာတ်အားခွဲရုံကို ရောက်ရှိလာမှာဖြစ်ပြီး ကံကောင်းဓာတ်အားခွဲရုံကြီး ပြီးစီးသွားရင် အဲဒီကတစ်ဆင့် မြန်မာနိုင်ငံတောင်ပိုင်း တောင်ငူကို ၅၀၀ ကေဗွီ ဓာတ်အားလိုင်းနဲ့ ပို့လွှတ်နိုင်မှာဖြစ်ပါတယ်။ ၅၀၀ ကေဗွီနဲ့ ကံကောင်းကနေ တောင်ငူ-စပါးကြွယ်ကို ရောက်မယ်။ တောင်ငူ - စပါးကြွယ်မှာလည်း ၅၀၀ ကေဗွီ၊ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံကြီးထိုင်ထားတယ်။ ကံကောင်းမှာလည်း ၅၀၀ ကေဗွီ၊ ၂၃၀ ကေဗွီ ဓာတ်အားခွဲရုံထိုင်တယ်။ ပြီးတော့မှ ၂၃၀ ကေဗွီကနေ ၅၀၀ ကေဗွီကို မြှင့်မယ်။ ၅၀၀ ကေဗွီနဲ့ စပါးကြွယ်ကို ဓာတ်အားပို့မယ်။ စပါးကြွယ်ကနေတစ်ဆင့် ၅၀၀ ကေဗွီမှ ၂၃၀ ကေဗွီကို ထရန်စဖော်မာအနေနဲ့ Voltage ချပြီး

*စာမျက်နှာ ၂၃ သို့*



## ကျောက်ဖြူမြို့၌ မီးအပိုတပ်ဆင်ထားသည့် မော်တော်ယာဉ်မောင်းများအား အသိပညာပေး

**ကျောက်ဖြူ ဒီဇင်ဘာ ၂၅**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းစေရေးအတွက် မီးလုံးများ အပိုတပ်ဆင် မောင်းနှင်နေသည့် မော်တော်ယာဉ်မောင်းသူများအား အသိပညာပေးဟောပြောခြင်းကို အမှတ်(၂၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုနှင့် မြို့မရဲစခန်းမှ တာဝန်ရှိသူများက ကျောက်တစ်လုံးစစ်ဆေးရေးဂိတ်နှင့် ပွိုင့်လမ်းဆုံနေရာများ၌ ဒီဇင်ဘာ ၂၂ ရက်က ကွင်းဆင်းဆောင်ရွက်သည်။



အမှတ်(၂၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ခေတ္တတပ်ဖွဲ့စုမှူး ရဲအုပ်မျိုးသီဟ ဦးဆောင်သည့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ ကျောက်ဖြူမြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်စိုးနိုင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက ကျောက်တစ်လုံးစစ်ဆေးရေးဂိတ်နှင့် ပွိုင့်လမ်းဆုံနေရာများ၌ ရန်ကုန်-ကျောက်ဖြူ ကားလမ်းမတစ်လျှောက် ဖြတ်သန်းမောင်းနှင်လာသော ကိုယ်ပိုင်ယာဉ်၊ ကုန်တင်ယာဉ်၊ ခရီးသည်တင်ယာဉ်နှင့် မော်တော်ဆိုင်ကယ် မောင်းနှင်သူများအား မော်တော်ယာဉ်များတွင် မီးလုံးများ အပိုတပ်ဆင်ခြင်းမပြုရန်၊ ယာဉ်မောင်းများ အရက်သေစာ သောက်စားမူးယစ်၍ မောင်းနှင်ခြင်း မပြုရန်၊ ယာဉ်မောင်းနေစဉ်အတွင်း ထိုင်ခုံခါးပတ် ပတ်ထားပြီးမှသာ မောင်းနှင်ကြရန်၊ ဆိုင်ကယ်စီးနင်းသူများနှင့် လိုက်ပါစီးနင်းသူများအား ဆိုင်ကယ်စီးဦးထုပ်ကို စနစ်တကျ ဝတ်ဆင်ပြီးမှသာ စီးနင်းကြရန်၊ နှစ်ဦးထက်ပို၍ မစီးနင်းကြရန်၊ ပါဝါအိတ်ဇောတပ်ဆင်မောင်းနှင်ခြင်းများ မပြုလုပ်ရန်၊ ရှေ့မီးအနိမ့်ကို နေ့/ည အချိန်တိုင်းဖွင့်ပြီး မောင်းနှင်စီးနင်းကြရန် စသည့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာများကို ဟောပြောခြင်းဖြစ်သည်။

ကျောက်ဖြူမြို့နယ်၌ ယင်းသို့ မီးလုံးများ အပိုတပ်ဆင်ထားသည့် မော်တော်ယာဉ်များနှင့်ပတ်သက်၍ အသိပညာပေးခြင်းကို ဒီဇင်ဘာလကုန်အထိ ဆောင်ရွက်မည်ဖြစ်ပြီး လိုက်နာခြင်းမရှိသူများအား ဇန်နဝါရီ ၁ ရက်မှစ၍ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း(ပြန်/ဆက်)**

## လွိုင်လင်ခရိုင်၌ မြို့နယ်ပေါင်းစုံ ကျောင်းသားအားကစားပြိုင်ပွဲ ကျင်းပ

**လွိုင်လင် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့ အထက(၁) ကျောင်း ဘောလုံးကွင်း၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ခရိုင်အဆင့် ကျောင်းသားအားကစားပွဲတော် ဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ ရက်က ကျင်းပသည်။

ဖွင့်ပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများက ကွင်းအတွင်း နိုင်ငံတော်အလံကို အလေးပြုခြင်း၊ အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုခြင်းများဆောင်ရွက်ပြီးနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်က အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဆရာမကြီး ဒေါက်တာမြင့်မြင့်အေးက ကျောင်းသားအားကစားပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သရုပ်ပြဖျော်ဖြေရေးအစီအစဉ်တွင် လွိုင်လင်မြို့ အထက(၁) နှင့် အထက(၂) မှ ကျောင်းသား ကျောင်းသူများက မြန်မာ့သိုင်းသရုပ်ပြပြီး လွိုင်လင်မြို့ပေါ်ရှိ အထကကျောင်း၊ အလက ကျောင်းများမှ ကျောင်းသူလေးများက Fitness Dance အကဖြင့် သရုပ်ပြဖျော်ဖြေခဲ့သည်။

လွိုင်လင်ခရိုင် မြို့နယ်ပေါင်းစုံ ကျောင်းသားအားကစားပြိုင်ပွဲတွင် လွိုင်လင်၊ နမ့်စန်၊ ကွန်ဟိန်း၊ လဲချား၊ မိုင်းကိုင်၊ မိုင်းရှူး၊ ကျေးသီးမြို့နယ်များမှ ကျောင်းသား ကျောင်းသူ ၄၂၀ ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ပွင့်ဖြူမြို့နယ်၌ ရောမင်းစပါးတစ်တင်းလျှင် ကျပ် ၁၄၀၀၀ ဈေးဖြင့် အရောင်းအဝယ်ကောင်းမွန်နေ

**ပွင့်ဖြူ ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ မိုးစပါးစိုက်ခင်းများကို ဒေသခံတောင်သူများက ဆောင်းသီးနှံ ပြန်လည်အစားထိုးစိုက်ပျိုးနိုင်ရန် အတွက် စပါးရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်း၍ ရိတ်သိမ်းခြွေလှေ့လျက်ရှိပြီး စပါးများသိမ်းဆည်းချိန် ရောမင်းစပါးဈေးနှုန်းမှာ တစ်တင်းလျှင် ကျပ် ၁၄၀၀၀ ဈေးဖြင့် အရောင်းအဝယ်ကောင်းမွန်နေ၍ မြို့နယ်အတွင်းရှိ ရောမင်းမိုးစပါး စိုက်ပျိုးတောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ် ကံသာကြီးကျေးရွာမှ စပါးစိုက်ပျိုးတောင်သူ



ကိုငယ်လေးက "အခုနှစ် မိုးစပါးရာသီမှာ ကျွန်တော်တို့ဒေသက ရောမင်းစပါးစိုက်တောင်သူတွေ ဈေးကောင်းရရှိလို့ လုပ်ငန်းအဆင်ပြေကြတယ်။ ဆောင်းသီးနှံ ပြန်လည်အစားထိုးစိုက်ဖို့ စပါးရိတ်သိမ်းခြွေလှေ့စက်တွေ ငှားပြီး ဒီဇင်ဘာလဆန်းပိုင်းကစပြီး ရိတ်သိမ်းနေကြတယ်။ ပေါ်စတုန်းက ရောမင်းစပါးဈေးက တစ်တင်းကို ကျပ် ၁၃၀၀၀ ဈေးပဲ အရောင်းအဝယ်ရှိခဲ့တယ်။ အခုနောက်ပိုင်း တဖြည်းဖြည်းနဲ့ ကျပ် ၁၄၀၀၀ ဈေးအထိ တက်လာတယ်။ ရောမင်းစပါးတစ်ဧက စိုက်ပျိုးကုန်ကျစရိတ်အနေနဲ့ ငွေကျပ် လေးသိန်းဝန်းကျင် ကုန်ကျပြီးတော့ အထွက်နှုန်းက တစ်ဧကပျမ်းမျှစပါးတင်းရေ ၈၀ ကျော်လောက် ထွက်ရှိပါတယ်။ အခုရောင်းနေရတဲ့ စပါးဈေးနဲ့ဆိုရင် တစ်ဧကကို ကျပ် ၁၁ သိန်းကျော်လောက် ပြန်ရပါတယ်။ စပါးဈေးကောင်းရလို့ တောင်သူတွေ အဆင်ပြေသလို စပါးရိတ်သိမ်းခြွေလှေ့စက် အငှားလိုက်တဲ့သူတွေလည်း တစ်ဧကကို ရိတ်သိမ်းခြွေလှေ့ခ ကျပ်တစ်သိန်းနဲ့ နေ့စဉ် ရိတ်သိမ်းခြွေလှေ့ပေးနေရတော့ လုပ်ငန်းအဆင်ပြေကြပါတယ်" ဟု ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ရာသီတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဒေသခံတောင်သူများက တစ်မြို့နယ်လုံး မိုးစပါး ၆၉၀၉၄ ဧက စိုက်ပျိုးရန် လျာထားခဲ့ပြီး ၆၉၆၄၅ ဧက စိုက်ပျိုးပြီးစီးခဲ့သဖြင့် သတ်မှတ်လျာထားဧကထက် ၅၅၁ ဧက ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

## တောင်ကုတ်မြို့နယ်၌ မြစိမ်းရောင်စီမံကိန်း ချေးငွေများ ပြန်လည်ထုတ်ချေးပေး

**တောင်ကုတ် ဒီဇင်ဘာ ၂၅**

တောင်ကုတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းမှ မြစိမ်းရောင်စီမံကိန်း ကျေးရွာသုံးရွာသို့ မြစိမ်းရောင်ရန်ပုံငွေ ချေးငွေများကို ဒီဇင်ဘာ ၂၀ ရက်က ပြန်လည်ထုတ်ချေးပေးသည်။

စီမံကိန်းကျေးရွာများဖြစ်သော မှိုအင်းတောကျေးရွာ၊ တရဂူကျေးရွာနှင့် ညောင်ပေါက်ကျေးရွာများသို့ ဆဋ္ဌမအကြိမ်မြောက် ပြန်လည်ထုတ်ချေးပေးခြင်းဖြစ်ကာ စုစုပေါင်း ချေးငွေကျပ် ၁၁၂ ဒသမ ၁ သန်းကို စိုက်ပျိုး ရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ကိုင်သူ ၂၇၄ ဦးတို့အား တာဝန်ရှိသူများက ချေးငွေများထုတ်ပေး၍ အသင်းသားများအနေဖြင့် ရရှိသောချေးငွေများကို အကျိုးရှိစွာအသုံးပြုသွားရန် မှာကြားခဲ့သည်။

**အောင်လှဖြူ**

*စာမျက်နှာ ၂၂ မှ*

တောင်ငူကို ချိတ်ဆက်ထားတယ်။ ၅၀၀ ကေဗွီ ခွဲရုံကြီးတွေပြီးသွားမယ်ဆိုရင်တော့ ၅၀၀ ကေဗွီ ဓာတ်အားလိုင်း ပို့မှာပါ။ ဒါပေမယ့် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းတော့ ပြီးသွားပြီ။ ၅၀၀ ကေဗွီ ဓာတ်အားခွဲရုံတွေက မပြီးသေးဘူး။ လက်ရှိ တည်ဆောက်ဆဲဖြစ်တဲ့အတွက် ဒါကို အကျိုးရှိရှိအသုံးချဖို့ လောလောဆယ်တော့ ၂၃၀ ကေဗွီဓာတ်အားကို သပြေဝခွဲရုံကနေ တောင်ငူအထိ တိုက်ရိုက်ပို့လွှတ်သွားမှာ ဖြစ်ပါတယ်။ အဲဒီလို ပို့လွှတ်လိုက်တဲ့အတွက် ဘယ်လိုအကျိုးရလဒ်တွေဖြစ်လာလဲဆိုတော့ ယခင်တုန်းက မြန်မာနိုင်ငံတောင်ပိုင်းကို ပို့လွှတ်နေတာက ၂၃၀ ကေဗွီ သပြေဝဓာတ်အားခွဲရုံကနေ တောင်တွင်းကြီးဓာတ်အားခွဲရုံကို တစ်လိုင်းပို့တယ်။ တောင်တွင်းကြီးကနေ ရွှေတောင်၊ မြောင်းတကာက တစ်ဆင့် ရန်ကုန်ကို ဝန်အားစီးဆင်းပါတယ်။ နောက်တစ်ခုကတော့ သပြေဝကနေတစ်ဆင့်သာစည်၊ ရွှေမြို့၊ ပျဉ်းမနား၊ သဲဖြူကနေတစ်ဆင့် တောင်ငူကို ရောက်လာတာပေါ့။ မြန်မာနိုင်ငံတောင်ပိုင်းမှာက ဝန်အားသုံးစွဲမှုများတဲ့အခါ သုံးစွဲတဲ့လိုင်းတွေမှာ ဝန်အားမမျှ ဖြစ်တယ်။ အဲဒီအခါ ဝန်အားကိုထိန်းညှိပြီးတော့ ပို့လွှတ်ရတယ်။ ပို့လွှတ်သမျှ ဓာတ်အားကို မပို့ပေးနိုင်ဘူး။ ဒါကြောင့် ၅၀၀ ကေဗွီ ဓာတ်အားလိုင်းကို မဖြစ်မနေ အကောင်အထည်ဖော် တည်ဆောက်ခဲ့ရတာ ဖြစ်ပါတယ်။ ဒီဓာတ်အားလိုင်းပြီးသွားတဲ့အတွက် ဓာတ်အားတွေ ပြည့်ပြည့်ဝဝရရှိလာမယ်ဆိုရင် ဒီဓာတ်အားလိုင်းမှာ ကန့်သတ်ချက်တွေ မရှိတော့ဘဲနဲ့ ဓာတ်အားရှိသမျှ မြန်မာနိုင်ငံတောင်ပိုင်းကို ပို့လွှတ်သွားနိုင်မှာ ဖြစ်ပါတယ်။ ရေအားစက်ရုံတွေ၊ ဓာတ်အားစက်ရုံတွေ ထပ်တိုးပြီး ထုတ်နိုင်ရင် ဓာတ်အားလိုင်းတွေကလည်း အလွယ်တကူ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်မှာဖြစ်တဲ့အတွက်ကြောင့် ပြည်သူတွေအတွက် အများကြီး အကျိုးရှိစေပါတယ်။ ဒ့ါအပြင် ဓာတ်အားလိုင်းကြီး ပြီးသွားတဲ့အတွက် ဓာတ်အားလေလွင့်ဆုံးရှုံးမှုလည်း လျော့နည်းသက်သာသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့က မလိုအပ်ဘဲနဲ့ ဓာတ်အားလေလွင့်ဆုံးရှုံးမှု ဖြစ်ပေါ်နေတာကို လျှော့ချနိုင်မယ်၊ တစ်ဖက်တစ်လမ်းက နိုင်ငံ့ဘဏ္ဍာငွေ လေလွင့်ဆုံးရှုံးမှုတွေကို လျော့နည်းစေပြီး ဓာတ်အားလေလွင့်မှုဖြစ်ပေါ်တာတွေ လျော့သွားရင် မဂ္ဂါဝပ်တွေတိုးလာမယ်။ ဒါဆိုရင် ပြည်သူတွေအတွက် ဓာတ်အားတွေ ပိုမိုဖြန့်ဖြူးပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီဓာတ်အားလိုင်းကြီးပြီးသွားရင် ကျွန်တော်တို့ ပြည်သူတွေအတွက် အများကြီး အကျိုးရှိစေပါတယ်။ အထောက်အကူဖြစ်စေပါတယ်။

ယခု အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ၂၃၀ ကေဗွီ စပါးကွင်း - တောင်ငူဓာတ်အားလိုင်း ဆောင်ရွက်ပြီးစီးပါက လျှပ်စစ်ဓာတ်အားများကို တောင်ငူခွဲရုံမှတစ်ဆင့် ရန်ကုန်မြို့နှင့်တကွ မြန်မာနိုင်ငံ တောင်ပိုင်းဒေသများသို့ ဓာတ်အားပြည့်ဝစွာ ပို့လွှတ်ဖြန့်ဖြူးပေးနိုင်မည့်အပြင် ဓာတ်အားလိုင်းတွင်ဖြစ်ပေါ်နေသည့် ဓာတ်အားပျောက်ဆုံးမှုများလည်း လျော့နည်းသက်သာသွားမည်ဖြစ်သဖြင့် ပြည်သူများသို့ လျှပ်စစ်ဓာတ်အား ပိုမိုပို့လွှတ်ဖြန့်ဖြူးပေးသွားနိုင်တော့မည်ဖြစ်သည်။ မကြာမီ ၅၀၀ ကေဗွီလိုင်းဖြင့် ၂၃၀ ကေဗွီဓာတ်အားစတင်ပို့လွှတ်နိုင်တော့မည်ဖြစ်ပြီး ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ၅၀၀ ကေဗွီ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရေး စီမံချက်ချ၍ ဆောင်ရွက်နေပါကြောင်း ရေးသားဖော်ပြအပ်ပါသည်။ ။

# စိန်ရတုလွတ်လပ်ရေးနေ့အကြို မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

မုဒုံ ဒီဇင်ဘာ ၂၅

**(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြို မွန်ပြည်နယ်ဝန်ကြီးချုပ်ဖလား ၁၀ မြို့နယ် လှေလှော်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို မုဒုံမြို့နယ် မြို့မ (၄)ရပ်ကွက်ရှိ ကန်ကြီးမင်္ဂလာကန်တော်၌ ဒီဇင်ဘာ ၂၄ ရက်က ကျင်းပသည်။**




လှေလှော်ပြိုင်ပွဲကို (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုရန်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန်၊ လှေလှော်အားကစားနည်းကို ပြည်သူများ ပိုမိုစိတ်ဝင်စားလာစေရန်၊ ရိုးရာအားကစားကို တန်ဖိုးထား မြတ်နိုးတတ်စေရန်နှင့် ထူးချွန်ပြီး အရည်အချင်းပြည့်ဝသည့် လှေလှော်အားကစားသမားကောင်းများ မွေးထုတ်ပေးနိုင်ရန် ရည်ရွယ်လျက် ဒီဇင်ဘာ ၂၃ ရက်မှ စတင်ကျင်းပခြင်းဖြစ်သည်။

ဗိုလ်လုပွဲစဉ်တွင် မုဒုံလှေလှော်အသင်းနှင့် သံဖြူဇရပ် လှေလှော်အသင်းတို့ ယှဉ်ပြိုင်ခဲ့ပြီး မုဒုံအသင်းက အနိုင်ရဗိုလ်စွဲခဲ့ရာ ပထမဆုရ မုဒုံလှေလှော်အသင်းအား ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက တစ်ဦးချင်းဆုတံဆိပ်များ၊ ငွေသားကျပ် ၁၀ သိန်းဆုနှင့် တံခွန်စိုက်ဒိုင်းဆုကိုလည်းကောင်း၊ ဒုတိယဆုရ သံဖြူဇရပ်လှေလှော်အသင်းအား ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးညီညီစိုးက တစ်ဦးချင်းဆုများနှင့် ငွေသားဆု ကျပ်ခုနစ်သိန်းကိုလည်းကောင်း၊ ပူးတွဲတတိယဆုနှင့် ကျိုက်ထိုလှေလှော်အသင်းများအား ပြည်နယ်ဝန်ကြီးများက ငွေသားဆု ကျပ်သုံးသိန်းစီတို့ကိုလည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့သည်။ **သားငယ်(ပြန်/ဆက်)**



## တောင်ကုတ်မြို့နယ်မှ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး

**တောင်ကုတ် ဒီဇင်ဘာ ၂၅**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်နယ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင့်ဝေက ခရိုင်ဦးစီးမှူးနှင့်အတူ ဒီဇင်ဘာ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ညွှန်ကြားရေးမှူးသည် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနရုံး၌ ခရိုင်/မြို့နယ်အဆင့် ဌာနဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဆွေးနွေးပြီးနောက် ဝဲကြီးကျေးရွာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ကျေးရွာတွင်းလမ်း ကျောက်ချောခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လမ်းရေရှည်ကောင်းမွန်ရေးအတွက် ဆက်လက်ထိန်းသိမ်းရမည့် အချက်များကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကော်မတီဝင်များအား မှာကြားခဲ့သည်။ **အောင်လှဖြူ**

## ချောင်းဆုံမြို့နယ်၌ ကျန်းမာရေးဦးစီးဌာနက ဆေးစိမ်ခြင်ထောင် အလုံးရေ ၇၈၀၀၀ ကျော် အခမဲ့ဖြန့်ဝေ

**ချောင်းဆုံ ဒီဇင်ဘာ ၂၅**

၂၀၂၃ ခုနှစ်တွင် ငှက်ဖျားရောဂါ ကင်းစင်ပပျောက်ရေးစီမံချက်ဖြင့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ ငှက်ဖျားရောဂါအဖြစ်များသည့် ကျေးရွာများနှင့် ဖြစ်နိုင်ခြေရှိသည့် ကျေးရွာများသို့ ကျန်းမာရေးဦးစီးဌာနက ဆေးစိမ်ခြင်ထောင်များကို ကျေးရွာများရှိ ကျန်းမာရေးဌာန/ ဌာနခွဲများမှတစ်ဆင့် ပြည်သူများထံ ဒီဇင်ဘာ ၂၄ ရက်က အခမဲ့ဖြန့်ဝေပေးသည်။

ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေရာတွင် ငှက်ဖျားရောဂါ အဖြစ်များသည့် တကူကနာ၊ စော်ကဲ၊ ကရင်ဝင်းစိန်၊ နီးမုတ်၊ ကလော့၊ ကတောင်စိန်၊ ကညော်၊ ရွာလွတ်၊ ကမာမို၊ မုဒ္ဒန်း၊ တော်ကနာ၊ ကုလားဘီ၊ ကုလားတို့၊ ဘိုးနက်၊ မရမ်း၊ ကွမ်သဲ၊ သကြော ကျေးရွာများနှင့် ဖြစ်ပွားနိုင်ခြေရှိသည့် တောင်ခြေ၊ ခြံတန်းနှင့် ဆက်စပ်သည့် ကျေးရွာများသို့ဖြန့်ဝေပေးခဲ့ကြောင်း၊ ပျမ်းမျှအားဖြင့် အိမ်ထောင်စုဝင် လူဦးရေနှစ်ဦးလျှင် ခြင်ထောင်တစ်လုံးနှုန်းဖြင့် စုစုပေါင်း ခြင်ထောင် ၇၈၄၃၂ လုံးကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများအား အိမ်တိုင်ရာရောက် မွေးကင်းစကလေးပြုစုစောင့်ရှောက်ခြင်း သင်တန်းပို့ချ

**ကျိုက်ထို ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် မြို့နယ်အဆင့် စေတနာ့ဝန်ထမ်း ကျန်းမာရေးလုပ်သားများအား အိမ်တိုင်ရာရောက် မွေးကင်းစကလေး ပြုစုစောင့်ရှောက်ခြင်းသင်တန်းကို ဒီဇင်ဘာ ၂၄ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ပို့ချရာ သင်တန်းဖွင့်ပွဲတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာ ခွန်မောင်အိုးက သင်တန်းဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



အဆိုပါ သင်တန်းသို့ မြို့နယ်အတွင်းရှိ အခြေခံကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာများမှ အရန်သားဖွားဆရာမများနှင့် ကျန်းမာရေးအသိရှိသည့် စေတနာ့ဝန်ထမ်းများ စုစုပေါင်း ၄၄ ဦး တက်ရောက်ပြီး သင်တန်းတွင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကျန်းမာရေးဌာနမှ ဆရာမများက ဒီဇင်ဘာ၂၄ ရက်မှ ၂၈ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**
**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**
**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ မင်္ဂလာသီရိပဗ္ဗတာကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ မဟာစကြာကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ စိန်ဟသ်ာတ ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ ကံသာကျောင်းတိုက်၊ ဒေါပုံမြို့နယ်ရှိ ပြဿဒ်ကျောင်းတိုက် **(အပေါ်ပုံ)**၊ မင်္ဂလာဒုံမြို့နယ်ရှိ ရွှေဥမင်ဓမ္မသုခပရိယတ္တိ စာသင်တိုက်နှင့် လှိုင်မြို့နယ်ရှိ ပဏ္ဍိတာရာမပရိယတ္တိ စာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ ဓမ္မဝါသီကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ခန္တောပရိယတ္တိစာသင်တိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ ကံတက်ကုန်းမစိုးရိမ်ကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်ရှိ ကျောင်းကြီး ကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ စိန်ပန်းပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ အရှေ့ခါးရိုးကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းကြကြောင်း သိရသည်။



**သတင်းစဉ်**



## ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းနှင့် သီလရှင်ကျောင်းများသို့ ဆန်၊ ဆီ၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း မြို့နယ်အသီးသီး ဘုန်းတော်ကြီးကျောင်းများတွင် သီတင်းသုံးတော်မူကြသော သံဃာတော်များနှင့် သီလရှင်ဆရာကြီးများ ဆွမ်းအခက်အခဲအဆင်ပြေစေရန်အတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းပေးလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှမ်းပြည်နယ်ဖွံ့ဖြိုးမှု ကြီးကြပ်ရေးရုံးခွဲ (လားရှိုး) မှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဝင်းနှင့် ဝန်ထမ်းမိသားစုများက လားရှိုးမြို့နယ် နတ်ရေကန်ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော်ဘဒ္ဒန္တသောဘိတ (မဟာသဒ္ဓမ္မဇောတိကဓဇ) နှင့် သာသနာ့အလင်းရောင် သီလရှင်စာသင်တိုက် ဒေါ်ဥတ္တရထေရီထံသို့ ဆန်၊ ဆီ၊ ပဲများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

**သတင်းစဉ်**

## ဟိုင်းကြီးကျွန်းမြို့၌ သမိုင်းဝင်ဆံတော်ရှင် မဟာမကုဋရံသီ မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး သန့်ရှင်းသပ္ပာယ်ရေး စုပေါင်းသန့်ရှင်းဆောင်ရွက်

**ဟိုင်းကြီးကျွန်း ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့၌ မြို့အဆင့်ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ ပူးပေါင်းပြီး ယနေ့နံနက် ၇ နာရီခွဲက သမိုင်းဝင်ဆံတော်ရှင် မဟာမကုဋရံသီ မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး သန့်ရှင်းသပ္ပာယ်ရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။ **(အောက်ဝဲပုံ)**



အဆိုပါ စုပေါင်းသန့်ရှင်းရေး စုပေါင်းဆောင်ရွက်ရာတွင် မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ထွန်း ဦးဆောင်သောအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့စည်ပင်သာယာရေး ဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အခြားမြို့အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများသည် သမိုင်းဝင်ဆံတော်ရှင် မဟာမကုဋ ရံသီမြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး၏ ရင်ပြင်တော်နှင့် ကုန်းတော်ပေါ်တွင် တံမြက်စည်းလှည်းခြင်း၊ အမှိုက်များ စနစ်တကျသယ်ယူစွန့်ပစ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး အမှိုက်များကို ဟိုင်းကြီးကျွန်း မြို့စည်ပင်သာယာရေးအဖွဲ့မှ အမှိုက်သိမ်းယာဉ်များဖြင့် စနစ်တကျသယ်ယူစွန့်ပစ်ပေးသည်။

ဟိုင်းကြီးကျွန်းမြို့ သန့်ရှင်းသာယာ လှပစေရေးအတွက် စုပေါင်း သန့်ရှင်းရေးဆောင်ရွက်ခြင်းကို အပတ်စဉ်စနေနေ့တိုင်း စုပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ဒေသခံပြည်သူများမှလည်း အားတက်သရော ပါဝင်ကူညီ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှိုင်မျိုးအောင်(ပြန်/ဆက်)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အနောက်တောင်ဘက်သို့ ရွေ့လျားခဲ့ပြီး သီရိလင်္ကာနိုင်ငံ ထရီကိုမာလီမြို့အနီးမှ ဖြတ်ကျော်လျက်ရှိသည်။ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

## ရိုးရာဓလေ့ကို ဖော်ကျူးသည့်အနေဖြင့် နွားလှည်းတန်းချီ၍ ရွှေစက်တော် ဘုရားဖူးထွက်မည်

**မင်းဘူး ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု) မြို့နယ် မင်းလှကျင်းရွာသူ ရွာသားများသည် ရွှေစက်တော်ဘုရားသို့ နွားလှည်းတန်းဖြင့် နှစ်စဉ်နှစ်တိုင်း ဘုရားဖူးထွက်လေ့ရှိပြီး ယခုနှစ်တွင်လည်း ယခင်နှစ်များအတိုင်း ရိုးရာဓလေ့ကို ဖော်ကျူးသည့်အနေဖြင့် နွားလှည်းတန်းဖြင့် ရွှေစက်တော်သို့ ဘုရားဖူး ထွက်မည်ဖြစ်ကြောင်း မင်းလှကျင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအုံးကြိုင် ထံမှ သိရသည်။

ရွှေစက်တော် ဘုရားပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ သုံးလတိုင်တိုင် ကျင်းပခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသော သမိုင်းဝင်တန်ခိုးကြီး ပါဒစေတီတော်မြတ်ကြီးဖြစ်သည်။

မင်းလှကျင်း ကျေးရွာသည် အိမ်ခြေပေါင်း ၄၃၀ ကျော်ရှိပြီး ရွှေစက်တော်ဘုရားနှင့် ၁၃ မိုင်ကွာဝေးကာ နွားလှည်းမရှိသူများမှအပ ကျန်အိမ်ထောင်စုဝင်များအားလုံး ညီညီညွတ်ညွတ်ဖြင့် ဘုရားဖူးထွက်ကြသည့် ဓလေ့ရှိကြသည်။

နှစ်စဉ်မပျက် တပေါင်းလဆန်း ၁၃ ရက်မှ လပြည့်ကျော် ၃ ရက်အတွင်း ဘုရားဖူးထွက်လေ့ရှိကြပြီး ခုနှစ်ရက်တိုင် အောက်သောင်ပြင်ရေဆိပ်၌ စခန်းချဖူးမြော်လေ့ရှိကြကြောင်း မင်းလှကျင်းကျေးရွာ အုပ်ချုပ်ရေးမှူးက ပြောသည်။



မင်းလှကျင်းကျေးရွာ သည် မင်းဘူး (စကု) မြို့နယ်တွင်တည်ရှိပြီး ဘိုးဘေးဘီဘင်လက်ထက်မှ ယနေ့မျက်မှောက်ခေတ်ကာလအထိ ရှေးရိုးစဉ်လာမပျက် နွားလှည်းတန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ဘုရားဖူးခဲ့ကြသည့် တစ်ခုတည်းသော ကျေးရွာဖြစ်သကဲ့သို့ ယခုနှစ်တွင်လည်း ရိုးရာဓလေ့ကို ဖော်ကျူးသည့်အနေဖြင့် နွားလှည်းတန်းဖြင့် ရွှေစက်တော်ဘုရားသို့ ဘုရားဖူး ထွက်ဦးမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**


# ဂူဂဲလ်၏ Find My Device အပ်ဒိတ်အသစ်တွင် အင်တာနက်ပိတ်ထားသည့်တိုင် တည်နေရာရှာနိုင်မည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ပျောက်ဆုံးသွားသောဖုန်းများကို တည်နေရာရှာနိုင်ရန် ဂူဂဲလ်က ဝန်ဆောင်မှုပေးထားသော Find My Device အက်ပလီကေးရှင်း၏ နောက်လာမည့် အပ်ဒိတ်အသစ်တွင် အင်တာနက်ပိတ်ထားသည့်တိုင် တည်နေရာကို ရှာဖွေနိုင်မည့် လုပ်ဆောင်ချက်အသစ်ကို ထည့်သွင်းပေးရန်ရှိကြောင်း ဂူဂဲလ်၏ ဒီဇင်ဘာလထုတ် Play System update patch notes တွင် ကြေညာထားသည်။

ဂူဂဲလ်၏ Find My Device အက်ပလီကေးရှင်းသည် ပျောက်ဆုံးသွားသော သို့မဟုတ် အခိုးခံရသော အန်းဒရွိုက် ဖုန်း/စက်ပစ္စည်းများကို ပြန်လည်ရှာဖွေနိုင်ရန် ကူညီပေးသော အက်ပလီကေးရှင်းဖြစ်ကာ ပျောက်ဆုံးသော ဖုန်းများသည် အင်တာနက်လိုင်းနှင့် GPS ကို ဖွင့်ထားပါက အခြားဖုန်း သို့မဟုတ် ကွန်ပျူတာများမှတစ်ဆင့် ပျောက်ဆုံးသည့်ဖုန်း၏ တည်နေရာကို ရှာဖွေခြင်း၊ ဖုန်းကို Silent လုပ်ထားသည့်တိုင် အကျယ်ဆုံး အချက်ပေးသံမြည်အောင် ခေါ်ဆိုနိုင်ခြင်း၊ ဖုန်းအတွင်းမှ ဂူဂဲလ်အကောင့်များကို လော့ချပစ်ပြီး ဖုန်းစခရင်တွင် ဖုန်းသည်အခိုးခံရကြောင်း စာရေးနိုင်ခြင်း၊ နောက်ဆုံးအဆင့်အနေဖြင့် ဖုန်းအတွင်းမှ ဒေတာအားလုံးကို ဖျက်ပစ်ခြင်း စသည်တို့ကို လုပ်နိုင်မည်ဖြစ်သည်။

သို့ရာတွင် လက်ရှိ Find My Device ကို အသုံးပြုရန်အတွက် ပျောက်သောဖုန်းသည် အင်တာနက်ချိတ်ဆက်မှုရှိနေရန် လိုအပ်လျက်ရှိသည်။ ယခုကြေညာသည့် အပ်ဒိတ်အသစ်မှာမူ အင်တာနက်ချိတ်ဆက်မှု မလိုအပ်တော့ဘဲ နောက်ဆုံးသိထားသည့် တည်နေရာကို ရှာဖွေခြေရာခံနိုင်မည်ဖြစ်ကြောင်း၊ ခြေရာခံရန်အတွက် ယခင်က အင်တာနက်လိုင်းလိုအပ်သည့်အစား ယခုအပ်ဒိတ်တွင် နီးစပ်ရာ




အန်းဒရွိုက်ဖုန်းများ၏ ဘလူးတုသ်ကွန်ရက်များကို ချိတ်ဆက်၍ နောက်ဆုံးတည်နေရာ ဖော်ပြပေးသည့်စနစ်ကို အသုံးပြုမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ဆောင်ချက်မှာ Apple ထုတ်ကုန်များတွင် ပါဝင်နေပြီးဖြစ်သည့် Find My Network လုပ်ဆောင်ချက်ပုံစံဖြစ်ပြီး Apple Find My Network တွင်မူ ပျောက်ဆုံးသောပစ္စည်းများကို ဝိုင်ဖိုင်နှင့် ဘလူးတုသ်ကွန်ရက်များမှတစ်ဆင့်ပါ ပြန်လည်ခြေရာခံနိုင်သည့်အပြင် ပျောက်ဆုံးသောပစ္စည်းများကို ပါဝါပိတ်ခံထားရသည့်တိုင် နောက်ဆုံးတည်နေရာကို ခြေရာခံနိုင်သည်။

ယခုကြေညာသည့် အပ်ဒိတ်အသစ်တွင် အင်တာနက်လိုင်းမရှိသည့်တိုင် ပျောက်ဆုံးသောဖုန်းများကို ခြေရာခံနိုင်မည်ဟု ထုတ်ပြန်ထားသော်လည်း မည်သည့်ဖုန်းများတွင် မည်သည့်အချိန်၌ စတင်ရရှိမည်ဟု အသေးစိတ်မကြေညာသေးပေ။ အချို့ကျွမ်းကျင်သူများကမူ အပ်ဒိတ်အသစ်ကို လက်ရှိဖုန်းများတွင် အသုံးပြုနိုင်မည်မဟုတ်ဘဲ ၂၀၂၃ အတွင်း စတင်မည့် အန်းဒရွိုက် ၁၄ တွင်သာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း ခန့်မှန်းနေကြသည်။

ထို့ပြင် ခြေရာခံရာတွင် မြေပုံမှတည်နေရာကို ကြည့်ရှုမှုသာ အသုံးပြုနိုင်မည် (သို့မဟုတ်) လက်ရှိ Find My Device ကဲ့သို့ အသံခေါ်ဆိုခြင်း၊ လော့ချခြင်း၊ ဒေတာများ ဖျက်ပစ်ခြင်းတို့ကိုပါ လုပ်နိုင်မည် စသည်တို့ကိုလည်း အတိအကျ ထုတ်ပြန်ခြင်း မရှိသေးပေ။

ဂူဂဲလ်သည် Find My Device ၏ လုပ်ဆောင်ချက်များကို ပိုမိုကောင်းမွန်လာစေရန် ၂၀၂၁ ဖွန်လအတွင်းမှစ၍ ဆောင်ရွက်နေခဲ့ကာ လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ အန်းဒရွိုက်စက်ပစ္စည်း အရေအတွက် သန်း ၃၀၀၀ ကျော်ကို ဖြန့်ကျက်အသုံးပြုလျက်ရှိသဖြင့် ယင်းစက်ပစ္စည်းများ၏ ဘလူးတုသ်ကွန်ရက်ကို အသုံးပြုကာ Find My Device ကွန်ရက်ကိုတည်ဆောက်ရန် စက်ပစ္စည်းအရေအတွက် အလုံအလောက်ရှိကြောင်းလည်း ဂူဂဲလ်က မျှော်မှန်းထားသည်။

**ကိုစိုး၊ ကိုးကား – 91mobiles**

## ဆင်းမ်ကတ်များကို ပြန်လည်စစ်ဆေးပြင်ဆင် မှတ်ပုံတင်ရန် ဆက်သွယ်ရေးအော်ပရေတာများ သတိပေးလျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ကြေညာချက်အရ မြန်မာနိုင်ငံရှိ ဆင်းကတ်သုံးစွဲသူများအနေဖြင့် မိမိတို့ဆင်းကတ်မှတ်ပုံတင်ထားသည့် အချက်အလက်များ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးပြီး ပြင်ဆင်ရန် လိုအပ်ပါက ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက် နောက်ဆုံးထားပြီး ပြန်လည်ပြင်ဆင်ရန် ဆက်သွယ်ရေးအော်ပရေတာ လေးခုက ဒီဇင်ဘာ ၁၄ ရက်တွင် ကြေညာချက်တစ်စောင်ထုတ်ပြန်၍ သတိပေးထားသည်။

ယင်းကြေညာချက်တွင် ဆင်းကတ်များကို စစ်ဆေးပြီးပြန်လည်ပြင်ဆင် မှတ်ပုံတင်ခြင်းဖြင့် သုံးစွဲသူများအနေဖြင့် မိုဘိုင်းငွေကြေးဝန်ဆောင်မှုများကို လုံခြုံစိတ်ချစွာဖြင့် သုံးစွဲနိုင်မည့်အပြင် ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာနှင့် ပြင်ပလိမ်လည်မှုများ၏ အန္တရာယ်မှ ကာကွယ်ပေးမည်ဖြစ်ကြောင်း၊ ဆင်းကတ်မှတ်ပုံတင် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ အချက်အလက်များနှင့် နှိုင်းယှဉ်စစ်ဆေး၍ မှန်ကန်ပြည့်စုံစွာ ဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းမ်ကတ်များကို ပိတ်သိမ်းမည်ဟု ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ကြေညာထားသဖြင့် ပိတ်သိမ်းခံရမှုမရှိစေရန် အချက်အလက်များ မှန်ကန်မှု ရှိ/မရှိ စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက သတ်မှတ်ထားသည့် အချိန်အတွင်း ပြန်လည်ပြင်ဆင်မှတ်ပုံတင်ရန် အရေးကြီးကြောင်း ဖော်ပြထားသည်။

ထို့ပြင် ဝက်ဘ်ဆိုက်နှင့် အက်ပလီကေးရှင်းစသည့် အွန်လိုင်းမှ စစ်ဆေးပြင်ဆင်နိုင်မည့် နည်းလမ်းများနှင့် သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များတွင်လည်း ဆောင်ရွက်နိုင်ကြောင်းနှင့် ဆင်းကတ်အသစ်များ ဝယ်ယူအသုံးပြုရာတွင်လည်း အချက်အလက်များကို မှန်ကန်စွာဖြည့်စွက်၍ မှတ်ပုံတင်ပြီးမှသာ အသုံးပြုကြပါရန် တိုက်တွန်းကြောင်း ဖော်ပြထားသည်။

ဆင်းကတ်မှတ်ပုံတင်အချက်အလက်များ ပြန်လည်စစ်ဆေးပြင်ဆင်ရန် အော်ပရေတာများက အဆိုပါကြေညာချက်ထုတ်ပြန်သည့်အပြင် အော်ပရေတာတစ်ခုချင်းအလိုက် မက်ဆေ့မှတစ်ဆင့်လည်းကောင်း၊ လူမှုကွန်ရက်များမှလည်းကောင်း သတိပေးမှုများပြုလုပ်နေသည်ကိုလည်း တွေ့ရသည်။

**ကိုစိုး**

## New Product

# ပထမဆုံး Pixel Tablet ၏ အချက်အလက်များ ပေါ်ထွက်လာ

ယခုနှစ် မေလအတွင်းက ကျင်းပခဲ့သည့် Google i/o 2022 နည်းပညာပြပွဲအတွင်း စတင်ကြေညာခဲ့ပြီး ၂၀၂၃ ခုနှစ်အတွင်း ရောင်းချမည့် ပထမဆုံး Google Pixel Tablet ၏ ဟာ့ဒ်ဝဲနှင့် ဆော့ဖ်ဝဲပိုင်းဆိုင်ရာ အချက်အလက်အချို့ ယခု ဒီဇင်ဘာလကုန်ပိုင်းတွင် ပေါ်ထွက်လာသည်။

ဂူဂဲလ်က တရားဝင်သတင်းထုတ်ပြန်ခြင်းမဟုတ်သဖြင့် စွမ်းဆောင်ရည်အားလုံးကို မသိရသေးသော်လည်း GSM Arena ဝက်ဘ်ဆိုက်မှ ထုတ်ပြန်ချက်အရ Pixel Tablet ၏ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

| | |
|---|---|
| မျက်နှာပြင်အကျယ် | ၁၀ လက်မ |
| မျက်နှာပြင်အမျိုးအစား | PS LCD |
| Resolution | 1600 x 2560 pixels |
| အန်းဒရွိုက်ဗားရှင်း | Android 13(Pure Android) |
| Chipset | Google Tensor (5 nm) |
| CPU | Octa–core (Cortex–X1 & A76 & A55) |
| GPU | Mali–G78 MP20 |
| RAM နှင့် မင်မိုရီ | 6/128, 6/256 (SD ကတ် မသုံးနိုင်) |
| ပင်မကင်မရာ | ၈ + ၈ မဂ္ဂါပစ်ဇယ် (Dual) |
| ဆယ်လ်ဖီကင်မရာ | ၈ မဂ္ဂါပစ်ဇယ် |
| USB | Type–C |

လက်ရှိအချိန်တွင် အရေးကြီးသောအချက်အချို့ဖြစ်သည့် မိုဘိုင်းကွန်ရက်ကို ထောက်ပံ့ခြင်း ရှိ မရှိ၊ Stylus pen အသုံးပြုနိုင်ခြင်း ရှိ မရှိ၊ ဘက်ထရီပမာဏနှင့် အားသွင်းစနစ် စသည်တို့ကို အတိအကျ မသိရသေးသလို ကင်မရာပိုင်းတွင်လည်း ၁၃ မဂ္ဂါပစ်ဇယ်ဖြစ်နိုင်ကြောင်း သတင်းများ ထွက်ပေါ်နေသည်။

ထို့ပြင် ထွက်ရှိမည့်အချိန်ကို ၂၀၂၃ ခုနှစ်အတွင်းသာ ခန့်မှန်းထားပြီး အတိအကျ မသိရသေးသလို ဈေးနှုန်းကိုလည်း အတည်မပြုနိုင်သေးပေ။ မေလအတွင်းက Google i/o တွင် အကြမ်းဖျဉ်း မိတ်ဆက်စဉ်က တန်ဖိုးနည်းတက်ဘလက်အနေဖြင့် ဖြစ်နိုင်မည်ဟု ဂူဂဲလ်က ကြေညာခဲ့သော်လည်း ယခုပေါ်ထွက်လာသည့် ဟာ့ဒ်ဝဲအခြေအနေများအရမူ တန်ဖိုးနည်းတက်ဘလက်ဖြစ်နိုင်မည်မဟုတ်ဘဲ တန်ဖိုးသင့်အနေဖြင့် ထွက်လာနိုင်သည်ကို တွေ့ရသည်။

**ကျော်ဇင်ဦး**



## MPT က ကျပ်သိန်းပေါင်း ၁၂၀၀ အထိပေးမည့် ကံစမ်းမဲအစီအစဉ်ပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

MPT က သုံးစွဲသူများအတွက် "အချီကြီးထော"ကံစမ်းမဲအစီအစဉ်ကို ဒီဇင်ဘာ ၂၂ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ ပြုလုပ်လျက်ရှိပြီး ယင်းအစီအစဉ်အရ ဆုငွေတန်ဖိုး စုစုပေါင်း ကျပ်သိန်း ၁၂၀၀ ကို ကံထူးရှင် စုစုပေါင်း ၁၀၂ ဦးအား ရွေးချယ်ပေးမည်ဖြစ်ကြောင်း သိရသည်။

MPT အသုံးပြုသူများအားလုံးသည် ဖုန်းဘေလ် အနည်းဆုံး ကျပ် ၁၀၀၀ ဖြည့်သွင်းခြင်း (သို့) ၆၉၉ ကျပ်နှင့်အထက် ဒေတာနှင့် ပက်ကေ့ချ်များ ဝယ်ယူခြင်း (သို့) MPT Club ပွိုင့်များကို MPT မိုဘိုင်းဝန်ဆောင်မှုများနှင့် လဲလှယ်ခြင်းတို့ဖြင့် ကံစမ်းခွင့်လက်မှတ်များ ရရှိကာ ကံစမ်းမဲအစီအစဉ်တွင် ပါဝင်နိုင်မည်ဖြစ်ကြောင်း၊ ကံစမ်းမဲကာလအတွင်း အထက်ဖော်ပြပါနည်းလမ်းများထဲမှ မိမိနှစ်သက်ရာနည်းလမ်းကို များများအသုံးပြုခြင်းဖြင့် ကံစမ်းခွင့်လက်မှတ်အရေအတွက် ပို၍များများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ကံစမ်းမဲအစီအစဉ်ကို နှစ်ပတ်ခွဲ၍ ပြုလုပ်မည်ဖြစ်ပြီး တစ်ပတ်လျှင် MPT Pay ကျပ်ဆယ်သိန်း ကံထူးသူ ၅၀ စီနှင့် MPT Pay ကျပ်သိန်းတစ်ရာ ကံထူးသူတစ်ဦးစီအား ရွေးချယ်ပေး၍ ဆုငွေကို MPT Pay အကောင့်သို့ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း၊ ဆုငွေဖြင့် ဖုန်းဘေလ်ဖြည့်ခြင်း၊ ဘေလ်ပေးဆောင်ခြင်း၊ ကိုယ်စားလှယ်မှတစ်ဆင့် မိမိငွေလွှဲလိုသူဆီ ငွေလွှဲခြင်း၊ MPT ကိုယ်စားလှယ်ဆိုင်များတွင် ငွေသွင်းငွေထုတ်ခြင်း၊ CB ဘဏ်နှင့် AYA ဘဏ်တို့၏ အေတီအမ်မှ ငွေသားထုတ်ယူခြင်းများနှင့် အခြားသော အကျိုးကျေးဇူးများနှင့် ငွေသားပြန်အမ်းခြင်းတို့ကိုလည်း ရရှိခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**

# ကော့သောင်းမြို့နယ် အော်ကြီးကျေးရွာအုပ်စုအတွင်းရှိ လူနေတဲများနှင့် ဥယျာဉ်ခြံသီးနှံစိုက်ခင်းများကို တောဆင်ရိုင်းအုပ်စုဝင်ရောက်ဖျက်ဆီး

ကော့သောင်း ဒီဇင်ဘာ ၂၅

**တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် အော်ကြီးကျေးရွာအုပ်စု အတွင်း၌ စိုက်ပျိုးထားသည့် ဥယျာဉ်များ၊ သီးနှံစိုက်ခင်းများနှင့် လူနေတဲအိမ်များအား ဒီဇင်ဘာ ၂၁ ရက်က တောဆင်ရိုင်းများ အုပ်စုလိုက် ဝင်ရောက်ဖျက်ဆီးသွားခဲ့ကြောင်းနှင့် လူထိခိုက်မှုမရှိကြောင်း ဒေသခံများထံမှ သိရသည်။**





တောဆင်ရိုင်းများ ဖျက်ဆီးသွားသည့် တဲများနှင့် တောဆင်ရိုင်းအုပ်ကို တွေ့ရစဉ်။

ပွင့်လင်းရာသီ အချိန်ရောက်ရှိချိန်တွင် ဒေသခံများက ဥယျာဉ်ခြံများ၊ သီးနှံစိုက်ခင်းများ၊ ဆီအုန်းစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးရန် တော ခုတ်ထွင်ရှင်းလင်းမှုများ ပြုလုပ်ခဲ့ရာတွင် ဒီဇင်ဘာ ၂၁ ရက်က ကော့သောင်းမြို့နယ် အော်ကြီးကျေးရွာအုပ်စုရှိ မိုင် ၄၀ တွင် တောဆင်ရိုင်းအုပ်စု တစ်စု ဝင်ရောက်လာကာ ဥယျာဉ်အတွင်းရှိ လူနေတဲ ၁၀ လုံးကျော်ခန့်အပြင် ဥယျာဉ်ခြံတွင်း စိုက်ပျိုးထားသည့် သီးနှံစိုက်ခင်းများကိုလည်း ဖျက်ဆီးသွားခဲ့ကြောင်း ဒေသခံများက ပြောသည်။

“တောဆင်ရိုင်းတွေက အုပ်လိုက်လာတယ်။ အကောင်ရေ ၂၀ ကျော်လောက် ကျွန်တော်တို့ရွာတွေဘက်က ဥယျာဉ်ခြံတွေဘက်ကို ဝင်လာတယ်။ ဆင်ကြီးတွေနဲ့ ဆင်သားပေါက်လေးတွေလည်း ပါလာတယ်။ ဒီဘက်ကို တောဆင်တွေ ဝင်တာပထမဆုံးအကြိမ်ဖြစ်တယ်။ ဥယျာဉ်စောင့် လူနေတဲလေးတွေ ဆောက်ထားတာ ဖျက်ဆီးသွားတယ်။ လူနေတဲက ၁၂ လုံးလောက် ပျက်စီးသွားခဲ့ပါတယ်။ သီးနှံစိုက်ခင်းတွေကိုလည်း ဖျက်ဆီးသွားကြတယ်၊ ဥယျာဉ် စောင့်တဲတွေမှာက လူမနေကြပါဘူး။ နေ့ခင်းပိုင်းတွေမှာတော့ သီးနှံစိုက်၊ ရေလောင်း ခဏတဖြုတ်နားပြီး ရွာကိုပြန်ကြတယ်။ လူတချို့ရှိနေပေမယ့် လူတွေကိုတော့ ဘာမှမလုပ်ဘူး။ လူထိခိုက်မှုတော့ မရှိပါဘူး” ဟု ဒေသခံတစ်ဦးက ပြောသည်။

မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးရှိ နေရာတချို့တွင် တောဆင်ရိုင်းများ မကြာခဏ ထွက်လာလေ့ရှိပြီး အများအားဖြင့် ဘုတ်ပြင်းမြို့နယ် အတွင်းရှိ ဆီအုန်းခြံများနှင့် ကားလမ်းမကြီး တစ်လျှောက်တွင် သွားလာသည်ကို မကြာခဏ တွေ့ရလေ့ရှိကြောင်း ခရီးသည်တင် မော်တော်ယာဉ် မောင်းသူများ ထံမှ သိရသည်။

“ပွင့်လင်းရာသီအချိန်ဆိုတော့ သီးနှံစိုက်ခြံတွေ၊ ဆီအုန်းခြံတွေ တိုးချဲ့စိုက်ဖို့ တောတောင်တွေ ခုတ်ထွင်ရှင်းလင်း မီးရှို့ကြတော့ ဆင်တွေက စားကျက်ပျက်ပြီး နေရာရွှေ့ပြောင်းလာကြတဲ့ပုံစံပါ။ သူတို့နေထိုင် ကျက်စားတဲ့ နေရာတွေမှာ သစ်တောတွေ ပြုန်းတီးလာသလို၊ ဆီအုန်းခြံတွေများလာတဲ့အတွက် ဆင်တွေအတွက် စားကျက် မရှိတော့ဘူး။ အဓိက အချက်ကတော့ တောအုပ်တွေ ပျက်စီးတာများလာလို့ပဲ ဖြစ်ပါတယ်”ဟု ကော့သောင်းမြို့ဒေသခံ တစ်ဦးက ပြောသည်။

တနင်္သာရီတိုင်း ဒေသကြီး ဘုတ်ပြင်းမြို့နယ် အတွင်းရှိ ချောင်းမွန်၊ ခဲချောင်း၊ ဝါးချောင်း စသည့် ကျေးရွာအနီးတစ်ဝိုက်တွင် တောဆင်ရိုင်းကြီးများ မကြာခဏထွက်လာလေ့ရှိပြီးဘုတ်ပြင်း မြို့နယ် သစ်တောဦးစီးဌာနမှ သတိပေးဆိုင်းဘုတ်များ စိုက်ထူပေးထားရကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# တရားမဝင် လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် ဒီဇင်ဘာ ၂၃ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက်ပိုမိုပါရှိလာသော Thermos Bottles အလုံး ၁၀၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၇၅၀၀၀) ကို လည်းကောင်း၊ မြဝတီ-ဘားအံ-ရန်ကုန်ကားလမ်း အမှတ် (၂) လမ်းမကြီး ရွာသာကြီးတိုးဂိတ်အနီး၌ မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည် ထက်ပိုမိုပါရှိလာသော Shopping Bag အလုံး ၃၈၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၄၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသော NISSAN DIESEL အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကို လည်းကောင်း **(အောက်ပုံ)**၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၁၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြဝတီ ကုန်သွယ်ရေးဇုန်၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားသည်ထက် ပိုမိုပါရှိသော PE Slipper များ အရံ ၂၁၅၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၀၇၇၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၂၃ ရက်တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ လေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၅၆၅၇၇၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**









# ဗန်းမော်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ ကလောနှင့် တောင်ကြီးမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**



မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက် ညနေ ၅ နာရီတွင် ဗန်းမော်မြို့နယ် သဖန်းပင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာအနီးတွင် ယန်တား မောင်းနှင်ပြီး လင်းလင်း လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့သယ်ဆောင်လာသည့် ခရီးဆောင်အိတ်အတွင်းမှ ဘိန်းဖြူ ၀ ဒသမ ၉၉ ကီလိုကိုလည်းကောင်း။ **(ယာပုံ)**

ယင်းနေ့မွန်းလွဲ ၁ နာရီခွဲက ပျော်ဘွယ်မြို့နယ် ဝက်လက်ကျေးရွာအုပ်စု ရွာသာကျေးရွာ ကားဂိတ်ရှိ လက်ဖက်ရည်ဆိုင်အတွင်းတွင် အောင်ကိုလတ် (ခ) ဂျင်သီး၊ မောင်အေး၊ ကျော်သက်နှင့် ကိုဖြိုးတို့ လေးဦးကို သတင်းအရ ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ နှင့် ဆိုင်ကယ်နှစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၃ နာရီ မိနစ် ၄၀ တွင် ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာအုပ်စု ရွာတန်းကျေးရွာ အနီးတွင် ရဲမင်းစိုး မောင်းနှင်ပြီး ရဲမင်း လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ညနေ ၆ နာရီတွင် ရမည်းသင်းမြို့နယ် လွှစင်ကျေးရွာ အုပ်စု၊ ခင်သာယာကျေးရွာရှိ ရဲမင်း၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀၀ တို့ကို လည်းကောင်း၊ ယင်းနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ကလောမြို့နယ်ဝက်ဖြူရေကျေးရွာ အုပ်စု မကွေကျေးရွာ လမ်းမပေါ်တွင် တွေ့ရှိသူ မအေးအေးစိုးအား စစ်ဆေးရှာဖွေရာ ၎င်းကိုင်ထားသော ပလတ်စတစ်အိတ်အတွင်းနှင့် ပိုက်ဆံအိတ် အတွင်းတို့မှ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၃၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၂ နာရီတွင် ကလောမြို့နယ် ဝက်ဖြူရေကျေးရွာအုပ်စု မကွေကျေးရွာအနီး ကလော-သာစည်သွားလမ်း မိုင်တိုင်အမှတ် (၇၁) တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချပေးသူ မမြတ်မူ (ခ) မမူ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀ ကိုလည်းကောင်း။

ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ကျောင်းကြီးစုရပ်ကွက် သဇင်(၃) လမ်းရှိ မနန်းမွေဖောင် ငှားရမ်းနေထိုင်သည့် နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ပြည့်စုံချမ်းမြေ့နှင့် အောင်မိုးဦးတို့ကို တွေ့ရှိပြီး စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# လွိုင်လင်မြို့နယ်အတွင်း ဘိန်းခင်း ၁၁၅ ဧက ဖျက်ဆီး

**လွိုင်လင် ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ်အတွင်း စိုက်ပျိုးထားသော ဘိန်းခင်းများအား နိုဝင်ဘာ ၂၂ ရက်မှစတင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နယ်မြေခံတပ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့များ ဖွဲ့စည်းကာ ဖျက်ဆီးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဘိန်းခင်းဖျက်ဆီးရေးတွင် လွိုင်လင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မြင့်စိုး ဦးဆောင်ကာ မြို့နယ်ရဲတပ်ဖွဲ့ ရဲတပ်ဖွဲ့မှူး ရဲမှူး စိုးလွင်ဦး ဦးစီးသော အဖွဲ့သည် နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၂၄ ရက် အထိ လွိုင်လင်မြို့နယ် ပင်လုံမြို့ အနောက်ဘက်ခြမ်းဒေသရှိ တောင်ကုန်း၊ တောင်စောင်းများတွင် စိုက်ပျိုးထားသော သီးပွင့်ဆဲ ဘိန်းခင်း ဧက ၁၅၃၀ အား ဖျက်ဆီးခဲ့ပြီး ကျန်ရှိသော ဘိန်းခင်းများကို ဆက်လက်ဖျက်ဆီးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသက်(၁၉)နှစ်အောက် ဖူဆယ်ဘောလုံးပြိုင်ပွဲကျင်းပ



**သာပေါင်း ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် ၂၀၂၃ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသက် ၁၉ နှစ်အောက် ဖူဆယ်ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က စတင်ကျင်းပသည်။(ဓာတ်ပုံ)

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသက် ၁၉ နှစ်အောက် ဖူဆယ်ဘောလုံးပြိုင်ပွဲများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြို့နယ်ဘောလုံးအဖွဲ့ချုပ်တို့က ပူးပေါင်းကျင်းပရာ ဒီဇင်ဘာ ၂၄ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ အသက် ၁၉ နှစ်အောက် ဖူဆယ်ဘောလုံးအသင်း ကိုးသင်းတို့ယှဉ်ပြိုင်ကစားလျက်ရှိသည်။

ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရ အသင်းများအား ကော်မတီအဖွဲ့မှ ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး မြို့နယ်အားကစားနှင့် ကာယပညာ ဦးစီးဌာန၊ နည်းစနစ်မှူး ဒေါ်ချိုသဲက အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

မျိုးဇော်သိန်း (ပြန်/ဆက်)



## စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဘားအံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ဘားအံ ဒီဇင်ဘာ ၂၅**

ကရင်ပြည်နယ် ဘားအံမြို့တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဘားအံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဖလား ကလပ်ပေါင်းစုံ အမျိုးသား(အလွတ်တန်း)ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့က ဘားအံမြို့ရှိ ဖူဆယ်အားကစားခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဘားအံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်လွင်က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ပြည်သူတစ်ရပ်လုံး အမှတ်တရရှိစေရေး၊ လူငယ်လူရွယ်များအချင်းချင်း ချစ်ကြည်ရင်းနှီးလာစေရန်၊ ခရိုင်အဆင့်ပြိုင်ပွဲမှတစ်ဆင့် ပြည်နယ် ဖူဆယ်ပြိုင်ပွဲအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ရည်ရွယ်ချက်ဖြင့် ဖူဆယ်အားကစားနည်းပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။(အပေါ်ပုံ)

ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆို၍ ပြိုင်ပွဲကို စတင်ကျင်းပရာ ပထမနေ့ပွဲစဉ်အဖြစ် Hpa-an Youth Club အသင်းနှင့် K.K.N Club အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။ ယင်းပြိုင်ပွဲသို့ ဘားအံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူငယ်ရေးရာကော်မတီဝင်များ၊ ဖူဆယ်အားကစားဝါသနာရှင်များ တက်ရောက်အားပေးကြည့်ရှုကြပြီး အဆိုပါ ကလပ်ပေါင်းစုံအမျိုးသား (အလွတ်တန်း)ဖူဆယ်ပြိုင်ပွဲတွင် အသင်း ၁၅ သင်း၊ ပြိုင်ပွဲဝင်အားစားသမား ၁၂၀ ဖြင့် ဒီဇင်ဘာ ၂၄ ရက်မှ ဇန်နဝါရီ ၂ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

ဇော်ဘီ

## မြဝတီမြို့၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အားကစားပြိုင်ပွဲများကျင်းပ

**မြဝတီ ဒီဇင်ဘာ ၂၅**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အားကစားပြိုင်ပွဲများကို ကရင်ပြည်နယ် မြဝတီမြို့ရှိ မြို့မကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းတွင် ဒီဇင်ဘာ ၂၃ ရက်က ကျင်းပပြုလုပ်သည်။



ရှေးဦးစွာ အားကစားပြိုင်ပွဲများဖွင့်ပွဲကို ကျင်းပရာ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးစံဝင်းကြည်က အမှာစကား ပြောကြားသည်။

ထို့နောက် ကလေးငယ်များက တေးသီချင်းများဖြင့် တေးသရုပ်ဖော်ကပြဖျော်ဖြေပြီး ဘောလုံးဇွန်းကိုက်ပြိုင်ပွဲ၊ မုန့်စားပြိုင်ပွဲ၊ ရင်ဘတ်ဖြင့် ဘောလုံးသယ်ပြိုင်ပွဲ၊ အားလူးကောက်၊ လက်ဆင့်ကမ်း၊ ဖားခုန်၊ ခြေပူးတွဲ၊ မြွေလိမ်မြွေကောက်ပုံစံဘောလုံးကောက်နှင့် လွန်ဆွဲပြိုင်ပွဲများကို ပြုလုပ်သည်။

ပြိုင်ပွဲများကို အသင်းခြောက်သင်းဖြင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ဆုရရှိသည့်အသင်းများအား မြဝတီခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင် ဦးစိန်သောင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးအောင်မင်းစိုး၊ မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီ၊ မြဝတီခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားမှူး ဦးအောင်ကိုကို၊ ကရင်ပြည်နယ် စာကြည့်တိုက်များ ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦးနှင့် မြို့နယ် ပန်းချီ/ပန်းပု အစည်းအရုံး ဥက္ကဋ္ဌ ဦးကြည်စိုးတို့က ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

## ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတ စီရင်ဆုံးဖြတ်ခြင်း သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း (MIAC) Incorporated က ဖွင့်လှစ်သော ကြားဝင်စေ့စပ်ဖြေရှင်းခြင်းနှင့် အနုညာတစီရင်ဆုံးဖြတ်ခြင်းသိကောင်းစရာ သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းနှင့် ဖျာပုံလမ်းထောင့်ရှိ MIAC (ဗဟို) သင်တန်းခန်းမ၌ ဒီဇင်ဘာ ၂၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် MIAC (ဗဟို) ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းက အမှာစကားပြောကြားပြီး သင်တန်းနည်းပြဆရာ၊ ဆရာမများက သင်တန်းသား၊ သင်တန်းသူများသို့ အောင်လက်မှတ်များ ချီးမြှင့်ပေးအပ်သည်။ ယင်းနောက် သင်တန်းသား၊ သင်တန်းသူများက နည်းပြဆရာ၊ ဆရာမများကို ဂါဝရပြုလက်ဆောင်များပေးအပ်ကြောင်း သိရှိရသည်။

မောင်မောင်(လှျပ်စစ်)



## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ပါရမီရပ်ကွက်နေ လင်းလင်းထိုက်(ခ)လင်းလင်းသည် ၎င်းအသုံးပြုသည့် “Lynn Lynn” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် ချောင်းကြီးကျေးရွာနေ သီတာတင်သည် ၎င်းအသုံးပြုသည့် “Thida Tin” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွား မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မှတ်ပုံတင်အမှန်

အဖ ဦးဟန်ဝင်း ၁၃/တကန (နိုင်)၀၄၄၆၃၁ ၏သမီး မယဥ်ခိုင်မြတ် ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်အမှန်မှာ ၁၂/ဒဂန (နိုင်) ၀၃၁၇၅၀ ဖြစ်ပါကြောင်း။

မယဥ်ခိုင်မြတ်

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်မင်းထွန်း ၈/မသန(နိုင်)၀၉၆၀၅၃ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၈၈၆၆၆၂၆

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်နိုင်လင်းအောင် ၈/တတက(နိုင်) ၁၆၃၅၉၅ ၏ နိုင်ငံကူးလက်မှတ် အမှတ်(နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၈၈၆၆၆၂၆

## မော်တော်ယာဥ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၁၁၂)

မော်တော်ယာဥ်များ လောင်စာဆီထည့်နေစဥ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
( ခ ) မည်သူမျှ ဆေးလိပ်မသောက်ရ။
( ဂ ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဥ် ပေါ်တွင်ပါရှိသူများ အသက်ကယ် ထိုင်ခုံခါးပတ် ဖြုတ်ထားရမည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အပင်မျိုးသစ်အကာအကွယ်ပေးရေးဥပဒေအောက်တွင် အောက်ပါစပါးသီးနှံအပင်မျိုးသစ်များအား "အပင်မျိုးသစ်ကို ကာကွယ်ခွင့်ရရှိရေးအတွက် အပင်မျိုးမွေးမြူသူ၏ရပိုင်ခွင့် အခွင့်အရေးဆိုင်ရာ အသိအမှတ်ပြုလက်မှတ်ရရှိရန်" လျှောက်ထားလာပါသည်။ အဆိုပါကိစ္စနှင့်စပ်လျဥ်း၍ တစ်စုံတစ်ရာ ကန့်ကွက်ရန်ရှိပါက ယခုကြေညာပြီး ရက်ပေါင်း (၃၀)ရက်အတွင်း ဥက္ကဋ္ဌ၊ အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာနည်းပညာကော်မတီ၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဖုန်း-၀၆၇-၃၄၁၆၅၉၇၊ ၀၉-၉၆၇၂၉၆၄၅၉၉၊ ဖက်(စ်)-၀၆၇-၃၄၁၆၅၃၅ (သို့မဟုတ်) အီးမေး(လ်)-dgdar.moai@gmail.com နှင့် pvpsection.dar@gmail.com တို့သို့ ဆက်သွယ်အကြောင်းကြားနိုင်ပါသည်-

| စဥ် | သီးနှံအမည် | မျိုးအမည် | လျှောက်ထားသည့်ရက်စွဲ | လျှောက်ထားသည့် အပင်မျိုးမွေးမြူသူ၏အမည် | လျှောက်ထားသည့် အဖွဲ့အစည်း |
|---|---|---|---|---|---|
| ၁ | စပါးသီးနှံ | RGBM ပေါ်ဆန်း-၁ | ၂၀-၁၂-၂၀၂၂ | စပါးမျိုးဗီဇ မြှင့်တင်မွေးမြူရေးစီမံကိန်း (Rice Genomic Breeding Project) | ဗီဇအချက်အလက်နည်းပညာများကို အသုံးပြု၍ မြန်မာနိုင်ငံ၏ဆန်စပါး မျိုးမွေးမြူရေးကဏ္ဍအား မြှင့်တင်ခြင်း စီမံကိန်း |
| ၂ | စပါးသီးနှံ | RGBM ပေါ်ဆန်း-၂ | ၂၀-၁၂-၂၀၂၂ | စပါးမျိုးဗီဇ မြှင့်တင်မွေးမြူရေးစီမံကိန်း (Rice Genomic Breeding Project) | ဗီဇအချက်အလက်နည်းပညာများကို အသုံးပြု၍ မြန်မာနိုင်ငံ၏ဆန်စပါး မျိုးမွေးမြူရေးကဏ္ဍအား မြှင့်တင်ခြင်း စီမံကိန်း |
| ၃ | စပါးသီးနှံ | RGBM အင်းမရဲဘော်-၁ | ၂၀-၁၂-၂၀၂၂ | စပါးမျိုးဗီဇ မြှင့်တင်မွေးမြူရေးစီမံကိန်း (Rice Genomic Breeding Project) | ဗီဇအချက်အလက်နည်းပညာများကို အသုံးပြု၍ မြန်မာနိုင်ငံ၏ဆန်စပါး မျိုးမွေးမြူရေးကဏ္ဍအား မြှင့်တင်ခြင်း စီမံကိန်း |

ဥက္ကဋ္ဌ
အပင်မျိုးသစ်စစ်ဆေးခြင်းဆိုင်ရာနည်းပညာကော်မတီ

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ ဗားကရာတောရကျောင်းလမ်း၊ အမှတ်-၁၂၊ ပထမထပ်၊ အခန်းအမှတ်(B)၊ အကျယ်အဝန်း(၁၆x၆၅)ပေရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ်ထားပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောကြားသူ ဒေါ်နွယ်နီထွန်း ၁၂/စခန(နိုင်)၀၆၈၃၁၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်ခင်မိုးမိုးအောင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဥ်-၁၀၀၅၅)
အမှတ်(၆၁၉/က)၊ ရန်ကြီးအောင်လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ဖုန်း-၀၉-၄၂၁၀၉၇၄၀၃

## ပတ်စ်ပို့ပျောက်

ကျွန်မ မမြင့်မြင့်အေး ၈/ဂဂန (နိုင်)၀၇၄၉၄၈ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၈၈၆၆၆၂၆

## အမည်ပြောင်း

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ ဗဟိုလမ်းကြား၊ အိမ်အမှတ်(၁၈)နေ ဦးသိန်းရွှေ-ဒေါ်တင်ရီတို့၏သား မောင်သိန်းဝင်းအား မောင်ဝင်းသိန်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ ဇေယျာတိုးချဲ့ရပ်(၁၀)လမ်းရှိ ကွင်းအမှတ် ၃၄၀၊ ဧရိယာ(၆၀x၆၀)ပေ အကျယ်ရှိမြေကွက်အား ကျွန်ုပ်မိတ်ဆွေ ဦးအောင်ဌေးမြင့် ၉/မစန(နိုင်)၁၉၄၇၃၆ ၏ အမည်ဖြင့် မြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါသည်။

သို့ပါ၍ အဆိုပါမြေငှားဂရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်အရေးဆိုလိုသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်မိတ်ဆွေ ဦးအောင်ဌေးမြင့် အမည်ဖြင့် မြေငှားဂရန်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်လမင်းထွန်း
တရားလွှတ်တော်ရှေ့နေ (စဥ်-၁၇၆၆၇)
ရွာထောင် အောင်သာယာရပ်၊ စစ်ကိုင်းမြို့

## (၃၂)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲအတွက် ကမ္ဘောဒီးယား ရိုးရာစစ်တုရင်ပြိုင်ပွဲ ပဏာမလက်ရွေးစင်ရွေးချယ်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

(၃၂)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲအတွက် ကမ္ဘောဒီးယား ရိုးရာစစ်တုရင်(Out Chaktrang ) ပြိုင်ပွဲကို ဒီဇင်ဘာ ၂၄ ရက်မှစတင်ကာ ရန်ကုန်မြို့ အောင်ဆန်းကွင်းရှိ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်၌ ကျင်းပသည်။

"ဒီကစားနည်းကို နိုင်ငံတိုင်းမပြိုင်ပါဘူး။ ရိုးရာကစားနည်းဆိုတော့ အိမ်ရှင် ကမ္ဘောဒီးယား၊ ထိုင်း၊ လာအို၊ မြန်မာတို့ ကစားဖူးတဲ့နိုင်ငံပဲ လာမှာပါ။ အိမ်ရှင်က အမျိုးသားပြိုင်ပွဲ



ငါးမျိုးနဲ့ အမျိုးသမီးပြိုင်ပွဲ တစ်မျိုးသာ ထည့်သွင်းကျင်းပမှာပါ။ ဒီပြိုင်ပွဲက မြန်မာ့ရိုးရာစစ်တုရင် ကစားတတ်ရင် ကစားတတ်တယ်။ အကောင်ရွှေ့ပုံပဲ ကွာတာပါ"ဟု တွဲဖက်အတွင်းရေးမှူး ဦးမျိုးမင်းဇော်က ပြောသည်။

အဆိုပါ စစ်တုရင်ပြိုင်ပွဲတွင် ငြိမ်းချမ်း၊ ဝင်းကြိုင်၊ နေဦးကျော်ထွန်း၊ ဝင်းထွန်းထွေး၊ တင်ထွန်းဇော်၊ နိုင်မျိုးလင်း၊ အောင်နိုင်၊ မောင်မောင်လတ်၊ ဝင်းဇော်ထွန်း စသည့် စစ်တုရင်ကစားသမား ကိုးဦး ယှဥ်ပြိုင်မည်ဖြစ်ပြီး နံနက် ၉ နာရီတွင် တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီတွင် တစ်ကြိမ် နေ့စဥ် နှစ်ပွဲနှုန်းဖြင့် ပတ်လည်စနစ်ဖြင့် ယှဥ်ပြိုင်မည်ဖြစ်သည်။

ယင်း ကမ္ဘောဒီးယားရိုးရာ စစ်တုရင်ကစားနည်းကို (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည်ဖြစ်ပြီး လက်ရှိကျင်းပလျက်ရှိသည့် ပြိုင်ပွဲတွင် အနိုင်ရရှိသူများအား ပဏာမလက်ရွေးစင်ကစားသမားအဖြစ် ရွေးချယ်သွားမည်ဖြစ်ပြီးပြိုင်ပွဲကို ဒီဇင်ဘာ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အာကာစိုး၊ ဓာတ်ပုံ-တင်စိုး**




## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ရောက်ရှိမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် "တူယှဥ်နွဲပျော် ဂီတပွဲတော် Season-2" တေးသီချင်း သီဆိုမှုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲကို ပြည်သူများ လွတ်လပ်ရေး၏ အနှစ်သာရကို တန်ဖိုးထားလေးစားစိတ်၊ မိမိတို့၏ အချုပ်အခြာအာဏာကို ကိုယ်တိုင်ထိန်းသိမ်းရမည်ဆိုသော ထက်သန်သည့်စိတ်တို့ ဖြစ်ပေါ်လာစေရန်၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန်၊ ပြည်သူများ၏ စိတ်အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက (၂-၉-၂၀၂၂)ရက်နေ့မှစ၍ အပတ်စဥ် သောကြာနေ့ညတိုင်း တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသလျက်ရှိရာ ယင်းဖျော်ဖြေပွဲများကို(၃၀-၁၂-၂၀၂၂) ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ယခုအခါ Level-2 Semi Final ပွဲစဥ်(၁၇)တွင် ပြိုင်ပွဲဝင်(၆)ဦးတို့မှ ပြဋ္ဌာန်းတစ်ပုဒ်၊ စိတ်ကြိုက်တစ်ပုဒ် သီဆိုယှဥ်ပြိုင်မှုမှ ပရိသတ် Voting (၇၀%)နှင့် ဒိုင်အကဲဖြတ်အမှတ် (၃၀%) ရမှတ်များဖြင့် ထွက်ပေါ်လာသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်(၃)ဦးဖြင့် ပြုလုပ်မည့် Grand Final ပွဲစဥ်(၁၈)အတွက် အောက်ပါ တေးသီချင်းများကို အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

| စဥ် | သီချင်းအမည် | တိုင်း/ပြည်နယ် | ပွဲစဥ် |
|---|---|---|---|
| ၁ | ဆေးရောင်ခြယ်ပါ | ရန်ကုန်တိုင်းဒေသကြီး | (၃၀-၁၂-၂၀၂၂)ရက်နေ့ Grand Final ပွဲစဥ်(၁၈) |
| ၂ | ရေခပ်ဆင်းချိန် | ရန်ကုန်တိုင်းဒေသကြီး | |
| ၃ | ပြည်ထောင်စုကြီးဒို့ရဲ့မြန်မာ | နေပြည်တော် | |
| ၄ | ပန်းပိတောက်ကြွေရာမြေ | နေပြည်တော် | |
| ၅ | မဟာ | ဧရာဝတီတိုင်းဒေသကြီး | |
| ၆ | ချစ်မိုးကြီး | ဧရာဝတီတိုင်းဒေသကြီး | |
| ၇ | ဒီကောင်မလေးအတွက် | ပြင်ပအဆိုရှင် | |
| ၈ | မင်းလေးသိဖို့ | ။ | |
| ၉ | ကော်ဖီပူလေးသောက်လိုက်ပါဦး | ။ | |
| ၁၀ | အဆင်ပြေပါစေ | ။ | |
| ၁၁ | ဘယ်တော့မျှမှ အဆုံးမရှိ | ။ | |
| ၁၂ | ခေတ်သစ်ခုနှစ်ထွေ | ။ | |
| ၁၃ | ဂျိမ်းဖော | ။ | |
| ၁၄ | မိုးစက်တင်လေ | ။ | |
| ၁၅ | လွတ်လပ်ရေးတေးသံ | ။ | |
| ၁၆ | လိုနေတာမင်းအချစ် | ဌာနအဆိုရှင် | |
| ၁၇ | သွေးချင်းတို့ဌာနေ | ။ | |
| ၁၈ | မျှော်လင့်နေတုန်း ပျို့ဖုန်းလှမ်းခဲ့ပါ | ။ | |
| ၁၉ | မိုးယံမှသည် ချစ်သူဆီသို့ | ။ | |
| ၂၀ | ရှင်ဘုရင်လေး | ဌာနအဆိုရှင် | (၃၀-၁၂-၂၀၂၂)ရက်နေ့ Grand Final ပွဲစဥ်(၁၈) |
| ၂၁ | မိတော့မိတယ် | ။ | |
| ၂၂ | မချစ်ဘူး မပြောပါနဲ့ | ။ | |
| ၂၃ | ကိုယ်တိုင်ရေးပုံတူ | ။ | |
| ၂၄ | မိုးယံလွှင့်ပျံလက်ခုပ်သံ | ။ | |
| ၂၅ | ဂီတအစ ဘယ်သူက | ။ | |
| ၂၆ | နှလုံးသားအရင်းအနှီး | ။ | |

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာနမှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွက် အသုံးပြုရန် ဒီဇယ်ဆီ (၁၂၀၀၀၀) ဂါလန်၊ Octane-92 (၁၅၀၀၀)ဂါလန်နှင့် ပရီမီယမ်ဒီဇယ်ဆီ (၃၅၀၀၀)ဂါလန် ဝယ်ယူရန်အတွက် အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၃-၁-၂၀၂၃ရက်
(ခ) **တင်ဒါလျှောက်လွှာပိတ်မည့်ရက်** - ၅-၁-၂၀၂၃ရက်
(ဂ) **လျှောက်လွှာရောင်းချမည့်နေရာ** - ၆၂လမ်း၊ စက်ရုံနှင့် မော်တော်ယာဉ်ဌာန
(ဃ) **အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်နေ့ရက်** - ၁၂-၁-၂၀၂၃ရက်
(င) **အိတ်ဖွင့်တင်ဒါ ဆောင်ရွက်မည့်နေရာ** - ၂၆ လမ်း၊ ၇၁ x ၇၂ လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ (၆)ထပ် ဆောင် အစည်းအဝေးခန်းမ
(စ) **တင်ဒါ (၁)စုံ ရောင်းဈေးနှုန်း** - ပစ္စည်း(၁)မျိုးလျှင်ကျပ် ၁၀၀၀၀/-

၂။ စက်သုံးဆီသွင်းကုန်လိုင်စင် (Fuel Import License) တင်ပြနိုင်သော ကုမ္ပဏီဖြစ်ရမည်။

၃။ တင်ဒါရရှိသူသည် တည်ဆဲဥပဒေအရ ပေးဆောင်ရမည့် အခွန်အခများ အားလုံးကို ပေးဆောင်ရမည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဌာနမှူး၊ စက်ရုံနှင့်မော်တော်ယာဉ်ဌာန ဖုန်း-၀၂-၄၀၈၀၁၅၇၊ ၀၂-၄၀၈၀၃၁၆ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဌာနမှူး**
**စက်ရုံနှင့် မော်တော်ယာဉ်ဌာန**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ နွယ်သာကီလမ်း၊ အိမ်အမှတ် (၂၉/၁၇၆)နေ ဒေါ်ဟောက်ဒိုးညောင် ၁၂/ဒဂန(နိုင်)၀၀၄၁၂၂၊ ဒေါ်ကိုင်ငိုက်ဒွန် ၁၂/ဒဂန(နိုင်)၀၀၄၁၁၆၊ ဦးလန်ခန်စွမ်း ၁၂/ဒဂန(နိုင်)၀၀၁၇၈၇၊ ဒေါ်ကျန်ငိုက်လွန် ၁၂/ဒဂန(နိုင်)၀၂၃၁၈၂ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်တို့၏ ဖခင်ဖြစ်သူ ဦးတွဲလ်ဒိုးဒါးလ် ၁၂/ဒဂန(နိုင်)၀၀၄၁၁၇၊ အိမ်အမှတ်(၂၉/၁၇၆)၊ နွယ်သာကီလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်တွင် နေထိုင်သူသည် ဦးဘီဘိုင်ကော့ ၁၃/တကန(နိုင်)၀၆၉၁၂၄၊ အကွက်ကြီး အမှတ်(၄၈)၊ အမှတ်(၅)ရပ်ကွက်၊ အေးသာယာမြို့သစ်၊ တောင်ကြီးမြို့တွင် နေထိုင်သူအား လှည်းကူးမြို့နယ်၊ အင်ကြင်းကျေးရွာအုပ်စု၊ ထောက်ကြန့် ကွင်းအမှတ် (၉၇၂)ရှိ မြေရီယာ ၁၆ ဒသမ ၂၀ ဧကနှင့် ပတ်သက်၍ ရုံးဌာန အသီးသီးတွင် လိုအပ်သော ကိစ္စအဝဝဆောင်ရွက်ရန် ၂၇-၅-၂၀၁၉ရက်တွင် အထူးကိုယ်စားလှယ်လွှဲစာအမှတ် (DOC No.004/T)ဖြင့် အထူးကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပါသည်။

ဦးဘီဘိုင်ကော့ (အထူးကိုယ်စားလှယ်လွှဲအပ်ခံရသူ)သည် တစ်စုံတစ်ရာ ဆက်သွယ်မှုမရှိဘဲ ၁၀-၄-၂၀၂၂ရက်တွင် တောင်ကြီးမြို့၌ ကွယ်လွန်ခဲ့ကြောင်း၊ ၎င်း၏သမီးဖြစ်သူ ဒေါ်ဝေမာဖြိုး၏ ပြောကြားချက်အရ သိရှိရပါသည်။ ကျွန်ုပ်တို့၏ ဖခင်ဖြစ်သူသည်လည်း ရန်ကုန်မြို့၌ ၂၂-၄-၂၀၂၂ ရက်တွင် ကွယ်လွန်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ အထူးကိုယ်စားလှယ်လွှဲအပ်ခဲ့သူနှင့် လွှဲအပ်ခြင်းခံရသူတို့သည် ယခုအခါတွင် ကွယ်လွန်သွားပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါ အထူးကိုယ်စားလှယ်လွှဲစာသည် ပျက်ပြယ်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မိုးမိုးခိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၂၆/၂၀၁၄)**
**ပွဲစားတန်းလမ်း၊ ဘုရားကြီးရပ်ကွက်၊ မုံရွာမြို့၊ ဖုန်း-၀၉-၂၄၅၀၇၅၇**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း အတွင်းရှိ City Loft၊ တိုက်အမှတ် CL4(B3)၊ အခန်းအမှတ် (၄၀၄)၊ Type(1 Bedroom) ၊Area (၄၈၄) Sqft ရှိ တိုက်ခန်းအား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်ကျော်ဦး ၁၄/ဝခမ (နိုင်)၁၀၆၈၁၃၊ ဒေါ်ခင်စန်းယုဆွေ ၁၂/သကတ(နိုင်)၁၅၁၁၉၅ ထံမှ အပြီးအပြတ် ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်ခင်ချိုသန်း ၁၂/ကတတ(နိုင်)၀၀၈၃၁၂**
**ဖုန်း-၀၉-၅၀၀၈၇၇၅၊ ၀၉-၅၀၇၈၉၈၈**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/ 59359 Yin Anbo 125 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငြိမ်းငြိမ်းအေး ၉/ပကခ(နိုင်)၀၂၂၅၇၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 5G/9291 SKAT LFJ 3048 G1, Dump Truck(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းကျော် ၈/သရန(နိုင်) ၀၆၃၉၂၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးရုံးခွဲ**
**(ရွာသာကြီး)၊ ရန်ကုန်မြို့**

## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကော်မတီပိုင်လုပ်ငန်းသုံးပစ္စည်းဟောင်းများရောင်းချရေးကော်မတီ ပစ္စည်းဟောင်းများ ရောင်းချရေးအတွက် တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (ရေနှင့် သန့်ရှင်းမှု)မှ ပစ္စည်းဟောင်းများအား ဈေးပြိုင်တင်ဒါစနစ်ဖြင့်တင်ဒါ ရောင်းချရန်အတွက် တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)၊ ၁၂ ၁/၂ ထပ်ရုံး၊ ကုန်သည်လမ်းမ၊ ဗိုလ်တထောင်မြို့နယ်တွင် ရုံးချိန်အတွင်းဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဖုန်း-၀၉-၅၁၆၅၈၂၆၊ ၀၉-၂၅၄၈၂၉၇၀၆၊ ၀၉-၅၀၈၁၂၂၉၊ ၀၉-၅၀၄၂၇၆၁ တို့သို့ ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ရုံးချိန်အတွင်း မေးမြန်းနိုင်ပါသည်။

**တင်ဒါရောင်းချမည့်ရက်** - ၂၈-၁၂-၂၀၂၂ ရက်
**တင်ဒါအရောင်းပိတ်မည့်ရက်** - ၁၀-၁-၂၀၂၃ ရက်
**တင်ဒါကျင်းပမည့်ရက်** - ၂၆-၁-၂၀၂၃ (ကြာသပတေးနေ့)
**တင်ဒါကျင်းပမည့်နေရာ** - အစည်းအဝေးခန်းမကြီး၊ မြို့တော်ခန်းမ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တောင်ကြီးမြို့ (ဌာနပိုင်မော်ဝစတားဟိုတယ် ငှားရမ်းနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနပိုင် လားရှိုးခရိုင်၊ လားရှိုးမြို့နယ်၊ အမှတ်၁၂ရပ်ကွက်၊ အကွက်အမှတ် ၄၅၊ ဦးပိုင်အမှတ် (၁/ထ)၊ မြေရီယာ ၄ ဒသမ ၈၂၂ ဧကနှင့် ဦးပိုင်အမှတ် (၁/ည)၊ မြေရီယာ ၄ ဒသမ ၃၂၀ ဧက၊ စုစုပေါင်းမြေရီယာ ၉ ဒသမ ၁၄၂ဧက နှင့် ၎င်းမြေပေါ်ရှိအဆောက်အအုံ ၁၈လုံးပါ ဌာနပိုင်မြေနှင့် အဆောက်အအုံအား ငှားရမ်းမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသော ပြည်တွင်းလုပ်ငန်းရှင် မည်သူမဆို OpenTender လျှောက်လွှာတင်သွင်းနိုင်သည်။

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **တင်ဒါပုံစံစတင် ရယူနိုင်သည့်ရက်** - ၂၇-၁၂-၂၀၂၂ရက်
(ခ) **တင်ဒါပုံစံရယူနိုင်သည့်နေရာ** - ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ တောင်ကြီးမြို့(ရုံးချိန်အတွင်း)
(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ တောင်ကြီးမြို့(ရုံးချိန်အတွင်း)
(ဃ) **တင်ဒါမှတ်ပုံတင်ကြေးနှင့် ပေးသွင်းရမည့်နေရာ** - ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ တောင်ကြီးမြို့(ရုံးချိန်အတွင်း)
(င) **တင်ဒါလျှောက်လွှာပိတ်မည့် ရက်နှင့်အချိန်** - ၉-၁-၂၀၂၃ရက်

၃။ အသေးစိတ်သိရှိလိုပါက ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်/ထောက်ပံ့ဌာနစိတ် ဖုန်း ၀၈၁-၂၁၂၁၂၉၈သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးဥပဒေ ကိုဓဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀) မဟာအောင်မြေမြို့နယ်တရားရုံးတော်၌ ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၄

ဦးတင်မောင်ထွေး **နှင့်** ၁။ ဆရာမောင်
၂။ ဒေါ်မြခင်

**တရားလို** **တရားပြိုင်များ**

မန္တလေးမြို့၊ (ယခင်) မဟာအောင်မြေမြို့နယ်၊ သံလျှက်မော်အနောက်ရပ်ကွက်၊ အကွက်အမှတ် (၃၉၃) နေ ၁။ဆရာမောင်၊ ၂။ဒေါ်မြခင် (အတူနေလင်မယား) ယခုလိပ်စာမသိ သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၃ရက် (၁၃၈၄ ခုနှစ် တပို့တွဲလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဒီဇင်ဘာ ၂၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကောင်းထက်ဇော်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ်(မောသီရိတိုးချဲ့-၁)၊ ဦးပိုင်(၁၄၈၀)၊ ဧရိယာ ၀ ဒသမ ၀၆၉ ဧကရှိ အမှုတွဲအမှတ် ၅၉-၅/၁၉၉၂-၁၉၉၃(ဘီ) အရ ဦးတင်ဝင်း အမည်ပေါက်ပြီး ၎င်း၏ Special Power ရရှိသူ ဦးကျန်ယောင်းထံမှ ၂၀-၁၀-၂၀၂၂ရက်တွင်ရောင်းဝယ်စာချုပ်အမှတ် (၅၃၉၊/၂၀၂၂)ဖြင့် ဒေါ်အေးမွှေး ၁၃/လရန(နိုင်)၁၀၅၉၉၄က ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်၍ မြေငှားဂရန်အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူရှိက (၁၅)ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ပညာရေးဝန်ကြီးဌာန ကျောင်းသုံးပြဋ္ဌာန်းစာအုပ် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ Lot အလိုက် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ရိုက်နှိပ်ဖြန့်ချိရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာကျောင်းသုံးပြဋ္ဌာန်းစာအုပ်များကို ရိုက်နှိပ်ဖြန့်ချိရန်ရှိပါသဖြင့် နိုင်ငံသားပိုင်လုပ်ငန်းမှတ်ပုံတင်ရှိသော ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါများကို ၂၆-၁၂-၂၀၂၂ ရက်မှ ၈-၁-၂၀၂၃ ရက်အထိ နေ့စဉ်နံနက် (၉:၃၀) နာရီမှ (၁၆:၃၀) နာရီအတွင်း ပညာဌာန(၂)၊ အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၈-၁-၂၀၂၃ ရက်တွင် နံနက် ၉:၃၀ နာရီမှ ၁၆:၃၀ နာရီအတွင်း အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ **အသုံးပြုမည့်စက္ကူ**
(က) Woodfree (70gsm) (Brightness ≥ 95% ±1%)
(ခ) Art Card (210 gsm) (Brightness ≥ 90% ± 11.5%)

၅။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၃၄၀၇၈၁၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများ ထုတ်ယူရန်နှင့်တင်ဒါတင်သွင်းရန် လိပ်စာ**
ပညာဌာန(၂)၊ အခြေခံပညာဦးစီးဌာန၊
ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၃)၊ နေပြည်တော်

## ဒီကရီအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂) မဟာအောင်မြေခရိုင်တရားရုံးတော် ၂၀၁၉ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၁ ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် -၄၇၅

ဒေါ်စိန်ရီ **နှင့်** ဦးချစ်မောင်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ညောင်ပင်ကုန်းကျေးရွာ၊ (၌)ရပ်ကွက်အုပ်စုနေ ဦးချစ်မောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၉ ခုနှစ် တရားမကြီးမှုအမှတ် ၂၁ တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၆ရက် (၁၃၈၄ ခုနှစ် ပြာသိုလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သီတာစိုး)**
**တွဲဖက်ခရိုင်တရားသူကြီး (၂)**
**မဟာအောင်မြေခရိုင်တရားရုံး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/4228 Mitsubishi Canter FE 70CB, LIGHT TRUCK (4x2)R ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၁၂)၊ အကွက်အမည် ယွန်းတန်းနှင့်ဇရပ်ကြီးဈေး၊ ဦးပိုင်အမှတ်(၁၈၀)၊ ဧရိယာ ၀ ဒသမ ၀၄၀ဧကရှိ မြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးကျော်သိန်းဌွေး ၉/ညဥန(နိုင်)၁၂၉၈၁၅ မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ခုနှစ် ဇန်နဝါရီ ၂၃ရက်မတိုင်မီ ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူ မရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန(ညောင်ဦးမြို့)**

## အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မော်မော်ခင် ၁၂/ရကန(နိုင်)၀၆၉၅၇၃သည် ဦးဇော်ဝင်း ၁၂/လမန(နိုင်)၀၃၆၂၂ ထံမှ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စံပါယ်(၂)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(ရလပ-၂၃) မြေကွက်အမှတ်(၁၁၈၂)၊ (အလျား၄၀ပေx အနံ၆၀ပေ) ရှိ (၆၀)ဂရန်မြေ အမျိုးအစား မြေကွက်နှင့် ထိုမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ခိုင်လုံသော ပိုင်ဆိုင်မှု စာမှတ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီရိပြည့်စုံ**
**အထက်တန်းရှေ့နေ (စဉ် - ၅၀၂၇၃)**
**တိုက်(၁၂၇)၊ အခန်း(၆)၊ ရန်နိုင်လမ်းသွယ်(၅)၊ ( ၄ )ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ တာမွေလေးရပ်ကွက်၊ မင်းရဲကျော်စွာအိမ်ရာ၊ တိုက်အမှတ် (SC)၊ အခန်းအမှတ် (၀၀၁)ကို အမည်ပေါက် ဦးစံရင် ၁၂/တမန(နိုင်) ၀၂၉၂၅၇ထံမှ အဆက်အစပ်စာချုပ်ဖြင့် ဦးသိန်းကျော် ၁၂/ဥကတ(နိုင်) ၀၁၅၃၁၃က ဝယ်ယူထားပြီးဖြစ်ပါ၍ ၎င်းအမည်ဖြင့် Owner Book ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4P/9314 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2I/6515 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5F/2388 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ အကွက်အမှတ်(၃၂/လုံလေ့ရပ်) ဦးပိုင်(၁၁၈/က)၊ ဧရိယာ ၀ ဒသမ ၄၆၉ ဧကရှိ အမှုတွဲအမှတ် ၁၂၅၆-၅/၂၀၀၂-၂၀၀၃(အေ)အရ ဦးဇင်ဟန်ဂန် အမည်ပေါက်သည့် မြေကွက်၏ မြောက်ဘက်ခြမ်း၊ ဧရိယာ ၀ ဒသမ ၁၅၈ ဧကအား ဦးဇင်ဟန်ဂန်ထံမှ ၂၂-၃-၂၀၁၂ရက်တွင် ရောင်းဝယ်စာချုပ်အမှတ် (၁၃၉၊/၂၀၁၂)ဖြင့် ဒေါ်မြင့်မြင့်လေး ၁၃/လရန(နိုင်) ၁၀၄၅၁၄၊ ဦးကျော်အေး ၁၃/တယန(နိုင်)၀၁၈၆၉၆၊ ဒေါ်အားချူ ၁၃/လရန(နိုင်)၁၁၉၇၃၅တို့က ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်၍ မြေငှားဂရန် ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက (၁၅)ရက်အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ အထောက်အထား ခိုင်လုံစွာဖြင့်လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

**မီးသတိပြု**

## ဒေါ်သောင်းသောင်း

### အထက(၁)ဗဟန်း

### အသက်(၉၉)နှစ်

ရွှေဘိုမြို့နေ (ဦးဝင့်-ဒေါ်လှ)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးကျော်-ဒေါ်မြမြသန်း)၊(ဦးစိန်မောင်ဝင့်)-ဒေါ်ခင်ခင်လှတို့၏ အစ်မ၊ ဒေါက်တာခိုင်ခိုင်ဝင့်-ဒေါက်တာလင်းအောင်၊ဦးထင်အောင်ဝင့်-ဒေါ်အေးငြိမ်းလတ်၊ ဒေါက်တာနွယ်နွယ်ဝင့်- ဦးဇော်ဇော်ဝင်း၊ ဦးသိန်းနိုင်ဝင့်- Mrs. Tumoko တို့၏ ချစ်လှစွာသောအရီး၊ ရန်ကုန်မြို့၊ ဆရာစံလမ်းသွယ်၊အမှတ်၈၀(အေ)နေ (ဦးထွန်းအောင်)၏ ချစ်လှစွာသောဇနီး ဒေါ်သောင်းသောင်းသည် ၂၄-၁၂-၂၀၂၂ရက်(စနေနေ့)ညနေ ၄:၄၈နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၂၂ရက်(တနင်္လာနေ့)နံနက် ၉:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၂-၂၀၂၂ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၉နာရီအထိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်းသွယ်၊ အိမ်အမှတ်၈၀(အေ)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးကံညွန့်

## အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်တော်ကလေး၊ ၉၁လမ်း၊ အမှတ် (၅B/၁၂၃)နေ (ဦးဟုန်ကြည်-ဒေါ်လွန်းလွန်း)တို့၏သား၊ ဒေါ်သီတာစံ၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးသူအောင်၊ ဦးထက်သူအောင်-ဒေါ်စုစုလှိုင်မြင့်တို့၏ ဖခင်ဦးကံညွန့် အသက်(၇၁)နှစ်သည်၂၄-၁၂-၂၀၂၂ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၂၂ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

### ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃/ရန်ပြေရပ်ကွက်၊ ရန်ပြေ(၁၄)လမ်းအရှေ့၊ အမှတ်(၆၀)ဟုခေါ်တွင်သော မြေပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ်ကန်ထရိုက်တိုက်၏ မြေညီထပ်(ခြေရင်းခန်း)တိုက်ခန်းနှင့်ပတ်သက်ပြီး အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့နေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းဝင်းမော် ၁၂/ကတန(နိုင်) ၀၇၄၀၁၀၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်သည်မှာ-

အထက်ဖော်ပြပါတိုက်ခန်းအာ (၆-၁-၂၀၁၅)ရက်စွဲပါ မြေရှင်နှင့်ကန်ထရိုက်တာသဘောတူစာချုပ်အရ အကျိုးခံစားခွင့်ရရှိလာသည့် ကန်ထရိုက်တာ ဦးချစ်ကိုကို ၁၂/တတန (နိုင်) ၁၃၄၉၁၇ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ငွေအပြေအကြေပေးချေကာ တိုက်ခန်းနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့်တကွ တိုက်ခန်းအား ဝယ်ယူလက်ရောက်ရရှိခဲ့ပြီး ဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်တို့၏မိတ်ဆွေ ဝယ်ယူလက်ရောက်ရရှိထားသည့် အဆိုပါတိုက်ခန်းအား ကျွန်ုပ်တို့၏ မိတ်ဆွေခွင့်ပြုချက်မရှိဘဲ ကျူးကျော်သော့ခက်ခြင်းများပြု လုပ်ထားသည်ကို တွေ့ရှိရသဖြင့် ထိုသို့ကျူးကျော် ပြုလုပ်ထားသူများအနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မိမိတို့ကျူးကျော်ကာခတ်ထားသည့်သော့များအား ပြန်လည်ဖြုတ်သိမ်းရန်နှင့်အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူများရှိပါက မည်သူမဆိုပိုင်ဆိုင်မှု အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ(သို့မဟုတ်) ကျွန်ုပ်တို့၏မိတ်ဆွေထံ လာရောက်ဆက်သွယ်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်တို့၏မိတ်ဆွေမှ ဝယ်ယူလက်ရောက်ရရှိထားသည့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်ပြီး မိမိလိုအပ်သလိုစီမံခန့်ခွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

U Zaw Myint (Law Firm)

ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့်(LL.B)(စဉ်-၁၂၉၈၆/၂၀၁၇)၊ တရားလွှတ်တော်ရှေ့နေ

ဦးရဲမြင့်အောင်(LL.B)(စဉ်-၄၁၇၀၃/၂၀၁၃) ဒေါ်တင်ဇာမျိုး(LL.B)(စဉ်-၄၅၂၆၅/၂၀၁၄)

အထက်တန်းရှေ့နေများ

အခန်း(၃)၊ သုမနလမ်းနှင့်မြင်တော်သာလမ်းထောင့်၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖုန်း-၀၉-၄၂၀၀၈၀၅၁၂၊ ၀၉-၇၃၁၆၇၈၁၅

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ အမှတ်(၂)နယ်မြေ၊ ယွန်းတန်းရပ်နေ ဦးလတ်-ဒေါ်ကြည်ငွေး(ခ)ဒေါ်ခင်စန်းရီတို့၏ သားဖြစ်သူ မောင်ရဲလင်းထိုက် ၉/ညဥန(နိုင်)၁၁၃၁၂၉ သည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုမူဆောင်ရွက်နေပါသဖြင့် ယနေ့မှစ၍ အမွေစား အမွေခံသားအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလတ်-ဒေါ်ကြည်ငွေး(ခ)**

**ဒေါ်ခင်စန်းရီ**

### ပြင်ဆင်ဖတ်ရှုပေးပါရန်အသိပေးကြေညာခြင်း

(၃၀-၄-၂၀၂၂)ရက်နှင့် (၁၀-၅-၂၀၂၂)ရက် မြန်မာ့အလင်းသတင်းစာတွင် THANDAR TUN COMPANY LIMITED ၏ဒါရိုက်တာပြောင်းလဲခြင်းနှင့် အစုရှယ်ယာရှင်လွှဲပြောင်းခြင်းအတွက် အများသိစေရန်ကြော်ငြာ၌ အစုရှယ်ယာရှင်တစ်ဦးဖြစ်သူ မချိန်ကွေဖန်း (မှတ်ပုံတင်အမှတ်၁၂/လကန(နိုင်)၀၁၁၇၄၆) ဖော်ပြထားရာ မချိန်ကွေဖန်း၏ မှတ်ပုံတင်နံပါတ်အား (၁၃/လကန(နိုင်)၀၁၁၇၄၆)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ရွှေရည်သွေး(LL.B,DBL)**

**အထက်တန်းရှေ့နေ(စဉ်-၄၂၈၇၅)**

**(ဖုန်း-၀၉-၇၉၅၅၂၁၈၃၉)**

### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးမြို့၊ ဟံသာဝတီရပ်ကွက်၊ ဟံသာဝတီ(၁)လမ်း၊ အမှတ်(၆)နေ (ဘ)(ဦးချစ်)၊ (အမိ)ဒေါ်လှရီတို့၏သား မောင်ဝင်းလွင်ထူး ၇/ပခန(နိုင်)၁၇၅၈၂၃ သည် မိဘများအား စိတ်ဆင်းရဲအောင်၊ အရှက်ရအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး ဆိုဆုံးမမှုများကို မနာခံပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အပြီးတိုင် စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို (လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းနိုင်ပါသည်။)**

**(ဘ)(ဦးချစ်)၊ (အမိ)ဒေါ်လှရီ**

## ဒေါ်လောကျိုင်(ခ)CHAUNG MIN CHIN

## အသက်(၉၇)နှစ်

(ဦးလောရှယ်)၏ဇနီး၊ ဒေါ်ခင်ခင်ရီ- (ဦးအောင်ကျော်)၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျိုက်တော်ရပ်ကွက်၊ ကျိုက်တော်လမ်း၊ အမှတ် (၄၉-ဘီ၊ ၅၀)နေ ဦးတင်မောင်(မိုးကောင်း) (Managing Director, XIE Family Company Limited)-ဒေါ်စီစီမိုး၊ (ဦးမြင့်အောင်)-ဒေါ်ရူပါ၊ ဦးဝင်းအောင်-ဒေါ်ဆွေဆွေ၊ ဦးသန်းညွန့်-ဒေါ်တင်တင်အုန်း၊ ဦးသန်းဝင်းထွန်း-ဒေါ်လှမြင့်၊ ဒေါ်ဝင်းဝင်း-ဦးမိုးလွင်၊ (ဦးတင်လှိုင်)-ဒေါ်မြင့်မြင့်၊ ဒေါ်တင်တင်၊ ဒေါ်ကြူကြူထွန်း-(ဦးအောင်ရှိန်)၊ (ဒေါ်မိုးမိုးထွန်း)-ဦးစိုးမင်း၊ ဦးကျော်ကျော်ထွန်း-ဒေါ်ယဉ်ယဉ်လှ၊ ဒေါ်ဥမ္မာထွန်း-ဦးကျော်မင်းစိုးတို့၏ မိခင်၊ မြေး(၄၀)ယောက်တို့၏အဘွား ဒေါ်လောကျိုင်သည် ၂၀-၁၂-၂၀၂၂ ရက်ည ၈း၁၄ နာရီတွင် United State of America ,Antioch နေအိမ်၌ (၉၆) ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား ဒါယိကာမကြီး

## ဒေါ်တင်ရီ

### အသက်(၈၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ အုတ်ဖိုကျေးရွာနေ (ဦးသာဆိုင်-ဒေါ်ကလေးမ၊ ဒေါ်မြကျင်)၊ (ဦးမြမောင်-ဦးသာကူး-ဒေါ်တုတ်)တို့၏သမီးချွေးမ၊ (ဦးအုန်းသောင်-ဒေါ်တင်စိန်)၊ ဦးဟန်တင်-(ဒေါ်စန်းရီ)တို့၏ညီမ၊ ဦးစိုးထွန်း-ဒေါ်ခင်ဥ၊ ဦးကျော်ဝင်း-ဒေါ်တင်ရွှေ၊ (ဦးမြင့်သိန်း)-ဒေါ်ခင်သန်းစိန်၊ ဦးကြည်သောင်း-ဒေါ်ကြည်လှိုင်၊ ဦးခင်အေး-(ဒေါ်အေးရီ)၊ ဦးကြည်အေး-ဒေါ်သန်းသန်းဝင်း တို့၏အစ်မ၊ ဦးမြင့်စံ-ဒေါ်စန်း၊(ဦးဇော်ဝင်း)-ဒေါ်ငွေးငွေးဝင်း၊ ဦးမျိုးညွန့်-ဒေါ်ငြိမ်းငြိမ်းဆင့်၊ ဦးသောင်းအေး-ဒေါ်ခင်မာဆွေ၊ ဦးကျော်လွင်-ဒေါ်ခင်ထွေးမော်၊ (ဦးဆန်းညွန့်)-ဒေါ်သီသီမိုး၊ ဦးဇော်မင်းညွန့်-ဒေါ်တင်တင်မော်၊ ဦးညီညီလွင်-ဒေါ်ခင်မျိုးဆန်းတို့၏ မွေးသမိခင် ကျေးဇူးရှင်၊ (ဦးလှမြင့်)၏ဇနီး၊မြေး၂၀ယောက်၊မြစ် ခြောက်ယောက်တို့၏အဘွား ဒေါ်တင်ရီ အသက် (၈၄)နှစ်သည် ၂၄-၁၂-၂၀၂၂ ရက် (စနေနေ့) နံနက် ၉:၄၀ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၂၆-၁၂-၂၀၂၂ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၁၂-၂၀၂၂ရက် (သောကြာနေ့) နံနက် ၆နာရီမှ မွန်းတည့် ၁၂ နာရီအထိ အထက်ပါ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် (၃)ရပ်ကွက်၊ အောက်ပုဇွန်တောင်လမ်း၊ သီတာဆိပ်၊ အမှတ် (၃၇၄/၆)၊ မြေညီထပ်ဟုခေါ်သော မျက်နှာစာ (၁၁) ပေ၊ အရှေ့အနောက် ပေ(၄၀)၊ အမြင့် (၉)ပေရှိသော တိုက်ခန်းကို ဦးခင်ဦး ၁၂/ဗတထ(နိုင်)၀၂၇၅၂၀ က လက်ရှိပိုင်ဆိုင်ပါသည်။ ၎င်းထံမှကျွန်ုပ်တို့၏မိတ်ဆွေက တရားဝင်အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော အထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ယခုကြေညာချက်ပါပြီးသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝေလင်း B.Sc, H.G.P ဒေါ်နှင်းဇင်လင်း LL.B

အထက်တန်းရှေ့နေ (စဉ်-၂၂၄၇၃) အထက်တန်းရှေ့နေ (စဉ်-၂၈၂၉၆)

အမှတ်-၂၇ (H-2)၊ ပထမထပ်၊ ၅၅-လမ်း၊ (၂) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊

ရန်ကုန်မြို့၊ ဖုန်း - ၀၁-၂၉၁၉၅၉၊ ၀၉-၄၂၀၂၃၃၂၉

### အမှားပြင်ဆင်ခြင်း

၂၄-၁၂-၂၀၂၂ရက် မြန်မာ့အလင်းတင်းစာ၏ စာမျက်နှာ-၂၆တွင် ပါရှိသည့် တရားလွှတ်တော်ရှေ့နေ ဒေါ်ခင်သူဇာလင်း၏ အများသိစေရန်ကြေညာခြင်း ကြော်ငြာစာတွင် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၈၅၆)ဟု မှားယွင်းစွာ ကြော်ငြာမိပါသဖြင့် အဆိုပါနေရာတွင် ဒေါ်ခင်သူဇာလင်း (LL.B,LL.M)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၈၉) (၂၄-၁၀-၂၀၁၇)ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**ဒေါ်ခင်သူဇာလင်း(LL.B,LL.M)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၅၈၉/၂၄-၁၀-၂၀၁၇)**

**အမှတ်(၅၂)၊ (၂)လမ်း၊ နောက်လယ်ရပ်၊ မြိတ်မြို့**

### ဖခင်အမည်မှန်

ပန်းတနော်မြို့နယ်၊ အမက ညောင်ပင်သာ (ဘဝိုင်း) Grade-5မှ မဇင်ဇင်သင်း၏ ဖခင်အမည်မှန်မှာ ဦးငွေး ၁၄/ပတန(နိုင်) ၁၃၆၆၀၅ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

အင်းတကော် စံပြကျေးရွာနေ မမိုမိုနေဝင်းကို ၁၂/မရက(နိုင်) ၁၄၄၇၁၇၏ ဖခင်အမည်မှန်မှာ ဦးနေဝင်း ဖြစ်ပါကြောင်း။

**ဦးနေဝင်း**

### ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ အလက(၁) Grade-9 (စနစ်ဟောင်း)မှ မောင်ဘုန်းပြည့်အာကာ၊ Grade-7(A) မှ မောင်ဘုန်းပြည့်လမင်းနှင့် Grade-1(A) မှ မဝင့်သီရိဇော်တို့၏ ဖခင်အမည်မှန်မှာ ဦးဇော်ဖုန်းဦး ၁၂/သကတ(နိုင်)၀၇၅၈၈၃ ဖြစ်ပါကြောင်း။

**ဦးဇော်ဖုန်းဦး**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်၊ တိုးချဲ့(၄)ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ်(၄/၇၄)ဟုခေါ်တွင်သော အလျား(၅၀)ပေ x အနံ (၂၅)ပေ အကျယ်ရှိ မြေနှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရှုပ်အရှင်းကင်းကြောင်းဝန်ခံပြီး လွှဲပြောင်းရောင်းချလိုကြောင်း ဒေါ်ရင်မြိုင် ၁၂/မဂဒ(နိုင်) ၀၈၁၈၈၂ မှ ပြောဆိုကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေဦးမင်းလွင် ၁၂/မဂဒ(နိုင်) ၀၁၅၃၅၃မှ အပြီးအပိုင်ဝယ်ယူလိုသည့်အတွက် ရောင်းဖိုးငွေ၏ တစ်ဝက်ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်မည့်သူကိုယ်တိုင် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည် ။အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိများသိစေရန် ကြေညာအပ်ပါသည်။

ဦးမင်းလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှသက်ထွေး(LL.B)

တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၀၅၀/၂၈-၇-၂၀၁၆)

ရုံး-ရှေ့နေများနားနေခန်း၊ မင်္ဂလာဒုံမြို့နယ်၊ တရားရုံးဝန်းအတွင်း၊

မင်္ဂလာဒုံမြို့နယ်၊ ဖုန်း-၀၉-၇၉၀၉၂၀၀၄၇

### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/၄၆၆)၊ အောင်ဇေယျလမ်း၊ မြေကွက်အမှတ်(၄၆၆)၊ အလျားxအနံ ပေ(၄၀x၆၀)ရှိ ဒေါ်ခင်သိန်း ၁၂/သခန(နိုင်)၀၅၀၈၇၇ အမည်ပေါက် ပါမစ်မြေကွက်မှ တရားဝင်ခွဲစိတ်ခြင်းမပြုရသေးသော မြေကွက်အား မျက်နှာမူပါက လက်ယာဘက်ခြမ်းရှိ ပေ(၂၀x၆၀)မြေကွက်အား ဦးဝင်းနိုင် ၁၄/မမန(နိုင်)၀၀၀၅၁၁ မှ ဆက်စပ်စာချုပ်စာတမ်းများဖြင့် တရားဝင်လက်ရောက် နေထိုင်ပိုင်ဆိုင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် မြေကွက်အားရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း တိကျခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဘိုဘိုအောင် ဒေါ်ညိုလှဲ့ဝင်း

တရားလွှတ်တော်ရှေ့နေ တရားလွှတ်တော်ရှေ့နေ

(စဉ်-၁၇၈၅၃) (စဉ်-၁၇၅၅၅)

အမှတ်-(၆၈/၁၈)၊ (၁၆)လမ်း၊ နဝဒေးဥယျာဉ်အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊

ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၉၄၇၇၆၇၅

ရုံးဖုန်း-၀၉-၄၃၀၇၃၄၄၆၊ ၀၉-၂၅၅၅၅၃၉၅၃၊ ၀၉-၂၅၅၅၅၆၅၉၁

### အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ မေခဝီလမ်းမကြီး၊ အမှတ်(၃၂၃၊ ခ)နေ ဦးမြင့်ငွေးမောင်(ဘ)ဦးအေးမောင် ၁၂/ဥကမ(နိုင်) ၁၁၄၀၁၁ မှ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ ဝဇီရာ(၁)လမ်း၊ အမှတ်(၂၆၂)နေ ဒေါ်ခင်မိုးဆွေ(ဘ)ဦးရှိန် ၁၂/ဥကမ(နိုင်) ၀၆၈၉၆၆အား ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၂၁-၁၂-၂၀၁၈)ရက်တွင် လွှဲအပ်ပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၁၃၈၆၂/၂၀၁၈)ကိုပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ငွေးမောင် ၁၂/ဥကမ(နိုင်) ၁၁၄၀၁၁(ဖုန်း-၀၉-၂၅၄၃၁၁၁၃၄)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

❖ **ရှေ့လုပ်ငန်းစဉ် (၅) ရပ်မှ အမှတ်စဉ်(၄)မှာလည်း တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များ အတိုင်း အလေးအနက်ထား လုပ်ဆောင်သွားမည်ဆိုတဲ့အချက်ကို အတိအလင်း ထည့်သွင်းထားပါတယ်။ နိုင်ငံရေးဦးတည်ချက်မှာလည်း ထည့်သွင်းထားပါတယ်။ ဒီလုပ်ဆောင်ချက်တွေကတစ်ဆင့် အမျိုးသားရေးလုပ်ငန်းစဉ်တွေ၊ နိုင်ငံရေးလုပ်ငန်းစဉ်တွေကို ပုံဖော်နိုင်မှာဖြစ်ပါတယ်။ ဒီလို ပုံဖော်နိုင်ဖို့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ရှိကိုရှိရမှာဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၇)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့် မိန့်ခွန်းမှကောက်နုတ်ချက်)

**ယနေ့ သတင်းအညွှန်း**

**မလေးရှားနိုင်ငံ၌ မြေပြိုမှုကြောင့် သေဆုံးသူ စုစုပေါင်း ၃၁ ဦးရှိ**
နိုင်ငံတကာသတင်း စာ ၁၂

**ပူတာအိုဒေသထွက် ဂရိတ်ဖရုသီးကို တန်ဖိုးမြှင့်ထုတ်ကုန် အမယ်များ ထုတ်လုပ်ပါက ဈေးကွက်အလားအလာကောင်းနိုင်**
စိုက်၊ မွေး၊ စီးပွား စာ ၁၇

**တိုင်းရင်းငါးဖိန်းငါးမျိုးစိတ် မျိုးသုဉ်းမပျောက်ကွယ်ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေး**
ဆောင်းပါး စာ ၁၈

## မြန်မာအသင်းယှဉ်ပြိုင်မည့် အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့်အုပ်စုပွဲစဉ်ထွက်ပေါ်

ရန်ကုန် ဒီဇင်ဘာ ၂၅

မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၄ အာရှဖလား ယူ-၂၀ အမျိုးသမီးခြေစစ်ပွဲ ပထမအဆင့် အုပ်စုပွဲစဉ်များ ထွက်ပေါ်လာပြီဖြစ်သည်။ ခြေစစ်ပွဲကို အဆင့်နှစ်ဆင့်ခွဲ၍ ကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲများကို ၂၀၂၃ ခုနှစ်အတွင်း အပြီးကျင်းပမည်ဖြစ်သည်။

*စာမျက်နှာ ၉ ကော်လံ ၂* ●

## ရန်ကုန်မြို့ရှိ ခရစ်ယာန်ဘုရားကျောင်းများ၌ ရောင်စုံလျှပ်စစ်မီးများ အလှဆင်ထွန်းညှိထား



ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့) ညတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ စိန့်မေရီ(ရန်ကုန်) ဘုရားကျောင်း၌ ရောင်စုံလျှပ်စစ်မီးများဖြင့် အလှဆင်ထားသည်ကို တွေ့ရစဉ်။

ရန်ကုန် ဒီဇင်ဘာ ၂၅

ယနေ့သည် ဒီဇင်ဘာ ၂၅ ရက် ခရစ္စမတ်နေ့ဖြစ်သည်အညီ တိုင်းရင်းသားပေါင်းစုံ ခရစ်ယာန်ဘာသာဝင်များ၏ ခရစ်တော်ဘုရားသခင် မွေးနေ့တော်မြတ်ဖြစ်သောကြောင့် အထိမ်းအမှတ်အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ခရစ်ယာန်ဘုရားကျောင်းများ၌ ဘုရားဝတ်ပြုဆုတောင်းခြင်းတို့ကို စိတ်အေးချမ်းသာယာစွာဖြင့် ဆောင်ရွက်ကြသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ○

## ချောင်းသာကမ်းခြေ၌ ခရစ္စမတ်ကာလ လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိ



ချောင်းသာ ဒီဇင်ဘာ ၂၅

ပုသိမ်ခရိုင် ချောင်းသာမြို့ရှိ ချောင်းသာကမ်းခြေ၌ ယနေ့ နံနက်ပိုင်းက အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေသူများ စည်ကားများပြားလျက်ရှိသည်။(ဝဲပုံ)

"ဒီနေ့က လာရောက်အပန်းဖြေတဲ့သူ တော်တော်များပါတယ်။ ခရီးသွားဧည့်သည်က နေ့စဉ်ပုံမှန်တော့ မရှိပါဘူး၊ များတဲ့အခါများ၊ နည်းတဲ့အခါလည်း နည်းတာပေ့ါ၊ နေ့ကြီး၊ ရက်ကြီးတွေမျိုး၊ ခုလို ခရစ္စမတ်ပွဲတော်ကာလမျိုးတွေဆိုရင် လာပြီးအပန်းဖြေလည်ပတ်သူ အလွန်များပါတယ်၊ ဒီလမှာဆိုရင် လဝက်လောက်ကတည်းက ဟိုတယ်၊ တည်းခိုခန်းတွေမှာ

*စာမျက်နှာ ၉ ကော်လံ ၁* ❑